# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့။ Monday, 29 November 2021 ၁၀၅၇၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

---

### မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် နိုဝင်ဘာ ၂၈**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**



ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)က ကြီးမှူးကျင်းပသည့် (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပစဉ်။

## ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)က ကြီးမှူးကျင်းပသည့် (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)က ကြီးမှူး ကျင်းပသည့် (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ ရာသက်ပန်နာယကကြီး၊ သတိုးသီရိ အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇ မဟာသရေစည်သူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှပေးပို့သော သဝဏ်လွှာအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဒေါက်တာအောင်မင်းကျော်သူက ဖတ်ကြားသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာမင်္ဂလဓမ္မ ဇောတိကဓဇ ဦးရဲထွန်းက အမျိုးသားအောင်ပွဲနေ့အကြောင်း ပြောကြားကာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်သည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဆက်လက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)၏ ၂၀၂၂-၂၀၂၄ အတွက် လုပ်ငန်းတာဝန်များ ဆက်လက်ဆောင်ရွက်မည့် အလုပ်အမှုဆောင် အမည်စာရင်းကြေညာခြင်းနှင့် ကျမ်းသစ္စာပြုခြင်းကို ဆောင်ရွက်ကာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)ဥက္ကဋ္ဌအသစ်အဖြစ် ပြန်လည်တင်မြှောက်ခြင်းခံရသော ဦးရဲထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် ဇာတိမာန်သီချင်းအား စုပေါင်းသီဆို၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဖတ်စရာ


**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့၏ (၂၆)ကြိမ်မြောက် သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့တံဆိပ် ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ** စာမျက်နှာ » ၃

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကွင်းဆင်းအဖွဲ့များ ရှမ်းပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက်** စာမျက်နှာ » ၄

**အတိတ်က ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးခင်းသောလမ်းအတိုင်း လျှောက်လှမ်းနေသည့် အကြမ်းဖက် PDF** ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၁ ခုနှစ် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ** စာမျက်နှာ » ၇

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၅၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၈၅ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၂၄




**အခန်းဆက်ဝတ္ထုရှည်** စာမျက်နှာ » ၂၅

ကြေးမုံ

# စွက်ဖက်မှုကိုလက်မခံ ပြင်းထန်စွာကန့်ကွက်

၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့က အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံအချို့က မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ကြေညာချက်ကို မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာကန့်ကွက်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာလ ၂၇ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုအပါအဝင် ဗြိတိန်၊ ဩစတြေးလျ၊ ကနေဒါ၊ နယူးဇီလန်၊ နော်ဝေနှင့် တောင်ကိုရီးယား ခုနစ်နိုင်ငံတို့၏ ပူးတွဲကြေညာချက်တွင် တပ်မတော်က ဆန့်ကျင်သူများကို အင်အားအလွန်အကျွံသုံးစွဲ ချေမှုန်းနေကြောင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်နေကြောင်း ဖော်ပြထားသည်။ ပူးတွဲကြေညာချက်ပါဖော်ပြချက်များသည် အခြေအမြစ်မရှိသည့်စွပ်စွဲချက်များနှင့် အစိုးရဆန့်ကျင်သူများ၊ အကြမ်းဖက်အဖွဲ့များထံမှရရှိသည့်အချက်များကို အခြေခံထားသောကြောင့် မှန်ကန်မှုမရှိပေ။ အကြမ်းဖက်သမားများလက်ချက်ကြောင့် တည်ငြိမ်အေးချမ်းမှု ထိခိုက်မှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မိမိတိုင်းပြည်အကျိုးကို အလေးထားပြီး လိုအပ်သည့် အရေးယူမှုများ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရွက်နေသည်ကိုတွေ့ရသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်မှုကို ပျက်ပြားအောင် ဦးတည်လုပ်ဆောင်နေသည့် အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH၊ NUG နှင့် PDF အဖွဲ့များနှင့် ၎င်းတို့ သွေးထိုးမြှောက်ပင့်ထောက်ပံ့ပေးနေသည့် ပြည်တွင်းမှ အကြမ်းဖက်အဖွဲ့အမျိုးမျိုးတို့၏ အကြမ်းဖက်အဖျက်လုပ်ရပ်များနှင့် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်နေသော အကြမ်းဖက်လုပ်ရပ်များကို ၎င်းနိုင်ငံတို့က လျစ်လျူရှုထားသည်။ ထို့အပြင် အဆိုပါကြေညာချက်သည် တရားမဝင်လက်နက်ကိုင်ပြီး အကြောင်းမဲ့သက်သက် အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်နေကြသူများကို ပြစ်တင်ရှုတ်ချခြင်း၊ တားဆီးခြင်း၊ ရပ်တန့်ပေးရန်ဖော်ပြခြင်း၊ တောင်းဆိုခြင်းများပါဝင်ခြင်းမရှိသည့် ဘက်လိုက်သော တစ်ဖက်သတ်ကြေညာချက်သာဖြစ်သည်။

အဆိုပါ အပေါင်းပါခုနစ်နိုင်ငံအနေဖြင့် ၎င်းတို့နိုင်ငံတွင် မည်သည့်အကြောင်းမျိုးဖြင့်ဖြစ်စေ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေမည့် အကြမ်းဖက်တိုက်ခိုက်မှုများရှိလာပါက ဤသို့ပင် ကြေညာချက်များထုတ်ပြန်မည်လား။ အကြမ်းဖက်သမားများကို မည်သို့လက်တုံ့ပြန်မည်ကို မေးခွန်းထုတ်စရာမလိုဘဲ အဖြေပေးနိုင်မည်ဖြစ်သည်။ ၎င်းတို့နိုင်ငံတွင် အကြမ်းဖက်လုပ်ငန်းများလုပ်ကိုင်ပါက သာလွန်သောအင်အားဖြင့် အပြင်းအထန်နှိမ်နင်းပြီး အချိန်မဆိုင်းဘဲ နိဂုံးချုပ်သွားမည်ဖြစ်သည်။ ဤသို့သောအခြေအနေမှန်ကို မျက်ကွယ်ပြု၍ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေး ပြောဆိုနေခြင်းမှာ မြန်မာနိုင်ငံအား အကြမ်းဖက်သမားလက်ချက်များဖြင့် ပျက်စီးစေလိုခြင်း သို့မဟုတ် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုခြင်းဖြစ်သည်မှာ ထင်ရှားပေါ်လွင်နေပါသည်။

မြန်မာနိုင်ငံအပေါ် ဖိအားအမျိုးမျိုးပေးလာခဲ့သည်မှာ အထူးအဆန်းမဟုတ်တော့ပေ။ ၎င်းနိုင်ငံများ၏ ထောက်ပံ့ထည့်ဝင်ငွေအများဆုံးဖြင့် ရပ်တည်နေသော ကုလသမဂ္ဂအဖွဲ့ကြီးသည်ပင် မြန်မာနိုင်ငံအပေါ် ဖိအားပေးခြင်းဖြင့် အချိန်ကုန်ဆုံးနေသည်။ ယခုအခါ အာဆီယံအဖွဲ့အတွင်း၌ပင် ဝင်ရောက်စွက်ဖက်ပြီး မြန်မာနိုင်ငံအား ဖိအားအမျိုးမျိုးပေးရန် ကြိုးစားလာခဲ့သည်။ မြန်မာနိုင်ငံ ပြိုလဲပျက်စီးရေးကို အဆိုပါနိုင်ငံများက ကမကထပြုလုပ်လာခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။ ၎င်းတို့အလိုကျ အစိုးရပြန်မရမချင်း နိုင်ငံတကာတွင် ဖိအားအမျိုးမျိုးပေးနိုင်အောင် လှည့်ပတ်ကြိုးပမ်းနေပြီး မည်သည့်အစိုးရတက်တက် မြန်မာနိုင်ငံကောင်းကျိုးအတွက် ထိထိရောက်ရောက်ဆောင်ရွက်ပေးခြင်းမရှိခဲ့ပေ။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်ဆိုင်သော လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ကောင်းမွေ၊ ဆိုးမွေများသည် မြန်မာနိုင်ငံနှင့် နိုင်ငံသားများ၏ အရေးကိစ္စများသာဖြစ်သည်။ မြန်မာနိုင်ငံ၏အရေးကို မြန်မာနိုင်ငံကသာဖြေရှင်းရမည်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံအား မည်သည့်နိုင်ငံကမျှ ဝင်ရောက်စွက်ဖက်ခွင့်မရှိပေ။ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုများသည် အောင်မြင်မှုမရှိဘဲ စွက်ဖက်ခံရသည့်နိုင်ငံ ပျက်စီးခြင်းသာဖြစ်စေနိုင်သည်ကို ကမ္ဘာ့သမိုင်းအဖြစ်အပျက်များတွင် မြင်တွေ့နိုင်ပါသည်။

သို့ဖြစ်ရာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့်ကိစ္စများ၊ မှန်ကန်မှုမရှိသော သတင်းအချက်အလက်များအပေါ် အခြေခံသည့် ဘက်လိုက်ပြီး နိုင်ငံရေးရည်ရွယ်ချက်ရှိရှိ မည်သည့်ဆောင်ရွက်မှုများကိုမဆို မြန်မာနိုင်ငံအနေဖြင့် လက်မခံ ပြင်းထန်စွာကန့်ကွက်ပါကြောင်း။ ။

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

International Day of Persons with Disabilities

“Leadership and participation of persons with disabilities toward an inclusive, accessible and sustainable post COVID-19 world”

“အားလုံးအကျုံးဝင် လက်လှမ်းမီပြီး ရေရှည်တည်တံ့သည့် ကိုဗစ်-၁၉ အလွန်ကမ္ဘာဖြစ်ပေါ်ရေး မသန်စွမ်းသူများ ဦးဆောင်ပါဝင်ကြိုးစားပေး”

နေပြည်တော် ၃.၁၂.၂၀၂၁

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

“အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့”

"Orange the world: End violence against women now!"

၂၅-၁၁-၂၀၂၁ နေပြည်တော်

# မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ကြန့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာသို့ မျက်နှာသုတ်ပဝါများနှင့် အဝတ်အထည်များလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၈

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်းတွင် ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးစင်တာသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းက မျက်နှာသုတ်ပဝါများနှင့် အဝတ်အထည်များ လှူဒါန်းသည့် အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပသည်။



အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ မြောက်ပိုင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးစင်တာမှ တာဝန်ရှိသူများ၊ တက်ရောက်ခဲ့ကြပြီး မြို့နယ် ကိုဗစ် - ၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးစင်တာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်ထွန်းက အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်က မျက်နှာသုတ်ပဝါ၊ အဝတ်အထည်ပစ္စည်းများလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အချိန်ပြည့်အမှုဆောင်ဒေါက်တာ ဦးတင်ညွန့်က မျက်နှာသုတ်ပဝါအထည် ၁၈၀၊ အဝတ်အထည်မျိုးစုံ ၅၀ နှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တီရှပ်အင်္ကျီအထည် ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးစင်တာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး

ကမ္ဘာပေါ်တွင် လူဦးရေ ခုနစ်ဘီလီယံခန့်ရှိသဖြင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်များ အမြဲလိုအပ်ချက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးနိုင်ငံများရှိပြီး နိုင်ငံတွင်းစားရေးအဆင်ပြေစေရန်နှင့် ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကမ္ဘာ့ဈေးကွက်မှ ပြည်ပဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးဧက နှစ်သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းတွင် တစ်ဧက တင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေသန်း ၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ဆန်များစွာ တင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ဧက စပါးအထွက်နှုန်း တင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့၏ (၂၆)ကြိမ်မြောက် သာသနတက္ကသီလ မဟာဓမ္မာစရိယ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့၏ (၂၆)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**၈၆ ပါး ကြွရောက်**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် တက္ကသိုလ်အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု သြဝါဒါစရိယအဖွဲ့ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့မှ သင်ကြား/စီမံ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ဘွဲ့ခံသံဃာတော် အပါး ၇၀၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)မှ ဘွဲ့ခံသံဃာတော် ၈၆ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ပရိသတ်အပေါင်းတို့က နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး သာရဏီယသြဝါဒကထာ နာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ (မိုင်းသောက်) ဆရာတော်ကြီးထံမှ သမ္မောဒနီယသြဝါဒကထာနာယူကြသည်။



ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဆရာတော် ဒေါက်တာဘဒ္ဒန္တကုမုဒက (၂၆)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်နှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဆရာတော်က သာသနတက္ကသီလဓမ္မပါရဂူ ဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်၏ ဘွဲ့တော်ကို ကြေညာ၍ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဘဒ္ဒန္တသုမင်္ဂလာဘိဝံသ ဆရာတော်ကြီးထံတွင် ဘွဲ့စာရင်းကို အတည်ပြုလက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်း ဆရာတော်က သာသနတက္ကသီလမဟာဓမ္မာစရိယ ဘွဲ့တံဆိပ်တော် ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလ ဓမ္မာစရိယ ဘွဲ့ခံယူမည့်ရဟန်းတော်တစ်ပါးချင်း၏ ဘွဲ့တော်ကိုကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံတွင် ဘွဲ့ခံယူပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဆရာတော်က သာသနတက္ကသီလ မဟာဓမ္မာစရိယ ဘွဲ့တံဆိပ်တော် ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ခံယူမည့် ရဟန်းတော် တစ်ပါးချင်း၏ ဘွဲ့တော်ကို ကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံတွင် အသီးသီး ဘွဲ့ခံယူကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီး၏ ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုကတိသစ္စာခံယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ပရိသတ်အပေါင်းတို့သည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ၊ နိုင်ငံတော်သံဃမဟာနယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂဓမ္မဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော ပင့်သံဃာတော် ၁၈ ပါး၊ ဘွဲ့ခံရဟန်းတော် ၁၃၈ ပါး စုစုပေါင်း ၁၅၆ ပါးတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့သည် နံနက် ၈ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အနုပညာဦးစီးဌာနသို့ရောက်ရှိပြီး အနုပညာအထက်တန်းကျောင်း ပန်းတျာ၊ ပန်းချီ ပန်းပုဌာနရှိ ကျောင်းသားများ၏ လက်တွေ့ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေး၍ ထုတ်လုပ်ဌာနစုရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ အနုပညာအထက်တန်းကျောင်း(မန္တလေး) မှ ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြတင်ဆက်မှုနှင့် ထုတ်လုပ်ဌာနစု(မန္တလေး)မှ အနုပညာရှင် ဝန်ထမ်းများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးက အနုပညာအထက်တန်းကျောင်း (မန္တလေး)မှ ကျောင်းသား ကျောင်းသူလေးများကို အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် အမျိုးသားဇာတ်ရုံ(မန္တလေး)၌ မန္တလေးမြို့ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အနုပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

**သတင်းစဉ်**

## ထီးချိုင့်မြို့နယ် စပ်စားကျေးရွာ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ပြန်လည်ထုတ်ချေး

**ထီးချိုင့် နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေ တိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်းများကို အကောင်အထည် ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

**ပြန်လည်ထုတ်ချေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စပ်စားကျေးရွာ မြစိမ်းရောင်စီမံကိန်း ပဥ္စမနှစ် စက်ဝန်းအတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပြန်လည်ထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၂၆ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာမြစိမ်းရောင်စီမံကိန်းမှာ ယခုအခါအရင်းအတိုးများ ပြန်လည်ပေးဆပ်ပြီးဖြစ်သဖြင့် ပဥ္စမနှစ်စက်ဝန်း စိုက်ပျိုးရေးလုပ်ကိုင်သူ ၉၇ ဦးအတွက် ငွေကျပ် ၃၃၃ သိန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၅၇ ဦးအတွက် ငွေကျပ်သိန်း ၁၆၀၊ အရောင်းအဝယ်လုပ်ကိုင်သူ လေးဦးအတွက် ငွေကျပ် ၁၃ သိန်း၊ သက်မွေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးအတွက် ငွေကျပ် နှစ်သိန်း စုစုပေါင်း ၁၅၉ ဦးအတွက် ငွေကျပ် ၅၀၈ သိန်းအား အတိုးနှုန်း ပြား ၅၀ တိုးဖြင့် ပြန်လည်ထုတ်ချေးပေးခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦးထံမှ သိရသည်။

**ဖြိုးစုနိုင်**

# ရောဝတီတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းကျောင်း ငါးကျောင်း ဖွင့်လှစ်ကာ အခြေခံပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားလေ့ကျင့်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၈**
နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရောဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ သင်တန်းကျောင်းများအား ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် ညနေပိုင်းတွင် ပုသိမ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး ရောဝတီတိုင်းဦးစီးဌာနမှူးက သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများနှင့် နည်းပြများအား တွေ့ဆုံအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသူများ၏ ချုပ်လုပ်ထားရှိသည့် လက်ရာများ၊ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စားရိပ်သာ၊ လျှပ်စစ်နှင့် ဂက်စ်မီးဖိုများဖြင့် ချက်ပြုတ်နိုင်မှု၊ သင်တန်းခန်းမများ၊ စာကြည့်တိုက်၊ ဝန်ထမ်းအိမ်ရာများနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လ ဘတ်ဂျက်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ လပွတ္တာမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု



သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများသို့ ရောက်ရှိပြီး မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းများ ဖွင့်လှစ်သင်ကြားမှုအခြေအနေနှင့် ရေ/မီး ရရှိမှုတို့ကိုလည်းကောင်း၊ အမျိုးသမီးအိမ်တွင်းမှု သင်တန်းသူများ၏ ချုပ်လုပ်ထားရှိသည့် လက်ရာများ၊ သင်တန်းခန်းမ၊ မော်တာ စက်ချုပ်သင်တန်းဆောင်၊ စားရိပ်သာ၊ သင်တန်းသူအိပ်ဆောင်များနှင့် ရေ/မီးရရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်မှုလက်မှုသင်တန်းကျောင်းမှ ကျောင်းအုပ်၊ နည်းပြများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားခဲ့ပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ဘိုကလေးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ကျောင်းအုပ်နှင့် နည်းပြများ၊ ကျောင်းသား ကျောင်းသူများကို အမှာစကားပြောကြားကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စာကြည့်တိုက်၊ စတိုဆောင်၊ စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှု**

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်း ကျောင်းအုပ်၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီးတွင် ရောဝတီတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘိုကလေးမြို့နှင့် မအူပင်မြို့တို့တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း တစ်ကျောင်းစီ၊ ပုသိမ်မြို့နှင့် လပွတ္တာမြို့တို့တွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း တစ်ကျောင်းစီနှင့် လပွတ္တာမြို့တွင် စက်မှုလက်မှု ပညာသင်တန်းကျောင်း တစ်ကျောင်း စုစုပေါင်း ငါးကျောင်းတည်ထောင်ဖွင့်လှစ်ကာ ဒေသခံလူငယ်လူရွယ် အမျိုးသမီးငယ်များကို အခြေခံပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားလေ့ကျင့်ပေးခဲ့ရာ ယခုအချိန်အထိ အခြေခံပညာကျောင်းသား ကျောင်းသူ ၄၆၆ ဦး၊ အသက်မွေးဝမ်းကျောင်းသင်တန်းသား သင်တန်းသူ ၂၂၉၂ ဦးတို့ကို သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကွင်းဆင်းအဖွဲ့များ ရှမ်းပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၈**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းတင် ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) သို့ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့် ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ လည်းကောင်း အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အသေးစိတ်ညှိနှိုင်း**

ဒုတိယဝန်ကြီးနှင့် ကွင်းဆင်းအဖွဲ့များသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဌာနများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်အသွင်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ၊ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် လူနာသစ်ရှာဖွေခြင်း လုပ်ငန်းများနှင့် ထပ်မံအရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများအား နိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် ဦးစားပေးဆောင်ရွက်မည့်အစီအစဉ်များကို အသေးစိတ်ညှိနှိုင်း၍ လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

**သွားရောက်**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ကလော၊ ဆီဆိုင်၊ ညောင်ရွှေ၊ တောင်ကြီး၊ နမ့်စန်၊ ပင်းတယ၊ ပင်လောင်း၊ ရပ်စောက်၊ လင်းခေး၊ လွိုင်လင်၊ ဟိုပုံးမြို့နှင့် ခိုလမ်မြို့နယ်ခွဲသို့ လည်းကောင်း၊ ကျန်ရှိသောအဖွဲ့များသည် သက်ဆိုင်ရာ နယ်မြေအသီးသီးရှိ ဗဟိုအဆင့်ဆေးရုံကြီးများ၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများသို့ လည်းကောင်း သွားရောက်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံကာ မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ပိုးတွေ့ရှိမှုအခြေအနေတို့ကို အသေးစိတ်သုံးသပ်၍ လူနာသစ်ရှာဖွေခြင်းနှင့် ဓာတ်ခွဲစစ်ဆေးမှု အားဖြည့်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ၊ လူနာနှင့် အနီးကပ်ထိတွေ့သူများအား ရှာဖွေခြင်း (Contact Tracing) လုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်များ ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်း ဦးတည်အုပ်စုများ



အလိုက် လွှမ်းခြုံမှုကောင်းမွန်စေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ကျန်းမာရေး အသိပညာပေးခြင်းဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်မှု အားကောင်းစေရေးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များကို လိုက်နာစေရေးတို့အတွက် အသေးစိတ်ဆွေးနွေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူအရေအတွက်၊ ရောဂါပိုးတွေ့ရှိမှုနှုန်းတို့မှာ ၂၀၂၁ ခုနှစ် အောက်တိုဘာ နောက်ဆုံးပတ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ် နိုဝင်ဘာလ တတိယပတ်နှင့် နောက်ဆုံးပတ်အတွင်း သိသိသာသာ ကျဆင်းသွားသဖြင့် ရှမ်းပြည်နယ်အတွင်းရှိမြို့နယ် ကိုးမြို့နယ်အား မိမိနေအိမ်တွင်သာ နေထိုင်ရေး (Stay at Home) မြို့နယ်များအဖြစ်မှ ပယ်ဖျက်နိုင်ခဲ့ခြင်းကြောင့် ရှမ်းပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေးနှင့် ကုန်စည်ကူးသန်းမှုများ အဆင်ပြေမှုရှိလာကြောင်းနှင့် ပြည်သူလူထုအနေဖြင့်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါစည်းကမ်းချက်များကို ဆက်လက်လိုက်နာဆောင်ရွက်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုအား ဆက်လက်ထိန်းချုပ်သွားနိုင်မည် ဖြစ်သည်။

**သတင်းစဉ်**

# ပင်းတယဒေသရှိ ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများ တည်ဆောက်နေ သဘာဝပတ်ဝန်းကျင်နှင့် ရှုခင်းရှုကွက်များရှိခြင်းတို့ကြောင့် ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်





**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယဒေသရှိ Forever Yay Wati ကုမ္ပဏီလီမိတက်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရုပ်မြင်သံကြားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ Forever Yay Wati ကုမ္ပဏီမှ Project Director ဦးသိန်းထွန်းအောင်က ပင်းတယဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အခြေခံသော ရုပ်မြင်သံကြား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများ တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုအခါ အနုပညာသမားများအနေဖြင့် ဘေးပယောဂအမျိုးမျိုးကြောင့် အနုပညာလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်နိုင်မှုမရှိကြောင်း၊ ထို့ကြောင့် အချို့သော အနုပညာရှင်များမှာ စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့နေကြရပြီး အနုပညာလုပ်ငန်းများ လွတ်လပ်စွာ ဖန်တီးရိုက်ကူးထုတ်လုပ်နိုင်ရန် စိတ်ဆန္ဒရှိနေကြပါကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနသည် စာပေ၊ ဂီတ၊ ရုပ်ရှင် အနုပညာကဏ္ဍနှင့်ပတ်သက်၍ တိုက်ရိုက်တာဝန်ရှိသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည့်အတွက် အနုပညာရှင်များနှင့် အနုပညာလောက၌ ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးလိုပါကြောင်း။

### ရည်မှန်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ စသည့်နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များကို ပညာရှင်များအဖြစ် အသိအမှတ်ပြုကာ ၎င်းတို့၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်ထားပါကြောင်း၊ ပင်းတယဒေသသည် ရေမြေရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေအရ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်ရန် အခြေအနေကောင်းများရှိနေပါကြောင်း၊ ယခုဆောင်ရွက်နေသည့် လုပ်ငန်းသည် သာမန်စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ဆောင်နေသည့်ပုံစံ မဟုတ်ဘဲ အနာဂတ်အနုပညာလောကအတွက် မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်မည့် အစီအစဉ်များလည်း ပါဝင်သည်ကို တွေ့မြင်ရသည့်အတွက် လွန်စွာကြည်နူးဝမ်းမြောက်မိပါကြောင်း၊ မိမိတို့၏ ရုပ်ရှင်အနုပညာရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျ ထုတ်လုပ်၍ နိုင်ငံတကာက ကြည့်ရှုအားပေးနိုင်သည်အထိ ရည်မှန်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပင်းတယဒေသသည် လေထုညစ်ညမ်းမှု ကင်းရှင်း၍ ရာသီဥတု မျှတခြင်း၊ နယ်မြေအေးချမ်းသာယာခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ စိုက်ပျိုးရေးကို အခြေခံသော သဘာဝပတ်ဝန်းကျင်နှင့် ရှုခင်းရှုကွက်များရှိခြင်းတို့ကြောင့် ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

### ကူညီဆောင်ရွက်ပေးမည်

သို့ရာတွင် မြေဆီလွှာတိုက်စား၍ မြေမျက်နှာပြင်ပျက်စီးမှု များပြားခြင်းကိုလည်း စနစ်တကျပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း၊ ယခုလုပ်ငန်းများ အောင်မြင်ပါက ပင်းတယဒေသ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ရုပ်ရှင်အနုပညာလုပ်ငန်းများလည်း ပိုမိုတိုးတက် အဆင်ပြေလာမည်ဖြစ်သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပင်းတယဒေသတွင် ဆောင်ရွက်နေသည့် ရုပ်မြင်သံကြားရိုက်ကူးထုတ်လုပ်မှုများအတွက် အခြေခံအဆောက်အအုံနှင့် စတူဒီယိုများ တည်ဆောက်အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် Forever Yay Wati ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စတူဒီယိုများ တည်ဆောက်နေမှု၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ပင်းတယဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော ရုပ်မြင်သံကြား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံနှင့် စတူဒီယိုများ တည်ဆောက်ခြင်းလုပ်ငန်းကို Forever Yay Wati ကုမ္ပဏီလီမိတက်က ၂၀၁၈ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မြေဧက ၈၀၀ ကျော်တွင် ရုပ်မြင်သံကြားနှင့် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရန် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် ရုံးခန်းသို့ ရောက်ရှိပြီး စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးနှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံသည့် လှုပ်ရှားမှုများကို ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲရေးဆိုင်ရာ ဆင့်ပွားသင်တန်း ပို့ချ



**ပုသိမ် နိုဝင်ဘာ ၂၈**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာ ခုနစ်ရွာမှ ကော်မတီဝင် ၁၄ ဦးအား ရန်ပုံငွေစီမံခန့်ခွဲရေးဆိုင်ရာ ဆင့်ပွားသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးတွင် သင်တန်းပို့ချပေးခဲ့သည်။

အဆိုပါ သင်တန်းတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းပုံစံ ၁၄ မျိုး၊ ကျေးရွာကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးနိုင်နှင့် ဝန်ထမ်းများက ရှင်းလင်းကာ ကိုဗစ်-၁၉ လမ်းညွှန်ချက် များနှင့်အညီ သင်တန်းပို့ချပေးခဲ့သည်။

ယခုကဲ့သို့ ကျေးရွာများတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာသူ ကျေးရွာသားများ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူနေမှုအဆင့်အတန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

၂၂၂

# ရမည်းသင်းမြို့၌ အောက်ဆီဂျင်စက်ရုံ စတင်ဖွင့်

**ရမည်းသင်း နိုဝင်ဘာ ၂၈**

ရမည်းသင်းမြို့ ဝါတိုးရပ်ကွက် (ကျီးနီကန်)အနီး အောက်ဆီဂျင်စက်ရုံ ဆောက်လုပ်ပြီးစီး၍ စတင်ထုတ်လုပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၆ နာရီခွဲတွင် ၎င်းစက်ရုံ၌ ပြုလုပ်သည်။

### လှူဒါန်း

အောက်ဆီဂျင် စက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မတည်ငွေ ကျပ်သိန်း ၅၀၀ ဖြင့် စတင်ပြီး မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များ၊ အလှူရှင်မိသားစုများ စုပေါင်း၍ ကျပ် သိန်းပေါင်း ၂၀၀၀ အကုန်ကျခံပြီး လုပ်ငန်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်ရွှေသိန်းတို့ ဦးဆောင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စက်ရုံမြေနေရာ ပေ(၅၀x၂၀၀)မြေကွက်ကို ပညာ့ဂုဏ်ရည်ကိုယ်ပိုင် အထက်တန်းကျောင်း ပိုင်ရှင် ဦးရန်နိုင်ဝင်း - ဒေါ်နန်းမေသဇင်မိသားစုတို့က လှူဒါန်းသည်။

ကိုဗစ်-၁၉ ရောဂါအတွက် အထောက်အကူဖြစ်ရန် အမှန်တကယ် လိုအပ်သောကြောင့် မြို့နယ်အတွင်း အောက်ဆီဂျင်စက်ရုံ အောင်မြင်စွာ စတင်ထုတ်လုပ်နေပြီဖြစ်သည်။ တစ်နာရီလျှင် လီတာ ၄၀ ဆံ့အိုးရှစ်လုံး ထုတ်လုပ်နိုင်ကြောင်း၊ အောက်ဆီဂျင် လိုအပ်လျက်ရှိသူများ လီတာ ၄၀ ဆံ့ အိုးတစ်လုံး ဝန်ဆောင်ခ ကျပ် ၅၀၀၀ ဖြင့် လှူဒါန်း၍ ရယူနိုင်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



# အတိတ်က ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးခင်းသောလမ်းအတိုင်း လျှောက်လှမ်းနေသည့် အကြမ်းဖက် PDF

တစ်နေ့က လူမှုကွန်ရက်စာမျက်နှာမှာ မြင်တွေ့လိုက်ရသည်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ကျေးရွာတစ်ရွာ၌ အမျိုးသမီးတစ်ဦးက လက်ကိုင်စပီကာနဲ့တော်လှန်ရေးနိုင်ငံရေးတရားတွေဟောလို့ လူငယ်နှစ်ဦးက "သွေးသစ္စာလည်းပြုခဲ့ပြီ"ဆိုသည့် စာတန်းပါအလံကိုဖြန့်လို့ ရှေ့ဆုံးမှာထိုင်နေကြသည့် ပရိသတ်အများစုကတော့ ကျေးရွာတွင်းက ကိုးနှစ်၊ ၁၀ နှစ် အသက်မပြည့်သေးသည့်ကလေးသူငယ်တွေ။

မြန်မာပြည်လွတ်လပ်ရေးရပြီးစကတည်းက အမုန်းတရားတွေ၊ အာဃာတတွေကို ဆင်ခြင်တုံတရားကင်းမဲ့သူ၊ မိုက်မဲသူများက မျိုးဆက်အလိုက် သယ်ဆောင်ဖြန့်ချိနေကြသည်မှာ မပြီးနိုင် မစီးနိုင်တော့၊ ဝမ်းနည်းဖို့ကောင်းလှသည်။

ငယ်စဉ်ကတည်းက အစွန်းရောက်စိတ်ဓာတ်များ၊ အမုန်းတရားများကို တစ်ဖက်သတ်ရိုက်သွင်းခံရသော ထိုကလေးငယ်များသည် အရွယ်ရောက်လာလျှင် မိမိပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းကို အကျိုးမပြုဘဲ နှောင့်ယှက်ဖျက်ဆီးသူ သူပုန်သူကန်များဖြစ်လာကြပါလိမ့်မည်။ ထိုကဲ့သို့ဖြစ်လာစေရန်လည်း စိတ်ခံစားချက်ကိုရှေ့တန်းတင်၍ ဆင်ခြင်တုံတရားကင်းမဲ့သူ ကျေးရွာလူကြီးသူမအချို့က သူပုန်လောင်းလေးများကို မွေးမြူနေခြင်းဖြစ်ပေသည်။

**ရက်ရက်စက်စက်သတ်ဖြတ်**

အတိတ်က ကွန်မြူနစ်ပါတီသည် အသက်အရွယ်မပြည့်သေးသည့် ကလေးသူငယ်လူငယ်များကို ကွန်မြူနစ်ဝါဒသဘောတရားများရိုက်သွင်း၍ တပ်နီလူငယ်များအဖြစ် ဖွဲ့စည်းကာ အပြစ်မဲ့ပြည်သူများ၊ ပါတီတွင်း သဘောထားကွဲလွဲသူများကို ရက်ရက်စက်စက် သတ်ဖြတ်ခိုင်းစေခဲ့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းသည် တပ်နီလူငယ်များအား "ရဲသုံးရဲစိတ်ဓာတ်"နှင့် "မကြောက်တရားငါးပါး"ကို တော်လှန်စစ်၌စိုက်ထူရမည့် အခြေခံစိတ်ဓာတ်များနှင့် သဘောတရားများအဖြစ် စဉ်ဆက်မပြတ် ဟောပြောပို့ချခဲ့လေသည်။

သခင်သန်းထွန်း၏ ရဲသုံးရဲစိတ်ဓာတ်ကို စိုက်ထူပြီး သမိုင်းဝင်အောင်ပွဲတွေနဲ့ကြိုဆိုကြစို့ မိန့်ခွန်းတွင် "ပစ္စည်းမဲ့တော်လှန်ရေးပါတီရဲ့ ခေါင်းဆောင်မှုနဲ့အမိန့်ကို အကြွင်းမဲ့ နာခံဖို့ဆိုတာတွေဟာ သေရဲရမယ်၊ တိုက်ရဲရမယ်၊ အနိုင်ယူရဲရမယ်ဆိုတဲ့ ရဲသုံးရဲစိတ်ဓာတ် ဖြစ်တယ်။ နောက်ပြီးတော့ မကြောက်တရားငါးပါးကိုလည်း အခိုင်အမာစိုက်ထူထားကြဖို့လိုတယ်" စသည်ဖြင့် သွေးထိုးပြောကြားခဲ့သည်။

ထို့အပြင် သခင်သန်းထွန်းနှင့် ဗိုကင်းပြန်တို့သည် တပ်နီလူငယ်များ၊ ပါတီဝင်ထုနှင့် တော်လှန်ရေးတပ်သားတို့ကို အလေးထားစည်းရုံးသည့်အနေဖြင့် "ဘဝဟစ်တိုင်" လှုပ်ရှားမှုများကို ဖော်ဆောင်ကြပြန်သည်။ ဟစ်တိုင်တက်ပြောကြားသူများက မဟုတ်တမ်းတရမ်းများကို ဇာတ်လမ်းဆင်၍ သူ့ဘဝတွင် ဘယ်လိုအနိုင်ကျင့်ခံရသည်၊ အစော်ကားခံရသည်ဟု ပြောကြဆိုကြသည်။ အချို့ဆိုပါလျှင် ဖခင်အရင်းက သမီးအရင်းဖြစ်သူ သူ့ကို အဓမ္မ ပြုကျင့်ခဲ့ပါသည်ဟုပင် ငိုယို၍ပြောလေသည်။

ထိုအခါ တက်ရောက်နားထောင်သူ တပ်နီလူငယ်များနှင့် ပါတီဝင်များသည် စိတ်ခံစားချက်များပေါက်ကွဲထွက်လာကာ ဒေါနှင့်မာန်နှင့် အော်ကြဟစ်ကြ၊ ငိုကြယိုကြ၊ ဆဲကြဆိုကြရင်း လူတန်းစားတိုက်ပွဲအဖြစ် ဖော်ထုတ်ကြလေသည်။

"ငါတို့မှချနိုင်ရမည်"ဟုလည်း ခုန်ပေါက်ကြွေးကြော်ကြလေသည်။

ထို့အတူ သခင်သန်းထွန်းသည် အာဏာနိတည်ဆောက်ရေးလမ်းညွှန်ချက်အဖြစ် "ကျေးလက်လူတန်းစားတိုက်ပွဲဟာ စစ်နိုင်ရေး၊ အာဏာသိမ်းရေးအတွက်ဖြစ်တယ်။ စစ်နိုင်ရေး၊ အာဏာသိမ်းရေးလမ်းစဉ်အရဆိုရင် ပြည်သူ့စစ်တွေဖွဲ့စည်းရေး၊ ဖောက်ပြန်တဲ့အာဏာဖြိုချရေး၊ အာဏာနိထူထောင်ရေးဖြစ်တယ်"ဟူ၍ လည်းကောင်း၊ ပြည်ခရိုင်အာဏာနိတည်ဆောက်ရေး စီမံကိန်းရေးဆွဲသူ ဗိုလ်ထွန်းငြိမ်းက "အာဏာရဖို့အတွက် လူသတ်ရတာဟာ တရားတယ်၊ မှန်ကန်တယ်။ ဒါကို တွန့်ဆုတ်တွန့်ဆုတ်လုပ်လို့ မဖြစ်ဘူး။ လူသတ်ရဲသလား၊ မသတ်ရဲဘူးလားဆိုတာဟာ သူပုန်ထရဲသလား၊ မထရဲဘူးလား၊ တော်လှန်ရဲသလား၊ မတော်လှန်ရဲဘူးလားဆိုတာပဲ"ဟူ၍လည်းကောင်း အစည်းအဝေးတွင် ပြောကြားခဲ့သည်။

**ပေါင်းတည်စစ်ဒေသစီမံကိန်း**

ထို့နောက် ဗိုလ်ထွန်းငြိမ်း၏ ညွှန်ကြားချက်အရ ပြည်ခရိုင်ကော်မတီနှင့် ပေါင်းတည်မြို့နယ်တာဝန်ခံဖြစ်သောရဲဘော်တိုအေးသည်အာဏာနိတည်ဆောက်ရေးအတွက် "ပေါင်းတည်စစ်ဒေသစီမံကိန်း" တစ်ရပ်ကို ရေးဆွဲခဲ့လေသည်။

ကျေးလက်ဒေသ အာဏာနိတည်ဆောက်ရေးအတွက် စီးပွားရေးအရ၊ နိုင်ငံရေးအရ၊ လူမှုရေးအရ ဘက်သုံးဖက်မှ ဖျက်ဆီးပစ်ရေးနှင့်ပတ်သက်၍ "ပြည်သူ့စစ်တပ်ဖွဲ့များကို အခိုင်အမာဖွဲ့စည်းရမည်။ လူတန်းစားပါဝင်မှုကောင်းအောင် လုပ်ရမည်။ အတွေးအခေါ်ကောင်းအောင်လုပ်ခြင်း၊ လက်နက်တပ်ဆင်ခြင်း၊ စစ်ပညာသင်ကြားခြင်း၊ တိုက်ပွဲသွင်းခြင်း"များကို လမ်းညွှန်ဖော်ပြခဲ့၏။

ရန်သူအထောက်တော် သူလျှိုရှင်းလင်းရေးလုပ်ငန်းအဖြစ် "ရန်သူမှန်သမျှ တစ်ယောက်မှ မလွတ်စေနဲ့ဟူသည့် ဆောင်ပုဒ်အရ အလေးအနက်လုပ်ဆောင်ရမည်" ဟု ဆော်ဩထား၏။

ထို့အပြင် "ဤလုပ်ဆောင်မှုတွင် ရန်သူနှင့် နိုင်ငံရေးအရ ပူးပေါင်း၍ စီးပွားရေးအရ၊ လူမှုရေးအရပါ လူထုအပေါ် ဖိနှိပ်သွေးစုပ်မှုများပြုလုပ်နေသူများကို သွေးစာရင်း ချွေးစာရင်းရှင်းရန် လူထုလှုပ်ရှားမှုကြီးတစ်ရပ်အဖြစ် ဖော်ထုတ်လုပ်ဆောင်ရမည်"ဟုလည်း လမ်းညွှန်ခဲ့၏။

**မျက်မှောက်အစွန်းရောက် အကြမ်းဖက် PDF တို့သည်လည်း ၃-၅-၂၀၂၁ ရက်မှ ၁၁-၁၁-၂၀၂၁ ရက်အတွင်း မိုးမောက်၊ မိုးညှင်း၊ မင်းတပ်၊ ကနီ၊ ပုလဲ၊ မင်းကင်း၊ ကောလင်း၊ ကလေး၊ မုံရွာ၊ ဝမ်းတွင်း မြို့နယ်များအတွင်းရှိ ရဟန်းသံဃာတော် ၁၂ ပါးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ရဟန်းတော်လေးပါးကို ဒလန်ဟုစွပ်စွဲခဲ့ပြီး ကျန်ရဟန်းတော်ရှစ်ပါးကိုမူ အကြောင်းမဲ့သတ်ဖြတ်ခဲ့ခြင်းဖြစ်လေသည်။**

ဆက်လက်၍ အချို့သော အထောက်တော်ဟု မသင်္ကာသူအချို့ကို ပညာပေးခြင်း၊ ချုပ်ကိုင်ခြင်း၊ လူထုအတွင်းဖွင့်ချခြင်း၊ လူထုနည်းဖြင့် ချုပ်ကိုင်ခြင်းတို့ကို ပြုလုပ်ရမည်ဟု လည်းကောင်း။

**နှောင့်ယှက်ဖျက်ဆီး**

ရန်သူ၏စီးပွားရေး၊ လူမှုရေးအဖွဲ့အစည်းများ၏လုပ်ငန်းများကို ဖျက်သိမ်းရေးနှင့်ပတ်သက်၍ "လုပ်ငန်းနှင့်ပတ်သက်နေသော လူ၊ ပစ္စည်းစသည်တို့ကို တားဆီးခြင်း၊ ပိတ်ပင်ခြင်း၊ ပညာပေးခြင်း၊ သတိပေးခြင်း၊ အခိုင်အမာအနေအထားအရ အရေးယူခြင်းတို့ကို အဆင့်ဆင့်ခြေလှမ်းရှိရှိ လုပ်ဆောင်သွားရမည်။ လလသသများကို တိုးချဲ့ဖျက်သိမ်း၊ ရန်သူ့ပစ္စည်းများကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ လုယူဝေငှခြင်း၊ မီးရှို့ခြင်း၊ ရန်သူနှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်သွယ်မှုရှိသော စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများကို ဖျက်ဆီးခြင်း၊ ချုပ်ကိုင်ခြင်းတို့ကိုပြုလုပ်ရမည်ဟု လည်းကောင်း။

"သားဖွားဆရာမ၊ ဆေးပေးခန်း၊ စာကြည့်တိုက်စသည်များ ရန်သူ၏လုပ်ငန်းများဖြစ်သော ထွန်စက်စခန်းများ၊ လမ်းဖောက်၊ ရေတွင်းရေကန်တူးခြင်း၊ တာတမံလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၊

## ပြည်ထောင်စုသားတစ်ဦး

ရက်ကန်း၊ ရေနံ စသောလုပ်ငန်းပေါင်းစုံကိုဖျက်ဆီးရမည်" စသဖြင့် လည်းကောင်း ကျေးလက်အာဏာနိကို တည်ဆောက်ထားသော အာဏာနိဒေသအသီးသီး၌ ဆောင်ရွက်ရမည့် စီမံကိန်းများကို ရေးဆွဲထုတ်ပြန်ခဲ့၏။

ထို့နောက် သခင်သန်းထွန်း၏ အာဏာနိတည်ဆောက်ရေးညွှန်ကြားချက်နှင့်အညီ ဗမာပြည်ကွန်မြူနစ်ပါတီသည် ကျေးလက်ဒေသများတွင် အာဏာနိကိုအကျယ်အပြန့် အခိုင်အမာတည်ဆောက်ရင်း တစ်ဖက်ကလည်း လူထုကို အကြောက်တရားဖြင့် စိုးမိုးအုပ်ချုပ်နိုင်ရန် အပြစ်မဲ့ပြည်သူများနှင့် ရဟန်းသံဃာတော်များပါမကျန် အာဏာနိတည်ဆောက်ရေး၏ရန်သူများ၊ အစိုးရ၏ဒေါက်တိုင်များအဖြစ် စွပ်စွဲ၍ ရက်ရက်စက်စက် သုတ်သင်သတ်ဖြတ်ခဲ့ကြလေသည်။

နောက်ပိုင်းတွင် တပ်နီလူငယ်များကိုသွေးထိုးမြှောက်ပင့်အသုံးချ၍ ပါတီတွင်း ဖြုတ်ထုတ်သတ်မှုများကိုပါ လုပ်ဆောင်လာခဲ့ကြသည်။ ဇာတ်တူသားချင်း ပြန်စားခဲ့ကြသည်။

**သမိုင်းမလှဇာတ်သိမ်းခဲ့ရ**

ဤသို့ ဂိုဏ်းဂဏစိတ် အခြေခံသော ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲဖြင့် လက်နက်ကိုင်လမ်းစဉ်ကို ဖော်ဆောင်ရင်း လူသတ်ဝါဒကိုရှေ့တန်းတင်လာကြသည်နှင့် အမျှ ဗမာပြည်ကွန်မြူနစ်ပါတီသည် ပြည်သူလူထုနှင့် တစ်စတစ်စ ပိုမိုဝေးကွာလာခဲ့ရပြီး အဆုံးတစ်နေ့ဝယ် သမိုင်း၏တရားခံအဖြစ် သမိုင်းမလှဇာတ်သိမ်းခဲ့ရလေသည်။

သို့တစေ ဗမာပြည်ကွန်မြူနစ်ပါတီ၏ လူသတ်ဝါဒနှင့် တော်လှန်သောအတွေးအခေါ်များ၊ အပြုအမူလုပ်ရပ်များက အကင်းမသေကျန်ရှိနေဆဲ။ တိတိကျကျဆိုရပါလျှင် ၂၀၂၀ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီ NLD ၏ မဲမသမာမှုများနှင့်အတူ နိုင်ငံတော်၏အာဏာကိုအဓမ္မနည်းဖြင့်ရယူရန် ကြိုးစားခဲ့သည်မှအစပြု၍ တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင် တွေ့မြင်လာရပေသည်။

**အမုန်းတရားများရိုက်သွင်း**

အစွန်းရောက်အကြမ်းဖက်အဖွဲ့အစည်းများဖြစ်ကြသည့် CRPH နှင့် NUG တို့က မွေးထုတ်လိုက်သော PDF အကြမ်းဖက်အဖွဲ့အစည်းသည် ပါးစပ်က ဒီမိုကရေစီဟု ကြွေးကြော်ကာ ရှေးရှေးက ဗမာပြည်ကွန်မြူနစ်ပါတီ၏လမ်းစဉ်အတိုင်း မသိနားမလည်သူများကို အမုန်းတရားများရိုက်သွင်း၍ အာဏာနိတည်ဆောက်ရေးကို ဖော်ဆောင်လာကြသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ရဟန်းသံဃာတော်များကို "ဖောက်ပြန်တဲ့ ပဒေသရာဇာ မင်းသုဒ္ဓေါ ဓနရှင်၏ အဆက်အနွယ်များ"ဟု လူတန်းစားတိုက်ပွဲအမြင်ဖြင့် သင်္ကန်းတော်များကို ဆွဲချွတ်ကြသည်။ မကြားဝံ့မနာသာ တပ်နီအမျိုးသမီးများက သင်္ကန်းတော်များကို ထဘီများ၊ အောက်ခံများအဖြစ် ချုပ်ဝတ်ခဲ့ကြသည်။ အဆုံးမှာတော့ အာဏာနိတည်ဆောက်ရေး၏ရန်သူ ဖောက်ပြန်ရေးသမားများဟုပင် စွပ်စွဲ၍ ငဆော်ကြီး (ဝါးရင်းတုတ်)၊ ငခုတ်ကြီး (ဓားမ) တို့ဖြင့် ရိုက်နှက်ခုတ်ထစ်သတ်ဖြတ်ခဲ့ကြလေသည်။

မျက်မှောက်အစွန်းရောက် အကြမ်းဖက် PDF တို့သည်လည်း စာမျက်နှာ ၇ သို့ ❖

**အာရှဒေသ၏အရှည်ကြာဆုံး ကွန်မြူနစ်ပုန်ကန်ထကြွမှုများထဲမှ တစ်ခုဖြစ်သော ဗမာပြည်ကွန်မြူနစ်ပါတီ၏ တော်လှန်ရေးသည် ၁၉၈၉ ခုနှစ် ဧပြီလ ၁၆ ရက်နေ့ညတွင် နိဂုံးကမ္ပတ်အဆုံးသတ်သွားသကဲ့သို့နှယ် ပါးစပ်က ဒီမိုကရေစီဝါဒကို ခရားရေလွှတ်ပြောရင်း အတိတ်ကဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးခင်းသောလမ်းကို ဆက်လက်လျှောက်လှမ်းနေပါသော ခေတ်သစ်ကွန်မြူနစ်အကြမ်းဖက် အဖွဲ့အစည်းများဖြစ်ကြသည့် CRPH၊ NUG နှင့် PDF အဖွဲ့တို့သည်လည်း သမိုင်းတရားခံများအဖြစ် သမိုင်းတွင် အရုပ်ဆိုးအကျည်းတန်စွာ မကြာမီချုပ်ငြိမ်းသွားကြမည်မှာ မလွဲကေန်ဖြစ်ပေသည်။**

# ၂၀၂၁ ခုနှစ် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၂၁ ခုနှစ် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။




အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်း၊ (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ ဖြစ်ကြသောနေပြည်တော်ကောင်စီဝင်နှင့် အမြဲတမ်းအတွင်းဝန်များ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ရှေးဦးစွာ ဥဩဘသောင် သီဆိုသော အမျိုးသားနေ့သီချင်းဖြင့် ဂုဏ်ပြုတင်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက ဖတ်ကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနက စီစဉ်ရိုက်ကူးသည့် မြန်မာ့ကျောင်းသီချင်းဗီဒီယိုကိုပြသကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) (မွန်ပြည်နယ်)က စုပေါင်းသွေးလှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၂၈**

(၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) (မွန်ပြည်နယ်)က ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါသွေးလှူဒါန်းပွဲသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး (YMBA) (မွန်ပြည်နယ်)မှ တာဝန်ရှိသူများ၊ သွေးလှူရှင်များတက်ရောက်ကြပြီး သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လသာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရန် နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေး



**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက် ၈ နာရီခွဲက ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရန် နှာခေါင်းစည်းတပ်ဆင်ရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ အမှတ်(၄၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှတပ်ဖွဲ့စုမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် လသာမြို့နယ်အတွင်းရှိဈေးများ၊ လမ်းဘေးဈေးသည်များ၊ လမ်းသွားလမ်းလာပြည်သူများအား ကိုဗစ်- ၁၉ရောဂါ တားဆီးကာကွယ်ရေးအတွက် နှာခေါင်းစည်းများစနစ်တကျ တပ်ဆင်ရန်၊ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေခန့်ခပ်ခွာခွာ တန်းစီဈေးဝယ်ရန်၊ ဈေးသည်များအနေဖြင့် နှာခေါင်းစည်း တပ်ဆင်ခြင်းအပြင် လက်အိတ်၊ ခေါင်းစွပ်များ တပ်ဆင်အသုံးပြုရန်နှင့် မိမိဆိုင်တွင်လက်သန့်ဆေးရည်များထားရှိ၍ ဈေးဝယ်သူများအား လက်ဆေးစေရန်တိုက်တွန်းနှိုးဆော်ခဲ့ပြီး နှာခေါင်းစည်းများ အခမဲ့ဝေငှခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ စာမျက်နှာ ၆ မှ

၃-၅-၂၀၂၁ ရက်မှ ၁၁-၁၁-၂၀၂၁ ရက်အတွင်း မိုးမောက်၊ မိုးညှင်း၊ မင်းတပ်၊ ကနီ၊ ပုလဲ၊ မင်းကင်း၊ ကောလင်း၊ ကလေး၊ မုံရွာ၊ ဝမ်းတွင်းမြို့နယ်များအတွင်းရှိ ရဟန်းသံဃာတော် ၁၂ ပါးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ရဟန်းတော်လေးပါးကို ဒလန်ဟုစွပ်စွဲခဲ့ပြီး ကျန်ရဟန်းတော် ရှစ်ပါးကိုမူ အကြောင်းမဲ့ သတ်ဖြတ်ခဲ့ခြင်းဖြစ်လေသည်။

**မီးရှို့ဖျက်ဆီးခဲ့**

ယခုရက်ပိုင်း နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဘူးကိုင်းကျေးရွာဘုန်းကြီးကျောင်း၌ သီတင်းသုံးလျက်ရှိသော ဆရာတော် ဉူးပိတ(ခ)ဦးဘမြင့် (၇၄)နှစ်အား PDF အကြမ်းဖက်အဖွဲ့ အင်အား ၃၀ ခန့်က ဒလန်ဟုစွပ်စွဲပြောဆိုကာ ဝိုင်းဝန်းသတ်ဖြတ်ခဲ့ကြပြီး ဆရာတော်၏အလောင်းအား မီးရှို့ဖျက်ဆီးခဲ့ကြသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် တစ်ချိန်က ရန်သူအထောက်တော် သူလျှိုရှင်းလင်းရေးလုပ်ငန်းအဖြစ် အပြစ်မဲ့ပြည်သူများနှင့် အစိုးရအမှုထမ်းများကို အာဏာနီတည်ဆောက်ရေး၏ ရန်သူ၊ ကျေးလက်နေဝင်းကလေးများဟု မဟုတ်တမ်းတရမ်း စွပ်စွဲ၍ ရက်ရက်စက်စက် နှိပ်စက်သတ်ဖြတ်ခဲ့ကြသလို လက်ရှိ PDF အကြမ်းဖက်အဖွဲ့သည် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးခြင်း မရှိသော အပြစ်မဲ့ပြည်သူများစွာကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြပြန်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် တစ်ချိန်က ကျေးလက်အာဏာနီတည်ဆောက်ရေး စီမံကိန်းထဲတွင် စာသင်ကျောင်းများ ဖျက်ဆီးခြင်းကို ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်နည်းတူ လက်ရှိ PDF အကြမ်းဖက်အဖွဲ့သည် ၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ စာသင်ကျောင်းပေါင်း ၄၄၁ ကျောင်းကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြသည်။ ထို့အပြင် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်း ၁၂ ဦးကို လုပ်ကြံသတ်ဖြတ်ခဲ့ကြလေသည်။ ထိုကဲ့သို့လုပ်ကြံသတ်ဖြတ်မှုများကြောင့် ကိုးလကျော်ကာလအတွင်း အစိုးရဝန်ထမ်းစုစုပေါင်း ၃၈ ဦး သေဆုံးခဲ့ကြရပြီး ၇၉ ဦး ဒဏ်ရာရရှိခဲ့ကြသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသော တပ်မတော်ကို တစ်ချိန်က "စစ်ခွေး၊ ငနု နောက်လိုက်ခွေးများ"ဟု ရန့်ရင်းကြမ်းတမ်းစွာ ပုတ်ခတ်စော်ကားသုံးနှုန်းခေါ်ဝေါ်သကဲ့သို့ လက်ရှိ PDF အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့ကို ဝန်းရံသူများသည် တပ်မတော်ကို စစ်ခွေးဟု ပုတ်ခတ်စော်ကားခေါ်ဝေါ်လာကြသည်။

သို့ရာတွင် တစ်ချိန်က ဗမာပြည်ကွန်မြူနစ်ပါတီသည် တိုက်ပွဲများအတွင်း မြန်မာ့တပ်မတော်အား "ငနုနောက်လိုက်ခွေးများ၊ စစ်ခွေးများ"ဟု အော်ဟစ်ဆဲဆိုခဲ့ကြသည်ကို တပ်မတော်သားများသည် အလွန်နာကြည်းခဲ့ကြပြီး မခံချင်စိတ်ဖြင့် ရဲဝံ့စွန့်စားစွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြ၍ တိုက်စွမ်းရည်များပင် ပိုမိုတိုးတက်လာသည်ကို အများစုက မသိခဲ့ကြချေ။

**ယုံကြည်ကြွေးကြော်**

ဗမာပြည်ကွန်မြူနစ်ပါတီနှင့် တပ်နီလူငယ်များသည် တစ်ချိန်က ၎င်းတို့၏ ပစ္စည်းမဲ့တော်လှန်ရေးကို "ငါတို့မုချနိုင်ရမည်"ဟု ယုံကြည်ကြွေးကြော်လေ့ရှိသကဲ့သို့ ယခုအကြမ်းဖက် PDF အဖွဲ့နှင့် ဝန်းရံသူများသည် သူတို့၏ နွေဦးတော်လှန်ရေးကို "ငါတို့နိုင်မှာပါ" ဟု ယခုတိုင် ယုံကြည်ကြွေးကြော်လျက်ရှိကြသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် တစ်ချိန်က ဝန်ကြီးချုပ် ဦးနုနှင့် နိုင်ငံ့ခေါင်းဆောင်များကို ပြည်သူလူထုက အမုန်းပွားလာစေရန် "အိမ်ရှင်မတွေအနေနဲ့ ငရုတ်ဆုံထဲမှာ ငရုတ်သီးထောင်းရင်းတောင် ငနုခေါင်း၊ ငနုခေါင်းလို့ စိတ်ထဲမှာမှတ်ထင်ပြီး ထောင်းရမယ်"ဟူ၍ အမုန်းတရားများကိုဟောပြောရိုက်သွင်းပေးခဲ့ကြသလို လက်ရှိ PDF အကြမ်းဖက်အဖွဲ့နှင့် ဝန်းရံသူများသည် ပြည်သူနှင့်တပ်မတော်သွေးကွဲလာစေရန်၊ လက်ရှိနိုင်ငံ့ခေါင်းဆောင်များနှင့် တပ်မတော်အပေါ် အမုန်းပွားလာစေရန် လူမှုကွန်ရက်စာမျက်နှာနှင့် ဆန္ဒပြမှုဖြစ်စဉ်များတွင် အမုန်းတရားများကို တစိုက်မတ်မတ် ဟောပြောရေးသားလျက်ရှိကြသည်။

ဤသို့လျှင် အာရှဒေသ၏ အရှည်ကြာဆုံး ကွန်မြူနစ်ပုန်ကန်ထကြွမှုများထဲမှ တစ်ခုဖြစ်သော ဗမာပြည်ကွန်မြူနစ်ပါတီ၏ တော်လှန်ရေးသည် ၁၉၈၉ ခုနှစ် ဧပြီလ ၁၆ ရက်နေ့ညတွင် နိဂုံးကမ္ပတ်အဆုံးသတ်သွားသကဲ့သို့နှယ် ပါးစပ်က ဒီမိုကရေစီဝါဒကို ခရားရေလွှတ်ပြောရင်း အတိတ်ကဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးခင်းသောလမ်းကို ဆက်လက်လျှောက်လှမ်းနေပါသော ခေတ်သစ်ကွန်မြူနစ်အကြမ်းဖက်အဖွဲ့အစည်းများဖြစ်ကြသည့် CRPH၊ NUG နှင့် PDF အဖွဲ့တို့သည်လည်း သမိုင်းတရားခံများအဖြစ် သမိုင်းတွင် အရုပ်ဆိုးအကျည်းတန်စွာ မကြာမီချုပ်ငြိမ်းသွားကြမည်မှာ မလွဲကေန်ဖြစ်ပေသည်။ ။

# နိုင်ငံတော်အစိုးရတာဝန်ယူမှု ကိုးလမြောက်၏ မှတ်တိုင်များ

**ကနောင်**

**ဆောင်းဦးကာလ အရှေ့မိုးကုပ်စက်ဝိုင်းထက်ဝယ် ရောင်နီတို့ ထွန်းစပြုလာသည်။ အရုဏ်ဦးသည် တည်ငြိမ်အေးချမ်းပြီး မျှော်လင့်ချက်အသစ်တို့ဖြင့် တလက်လက်တောက်ပလျက်ရှိသည်။ မိမိတို့နိုင်ငံ၏ ရောင်နီဦးကား စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် တိုင်းရင်းသားလူမျိုးအားလုံးပါဝင်နိုင်သော ဒီမိုကရေစီပန်းတိုင်ပင်ဖြစ်သည်။ မည်မျှမှောင်မိုက်သည့် လမိုက်ညပင်ဖြစ်စေလိမ့်ဦးတော့ ရောင်နီဖြာလျှင် လင်းရပေမည်။**

**(ယမန်နေ့မှအဆက်)**

### ရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စစ်ဆေးခြင်းများကို အောက်တိုဘာလအတွင်း ဆက်လက်ဆောင်ရွက်ခဲ့ပြီး နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာလုပ်ငန်းများအား စနစ်တကျဆောင်ရွက်မှု ရှိ/မရှိ စစ်ဆေးခြင်းစသည်တို့ကို ပြုလုပ်လျက်ရှိသည်။

### လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းကို အောက်တိုဘာလ ၁ ရက်က ထုတ်ပြန်ခဲ့ရာ ခန့်မှန်းလူဦးရေစာရင်းမှာ ၅၅ ဒသမ ၃သန်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။ အဆိုပါခန့်မှန်းစာရင်းမှာ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံထုတ်ပြန်ထားခြင်းဖြစ်ပြီး ကျား ၂၆ ဒသမ ၅ သန်းနှင့် မ ၂၈ ဒသမ ၈ သန်းဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်လာနိုင်မှုရှိသည့်အတွက် ရုပ်သံရိုက်ကူးရေးလုပ်ငန်းများကို ကန့်သတ်ချက်များနှင့်အညီ စတင်ဆောင်ရွက်ခွင့်ပြုခဲ့ပြီး အောက်တိုဘာလ ၉ ရက်က ပုဂ္ဂလိကရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းခွင်နှင့် အောက်တိုဘာလ ၁၂ ရက်က မြဝတီမီဒီယာစင်တာ၌ ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြည့်ရှုစစ်ဆေးခဲ့သည်။ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူများ အပန်းပြေ၊ ပျော်ရွှင်စေရန်နှင့် စိတ်ဓာတ်ခွန်အားရရှိစေရန် ရည်ရွယ်၍ ရုပ်သံရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများကို ခွင့်ပြုပေးလျက်ရှိသည့်အပြင် အနုပညာရှင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖျော်ဖြေရေးများ တင်ဆက်နိုင်ရန် ကြိုးပမ်းပေးလျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရုပ်ရှင်လောကသားများနှင့် မိသားစုဝင်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်အဖြစ် အောက်တိုဘာလ ၅ ရက်က ထိုးနှံပေးခဲ့သည်။ ထို့အတူ အောက်တိုဘာလ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံပိုင်ရုပ်ရှင်ရုံ ၁၃ ရုံနှင့်ပတ်သက်၍ တာဝန်နှင့်ဝတ္တရားများ လွှဲပြောင်းသည့် စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကို ကျင်းပခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသည့် ရုပ်ရှင်ရုံများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအား ကြီးကြပ်ခြင်း၊ စီမံ ခန့်ခွဲခြင်းများဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ ခြင်းဖြစ်သည်။



ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားသည့် ရန်ကုန်-ကော့သောင်း၊ ရန်ကုန်-ကလေး လေကြောင်း ခရီးစဉ်များကို အောက်တိုဘာ ၁၆ ရက်မှစ၍ ပြန်လည်ပြေးဆွဲ ပေးစဉ်။

ထို့အတူ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ယာယီအမှုဆောင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အောက်တိုဘာလ ၁၂ ရက်က ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတွေ့ဆုံခဲ့ပြီး ရုပ်ရှင်နှင့် ဂီတလောက တိုးတက်ထွန်းကားရေးဆိုင်ရာ အစီအမံများ၊ ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ညှိနှိုင်းပေးရန်ရှိသည့် အရာများအား ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်းသိရှိရသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာအသီးသီးမှ ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများလှူဒါန်းခြင်းတို့ကို နယ်မြေအသီးသီးရှိ နယ်မြေခံစစ်ဌာနချုပ် အသီးသီးတွင် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနများ၊ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းအဖွဲ့များထံသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို တပ်မတော်မိသားစုများ၊ စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းပေးအပ်နေသည်ကို ယခုလအတွင်း မြင်တွေ့ရသည်။

### အခါကြီးရက်ကြီးဘုရားဖူးများစည်ကား

သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့် အောက်တိုဘာလ ၂၀ ရက်က တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး သီတင်းကျွတ်မီးထွန်းပွဲတော်များ ကျင်းပခြင်း၊ ကုသိုလ်ဒါနပြုကြခြင်းတို့ကို အနယ်နယ်အရပ်ရပ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းများနှင့်အညီ ပြန်လည်ကျင်းပခွင့်ရရှိခဲ့သည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရသည်။

ချင်းပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား နေရပ်အသီးသီးသို့ ပြန်လည်ကူညီပို့ဆောင်ခြင်း၊ နေအိမ်များ ပြန်လည်ပြုပြင်ခြင်း၊ ကျေးရွာများ၌ မိုင်းရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ပေးခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို အောက်တိုဘာလ ၂၈ ရက်က သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်နှင့် ကျွန်းစုခရီးစဉ် အမြန်ရေယာဉ်ကို လူဦးရေကန့်သတ်ချက်ဖြင့် ပြန်လည်ပြေးဆွဲနေသည်ကို အောက်တိုဘာလ ၄ ရက်က သိရသည်။ ရန်ကုန် - ကော့သောင်း၊ ရန်ကုန် - ကလေး လေကြောင်းလိုင်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အောက်တိုဘာလ ၁၆ ရက်က စတင်ပျံသန်းပြေးဆွဲပေးနေပြီဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရပါသည်။

### ပြည်သူများသတင်းမှန်ရရှိရေး

ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများသတင်းအချက်အလက် မှန်ကန်စွာရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလျက်ရှိရာ သတင်းမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်လိုအပ်သည်များကို ကူညီပေးလျက်ရှိပြီး တစ်ဖက်တွင်လည်း ကျင့်ဝတ်သိက္ခာစောင့်ထိန်းရန်လိုအပ်သည့် မီဒီယာများ၊ သတင်းမှား၊ သတင်းအတုများ တမင်ဖန်တီးထုတ်လွှင့်သူများကို ဥပဒေနှင့်အညီ ဖော်ထုတ်တားဆီးသွားမည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်အတွင်း ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့သည် အောက်တိုဘာလ ၂၃ ရက်က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ရာတွင် တပ်မတော်က နိုင်ငံတော်တာဝန်ကိုရယူခဲ့ပြီးနောက် ဖြစ်ရပ်အခြေအနေမှန်များနှင့် အာဆီယံ အထူးကိုယ်စားလှယ်ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ အလေးထားဆောင်ရွက်ခဲ့မှုများနှင့် ညှိနှိုင်းမှုများပြုလုပ်ခဲ့ခြင်း ဖော်ပြပါရှိသည်။ ထို့ပြင် နိုင်ငံတော်အစိုးရ၏ သဘောထားဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အတိုင်း ခိုင်မာတိကျစွာဆောင်ရွက်သွားမည်၊ အာဆီယံ၏ သဘောတူညီချက် (၅) ရပ်အတိုင်း လုပ်ငန်းစဉ်များအား အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်သွားမည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ နိုင်ငံခြားရေးမူဝါဒအတိုင်း ဆက်လက်လိုက်နာဆောင်ရွက်မည်ဟု ဖော်ပြထားသည်။ **စာမျက်နှာ ၉ သို့ ✧**



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများနှင့် မိသားစုဝင်များကို အောက်တိုဘာ ၅ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

- **ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသည် သူနာပြု/ သားဖွားသင်တန်းကျောင်း ၃၁ ကျောင်းအား အောက်တိုဘာလ ၇ ရက်တွင် စတင်ဖွင့်လှစ်ရာ ယနေ့အထိ သူနာပြုတတိယနှစ်နှင့် သားဖွားဒုတိယနှစ် ကျောင်းသားကျောင်းသူ ၇၈၁ ဦး တက်ရောက်လျက်ရှိပြီး နေပြည်တော် သူနာပြု/ သားဖွားသင်တန်းကျောင်းတွင် သင်တန်းသား ၅၆ ဦး တက်ရောက်နေပြီဖြစ်**
- **အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၇) ကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ အောက်တိုဘာလ ၂၈ ရက်က စတင်ဖွင့်လှစ်ရာ သင်တန်းသား ၉၆၀ တက်ရောက်ခဲ့**

✧ စာမျက်နှာ ၈ မှ

**ကျန်းမာရေးစောင့်ရှောက်မှု**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေလေးသန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အောက်တိုဘာလ ၂ ရက်တွင် ရောက်ရှိခဲ့သည်။ ထို့အတူ အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် Covishield အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ တစ်သန်းသည် အောက်တိုဘာလ ၉ ရက်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကာကွယ်ဆေးတစ်သန်းသည် အောက်တိုဘာလ ၁၃ ရက်နှင့် အောက်တိုဘာလ ၁၄ ရက်တွင် ကာကွယ်ဆေးတစ်သန်း Doses၊ အောက်တိုဘာလ ၁၅ ရက်တွင် ကာကွယ်ဆေးအကြိမ်ရေလေးသန်း၊ အောက်တိုဘာလ ၂၂ ရက်တွင် ကာကွယ်ဆေး လေးသန်းတို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့သည်။

ပြည်ပမှတင်သွင်းရောက်ရှိလာခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်များဖြင့် အချိန်မဆိုင်းပို့ဆောင်ပေးလျက်ရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကာကွယ်ဆေးထိုးနှံရမည့် သတ်မှတ်အုပ်စုများအလိုက်အပြင် IDPs စခန်းများ၊ အကျဉ်းစခန်းများ၊ ပင်လယ်ပျော်ဆလုံတိုင်းရင်းသားများ ပါမကျန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမှုများကို ယခုလအတွင်း ဆောင်ရွက်ပေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ အောက်တိုဘာလ ၅ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ထားခဲ့သည်။ GAVI COVAX Facility မှ ကျန်းမာရေးဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း ပူးတွဲဆောင်ရွက်ရန် ညှိနှိုင်းနေမှုနှင့်ပတ်သက်၍ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ COVAX အစီအစဉ်သည် အခြားနိုင်ငံများတွင် လေးကျော့အထိ ဖြန့်ဝေနိုင်ခဲ့သည့်တိုင် မြန်မာနိုင်ငံသို့ ဆေးတစ်လုံးမျှ ရောက်မလာသေးဘဲ အကြိမ်ကြိမ်ညှိနှိုင်းနေရသည့်အခြေအနေနှင့် မိမိတို့ပြည်သူများအတွက် ကာကွယ်ဆေးများကို ဖြည့်တင်းဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ကြီးဌာန၏ အစီအမံများကို သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**အသက် ၁၂ နှစ်နှင့်အထက်**
**ကျောင်းသား ကျောင်းသူများအား ထိုးနှံပေး**

ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ယူနိုင်စေဖို့ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို အောက်တိုဘာလ ၁၂ ရက်က တစ်ပြည်လုံးအတိုင်းအတာဖြင့် စတင်ထိုးနှံပေးခဲ့သည်။ အောက်တိုဘာလ ၂၅ ရက်အထိ ကာကွယ်ဆေးထိုးနှံခြင်းကာလအဖြစ် လျာထားသတ်မှတ် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အောက်တိုဘာလ ၂၃ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုယ်တိုင် အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာကျောင်းသားကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ကြည့်ရှုအားပေးခဲ့သည်ကို မြင်တွေ့ရသည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအတိုင်း အခြေခံပညာကျောင်းများ ပြင်ဆင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ယခုအခါကျောင်းသား ကျောင်းသူများ စာသင်ခန်းသို့ပြန်လည်ရောက်ရှိနေကြသည်ကို ဝမ်းမြောက်ဖွယ်မြင်တွေ့ခွင့်ရပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူများသည် ကာကွယ်ဆေးတစ်ကြိမ်မျှမထိုးနှံရသေးသူများကို ဦးစားပေးခြင်း၊ နိုင်ငံအတွင်း ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားစေခြင်းတို့အတွက် အခမဲ့ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံခြင်းတွင်



နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသူတစ်ဦးအား အောက်တိုဘာ ၂၁ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။ ဓာတ်ပုံ-မြို့နယ်(ပြန်/ဆက်)

လာရောက်၍ တတိယအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းများမပြုလုပ်ရန် ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာလ ၁၃ ရက်က မေတ္တာရပ်ခံထားခဲ့သည်။

**နေအိမ်တွင်နေထိုင်ခြင်းအစီအစဉ်များဖြေလျှော့**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်အား မိမိနေအိမ်တွင်နေထိုင်ရန် Stay at Home အစီအစဉ်မှ ကျန်းမာရေးဝန်ကြီးဌာနက ပယ်ဖျက်ပေးခဲ့ပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ မှတ်တမ်းတင်ခြင်း၊ ကာကွယ်ဆေးသုံးစွဲမှုနှင့် ဆေးထိုးလုပ်ငန်းလွှမ်းခြုံမှုကို ကြီးကြပ်ခြင်း၊ ကာကွယ်ဆေးထိုးကတ်ပြားများ ထုတ်ပေးခြင်းစသည့် လုပ်ငန်းများအတွက် ကာကွယ်ရေးဝန်ကြီးဌာန၏ပံ့ပိုးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အသုံးပြုလျက်ရှိသည့် ကာကွယ်ဆေးထိုး သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Vaccination Management Information System-VMIS) သည် Asian-Oceanian Computing Industry Organization (ASOCIO) အဖွဲ့အစည်းမှ ၂၀၂၁ ခုနှစ်အတွက် ပြုလုပ်သည့် ASOCIO ICT Award တွင် Digital Government Award ရရှိခဲ့သည်မှာလည်း နိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပါသည်။

ပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် ဒေသအသီးသီးရှိ အားကစားကွင်းများ၊ အားကစားရုံများကို ပြန်လည်အဆင့်မြှင့်တင်ခြင်း၊ အားကစားနည်းများအလိုက် လေ့ကျင့်ရေးစခန်းများဖွင့်လှစ်ခြင်းကို အောက်တိုဘာလအတွင်း မြင်တွေ့ရပြီး စစ်တွေမြို့၌ အားကစားနှင့်ကာယပညာသိပ္ပံအဆောက်အအုံကို ဖွင့်လှစ်ရန်ကြိုးပမ်းနေပြီး ယင်းအဆောက်အအုံတွင် ပြေးခုန်ပစ်အားကစားနည်းအတွက် လေ့ကျင့်ရေးစခန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အောက်တိုဘာလ ၁၇ ရက်က သိရသည်။

**စီးပွားရေးရာဆောင်ရွက်မှုများ**

ပြည်ပနိုင်ငံများသို့ ပို့ကုန်တင်ပို့သူများသည် ပို့ကုန်ရငွေကို ပို့ကုန်တင်ပို့သည့်နေ့မှ သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်စာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက်ထည့်သွင်းရမည့် အမိန့်ကြော်ငြာစာကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အောက်တိုဘာလ ၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးကို အောက်တိုဘာလ ၁၈ ရက်က ကျင်းပခဲ့ပြီး အစည်းအဝေးအတွင်း ကိုဗစ်-၁၉ ရန်ပုံငွေမှ ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍအား အကူအညီပေးနိုင်မည့် အစီအမံများကို ချမှတ်နိုင်ခဲ့သည့်အပြင် ကိုဗစ် - ၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်းကို အဆိုပါကော်မတီက အောက်တိုဘာလ ၂၃ ရက်က ထုတ်ပြန်ခဲ့သည်။

ရုရှား-မြန်မာ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာကို အောက်တိုဘာလ ၂၆ ရက်က နှစ်နိုင်ငံတာဝန်ရှိသူများက အသီးသီးလက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် ရုရှားနိုင်ငံသို့ လယ်ယာထွက်ကုန်များ တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်နေကြပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပမှပြန်လည်ရောက်ရှိလာသူများကိုလည်း စနစ်တကျလက်ခံခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ စောင့်ကြည့်ကုသပေးခြင်းနှင့် နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ နှုန်းဖြင့် စားအုန်းဆီရောင်းချ ဖြန့်ဖြူးပေးလျက်ရှိရာ အောက်တိုဘာလ ၆ ရက်အထိ ပိဿာ ၄၆၀၃၇၂၀၊ တန်ချိန် ၇၅၂၂ တန်အထိ ရောင်းချပေးနိုင်ခဲ့သည်။ အများပြည်သူများဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် အထူးဈေးနှုန်းဖြင့်ဝယ်ယူနိုင်မည့် စက်သုံးဆီအရောင်းဆိုင်များကို တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ရောင်းချပေးခဲ့ပြီး သတ်မှတ်ဈေးဖြင့် ရောင်းချနိုင်ရေး၊ အခြင်အတွယ်မှန်ကန်ပြည့်မီစေရေးတို့ကို စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆေးနှင့်ဆေးပစ္စည်းများနှင့် စားသောက်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီ/လက်ကား ရောင်းချပေးလျက်ရှိသည့် အစီအစဉ်ကို အောက်တိုဘာလအတွင်း တိုးချဲ့လုပ်ဆောင်ခဲ့သဖြင့် ပြည်သူများ လွယ်ကူသက်သာစွာ ဝယ်ယူနိုင်ခဲ့ပါသည်။ ထို့အတူ ဆေးဝါးများ၏ပေါက်ဈေးများကိုလည်း အများသူငါသိရှိစေရန် အသိပေးဖြန့်ဝေလျက်ရှိသည်။

**စိုက်ပျိုးရေးနှင့်မွေးမြူရေး**

၂၀၂၁ခုနှစ် မိုးစပါးနှင့် ၂၀၂၂ ခုနှစ် နွေစပါးတို့အတွက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့မှ အခြေခံရည်ညွှန်းစပါးဈေးနှုန်းများကို အောက်တိုဘာလ ၆ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အစိုဓာတ် သတ်မှတ်ချက်၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီသည့် တစ်တင်း (၄၆ ပေါင်ကိုက်) စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ငွေကျပ် ၅၄၀၀၀၀ ဟု သတ်မှတ်ကြေညာထားသည်။ တောင်သူလယ်သမားများအတွက် ၂၀၂၀ ပြည့်နှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပြန်ပေးဆပ်ရန်နှင့် ကိုဗစ်-၁၉ အထူးချေးငွေပြန်ပေးဆပ်ရန် နောက်ဆုံးရက်တို့ကို ဒီဇင်ဘာလကုန်အထိ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အောက်တိုဘာလ ၁ ရက်တွင် အသိပေးကြေညာခဲ့သည်။

**လူ့စွမ်းအားအရင်းအမြစ်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၀ ခုမှ လစ်လပ်နေသည့် ပြန်တမ်းဝင်အရာရှိအဆင့် ၁၉၅ နေရာအတွက် ရေးဖြေစစ်ဆေးခြင်းပြီးဆုံး၍ လူတွေ့စစ်ဆေးခြင်းတို့ကို အောက်တိုဘာလဆန်းတွင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး ကိုဗစ်ကာကွယ်ရေးစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်။ ထို့အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်များကို အထက်တန်းရှေ့နေ ၂၆၀ အား အောက်တိုဘာလ ၄ ရက်က ထုတ်ပေးခဲ့သည်။

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များကို အောက်တိုဘာလ ၆ ရက်က ပေးအပ်ခဲ့သည်။ ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်များအတွင်း အလုပ်အကိုင် ၁၃ မျိုး၏ ကျွမ်းကျင်မှုအဆင့်များကို ဖြေဆိုအောင်မြင်ခဲ့သည့် ကျွမ်းကျင်လုပ်သား ၄၃၇ ဦးအတွက် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သိရပါသည်။ ကျွမ်းကျင်လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် အလုပ်သမားဝန်ကြီးဌာနနှင့်အတူ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီတို့က ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်သည်။

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသည် သူနာပြု/သားဖွား သင်တန်းကျောင်း ၃၁ ကျောင်းအား အောက်တိုဘာလ ၇ ရက်တွင် စတင်ဖွင့်လှစ်ရာ ယနေ့အထိ သူနာပြုတတိယနှစ်နှင့် သားဖွားဒုတိယနှစ် ကျောင်းသားကျောင်းသူ ၇၈၁ ဦး တက်ရောက်လျက်ရှိပြီး နေပြည်တော် သူနာပြု/သားဖွားသင်တန်းကျောင်းတွင် သင်တန်းသား ၅၆ ဦး တက်ရောက်နေပြီဖြစ်သည်။ သင်တန်းသားသင်တန်းသူများအား သင်တန်းကာလပြီးဆုံးသည့်အခါ နိုင်ငံ့ဝန်ထမ်းအဖြစ် ချက်ချင်းခန့်အပ်နိုင်ရေး ကြိုတင်စီစဉ်လျက်ရှိကြောင်း အောက်တိုဘာလ ၁၆ ရက်က ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။ ထို့အတူ အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၇) ကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ အောက်တိုဘာလ ၂၈ ရက်က စတင်ဖွင့်လှစ်ရာ သင်တန်းသား ၉၆၀ တက်ရောက်ခဲ့ကြသည်။

**အစိုးရနှင့်ပြည်သူ ထပ်တူညီကြောင်း သက်သေပြသည့်အနေဖြင့် အောက်တိုဘာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ထောက်ခံကြောင်း ပြည်သူများက ဆန္ဒဖော်ထုတ်ကြသည်။ ယင်းမှာ မိမိတို့နိုင်ငံ၏ အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို မလိုလားဘဲ ယင်းတို့စိတ်ကြိုက်ချယ်လှယ်နိုင်မည့် အစိုးရအာဏာရရှိရေးကိုသာ လိုလားသည့် ပြည်ပနိုင်ငံအချို့၏ စွက်ဖက်မှုများအပေါ် ကန့်ကွက်ခြင်း၊ ဒီမိုကရေစီအမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများ၊ လုပ်ရပ်များအပေါ် ရှုတ်ချခြင်းဖြစ်သည်။ မည်သို့သော ဖိအားမျိုးနှင့်ကြုံပါစေ မိမိတို့တိုင်းပြည်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် လမ်းပြမြေပုံအတိုင်း ခြေလှမ်းမှန်မှန် သက်လုံအပြည့်ဖြင့် လျှောက်လှမ်းလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။**

# ရွေးကောက်ပွဲများအပေါ်မှ လှမ်းမျှော်၍ ဒီမိုကရေစီအနှစ်သာရရှာဖွေခြင်း

လေ့လာသူတစ်ဦး

**(ယမန်နေ့မှအဆက်)**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး/ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အစီအမံများသည် ဦးသိန်းစိန်၏ လက်တွေ့ကျပြီး သတိကြီးစွာထားသည့် နိုင်ငံတည်ဆောက်ရေး ကြိုးပမ်းမှုများတွင် အပါအဝင်ဖြစ်သည်။ ဦးသိန်းစိန်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် တရားဝင်ရော အလွတ်သဘောပါ တွေ့ဆုံဆွေးနွေးမှုပြုခဲ့ပြီး အလေးထားမှု ပြသခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းတို့ ဆောင်ရွက်ခဲ့သဖြင့် ၎င်းအပေါ် နိုင်ငံရေးအရ အားပေးထောက်ခံမှုကိုလည်း ရယူနိုင်ခဲ့သည်။ ယင်း၏ ရလဒ်အဖြစ် ၎င်း၏သမ္မတသက်တမ်းအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် NCA စာချုပ်အား လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သည် အဖွဲ့ဝင် ၁၀၉ ဦး ပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ ဗဟိုချုပ်ကိုင်မှု တင်းလွန်းခြင်း သို့မဟုတ် လျော့လွန်းခြင်း အစွန်းနှစ်ခုမှ ရှောင်ရှားပြီး ထိရောက်သောလုပ်ပိုင်ခွင့် အာဏာအတိုင်းအတာတစ်ခုအထိ ပေးအပ်နိုင်ရေး အတွက် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုမျိုးကို ထည့်သွင်းစဉ်းစားမှုပြုရန် အဆိုပါကော်မတီက အကြံပြုခဲ့သည်။ ဦးသိန်းစိန်သည် အုပ်ချုပ်ရေး မဏ္ဍိုင်ဘက်တွင်လည်း နောက်ထပ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သုံးသပ်ရေးကော်မတီ တစ်ခုကို ဖွဲ့စည်းခဲ့သည်။

အဆိုပါကော်မတီက ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုကို တိုင်းဒေသ ကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများသို့ ခွဲဝေဖြန့်ကြက်ခြင်းနှင့် သယံဇာတနှင့် အခွန်အခကောက်ခံငွေ မျှဝေမှုဆိုင်ရာ ပြည်ထောင်စု ဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေပြုစာရင်းများကို မွမ်းမံပြင်ဆင်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရတို့၏ စွမ်းဆောင်ရည်ကို ပျိုးထောင်မြှင့်တင်ပေးခြင်းများဆောင်ရွက်ရန် အကြံပြုခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများအား အတိုင်းအတာတစ်ခုအထိ ခွင့်ပြုနိုင်မည့် လုပ်ပိုင်ခွင့်ရရှိစေရန်လည်း အဆိုပါကော်မတီက အကြံပြုခဲ့သည်။ ဤသို့ နှစ်ဦးနှစ်ဖက် သဘောတူလက်ခံမှုရှိသည့် အပြောင်းအလဲများကို နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် အတူတကွဆောင်ရွက်ခဲ့ချိန်တွင် ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရသည် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုလည်း ထိန်းသိမ်းနိုင်ခဲ့သည်။ နိုင်ငံ၏ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ကာကွယ်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင် အကျေအလည်ဆွေးနွေး၍ မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

**ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းမှု**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဦးသိန်းစိန်သည် ၁၄ ဦး တွေ့ဆုံပွဲ၊ ခြောက်ဦးတွေ့ဆုံပွဲနှင့် အခြားသက်ဆိုင်ရာ လူပုဂ္ဂိုလ်အဖွဲ့အစည်း အများအပြားပါဝင်သည့် တွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၄ ခုနှစ် အောက်တိုဘာလခန့်ကပင် စတင်ပြုလုပ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်သူလူထု၏ကိုယ်စားလှယ်အဖြစ် သူမပါဝင်သည့် လေးဦးတွေ့ဆုံပွဲ ပြုလုပ်နိုင်ရန် ကြိုးပမ်းခဲ့သည်ဟု သတင်းမီဒီယာများက ရေးသားခဲ့သည်။ ချင်းတိုးတက်ရေးပါတီက အဆိုပါ လေးဦးတွေ့ဆုံပွဲသည် တိုင်းရင်းသားများ၏အသံကို ကိုယ်စားပြုရန် လုံလောက်ခြင်းမရှိဟုယူဆပြီး ပိုမိုပါဝင်မှုရှိသည့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ပေးရန် လွှတ်တော်တွင် အဆိုပြုခဲ့သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဆိုင်ရာ အမျိုးသားရေးကိစ္စများတွင် ယုံကြည်မှုတည်ဆောက်လိုသော ဦးသိန်းစိန်သည် သက်ဆိုင်သည့် stakeholder များပါဝင်သော တွေ့ဆုံဆွေးနွေးမှုကို ပိုမိုလိုလားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က အဆိုပါ တွေ့ဆုံမှုမျိုးသည် မည်သည့်ရလဒ်မျှ ထွက်ပေါ်နိုင်ခြင်းမရှိသည့် ဟန်ပြတွေ့ဆုံမှုမျိုးဖြစ်သည်ဟု ယူဆခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့ကြသည်။ သို့ရာတွင် ဦးသိန်းစိန်ဦးဆောင်သောအစိုးရသည် အဆိုပါ တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲများ ကျင်းပရေးနှင့် ရွေးကောက်ပွဲလွန်ကာလ တည်ငြိမ်အေးချမ်းရေးအတွက် သဘောတူညီမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါဖြစ်စဉ်များသည် နိုင်ငံတော်၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို မပျက်ပြားစေဘဲ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းမှု ပြုနိုင်ရေးအတွက် ဦးသိန်းစိန်အနေဖြင့် ဆောင်ရွက်ခဲ့သည့် စေ့စပ်သေချာသော လုပ်ဆောင်ချက်များပင် ဖြစ်သည်။

> **နိုင်ငံရေးစနစ်တစ်ရပ်သည် လုံခြုံရေးအခြေအနေပေးသလောက်သာ ကျင့်သုံးနိုင်သည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ပိုမိုစိတ်ချလက်ချ အာရုံစိုက်ဆောင်ရွက်ခြင်းမပြုခင် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အပြောင်းအလဲများပါဝင်သော ဒီမိုကရေစီ အသွင်ကူးပြောင်းမှုအတွက် နိုင်ငံရေးတည်ငြိမ်မှုအတိုင်းအတာတစ်ခုကို ဆက်လက်ထိန်းသိမ်းသွားလိမ့်ဦးမည်**

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲ၌ NLD ပါတီက ကတိပြုခဲ့သော အဓိကရွေးကောက်ပွဲ ကတိကဝတ်များအနက် တစ်ခုဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်၌ တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းရှိနေခြင်းနှင့် တပ်မတော်က နိုင်ငံရေးတွင် ဆက်လက်ပါဝင်နေခြင်းသည် ဒီမိုကရေစီတိုးတက်မှု အတွက် အဓိကအဟန့်အတားများဖြစ်သည်ဟု ပြည်တွင်း၊ ပြည်ပ လေ့လာစောင့်ကြည့်သူများက ထောက်ပြလေ့ရှိသည်။ သို့ရာတွင် ယင်းအချက်များသည် ကိုလိုနီစနစ်ဆိုးမွေဖြစ်သည့်ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြဿနာများမှ ခွဲခြားရှုမြင်၍မရသော အရာများ ဖြစ်ပြီး အဆိုပါပြဿနာများအား အင်စတီကျူးရှင်းအရ ဟန်ချက်မျှနိုင်ရန်အတွက် ထည့်သွင်းပြဋ္ဌာန်းထားရခြင်း ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုကဲ့သို့ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြင်ဆင်မှုမျိုးပြုမည်ဆိုပါက လွှတ်တော်အတွင်းမှ အမျိုးမျိုးသောကိုယ်စားပြုအဖွဲ့များ (ယခင် အာဏာရပါတီ NLD၊ တပ်မတော်၊ USDP ပါတီ၊ တိုင်းရင်းသားပါတီများနှင့် အခြား အစုအဖွဲ့ငယ်များအား ကိုယ်စားပြုပါတီများ) ၏ စုပေါင်းပါဝင်မှု ၇၅ ရာခိုင်နှုန်းနှင့်အထက် (၇၅+ လိုအပ်ချက်) ရှိရမည်ဖြစ်သည်။ စစ်မှန်သော အင်စတီကျူးရှင်းအရ ဝန်းရံပံ့ပိုးမှုသဘောတရားနှင့် အားလုံးသဘောတူညီမှု သဘောတရားအကြောင်း အမှန်တကယ် နားလည်မှု မရှိပါက အများစုမှအပ်နှင်းသည့် လုပ်ပိုင်ခွင့်သည် အချည်းနှီးမျှသာဖြစ်သည်။ နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အပြောင်းအလဲများတွင် အဓိပ္ပာယ်ရှိသည့် တိုးတက်မှု ဖော်ဆောင်နိုင်ရန်အတွက် အဓိကအဆုံးအဖြတ်ပေးနိုင်သည့်အရာများမှာ အများစုမှအပ်နှင်းသည့် လုပ်ပိုင်ခွင့်ထက် တွေ့ဆုံဆွေးနွေးမှု၊ အစွန်းရောက်မှုများမှ ရှောင်ရှားမှု၊ ယုံကြည်မှုတည်ဆောက်မှု၊ အပေးအယူ အလျှော့အတင်းပြုမှု၊ နိုင်ငံရေးထောက်ခံမှုကို စည်းရုံးရယူအသုံးပြုနိုင်စွမ်းနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်အပြောင်းအလဲများအား မှန်မှန်ကန်ကန် ထိန်းကျောင်းနိုင်စွမ်းတို့ပင်ဖြစ်သည်။

**နိုင်ငံရေးနှင့်လုံခြုံရေးသဘောတရား နှစ်မျိုး**

နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များအား မှန်မှန်ကန်ကန်ထိန်းကျောင်းခြင်းနှင့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အပြောင်းအလဲများ ဖော်ဆောင်ခြင်းတို့တွင် နိုင်ငံရေးနှင့်လုံခြုံရေးသဘောတရား နှစ်မျိုးစလုံးပါဝင်နေသည်။ အဆိုပါလုပ်ငန်းစဉ်များ၌ နိုင်ငံရေး အနှုတ်အကျိုးဆက်များထွက်ပေါ်ခြင်းသည် ဆိုးရွားသောလုံခြုံရေး အကျိုးဆက်များကိုဖြစ်ပေါ်စေနိုင်သည်။ ထိုသို့ဖြစ်ပေါ်လာပါက လုံခြုံရေးနှင့် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် နေသားတကျရှိရေးအား ပြန်လည်တည်ဆောက်ရမည့် ဝန်ထုပ်ဝန်ပိုးမှာမူ တပ်မတော်အပေါ်သို့ ကျရောက်လာမည်ဖြစ်ပြီး ရင့်ကျက်သော အနောက်တိုင်း ဒီမိုကရေစီနိုင်ငံများ အတွက် အလွယ်တကူဝေဖန်မှုပြုရာရောက်စေပါသည်။ ဝေဖန်မှုများကို အသာထား၍ကြည့်လျှင် နိုင်ငံရေးအနှုတ်အကျိုးဆက်များ ထွက်ပေါ်ခြင်း၏ နောက်ဆက်တွဲကို ခံစားရမည့်သူမှာ ဒေသခံပြည်သူလူထုနှင့် တပ်မတော်သားများနှင့် အခြားလက်နက်ကိုင်များသာ ဖြစ်သည်။ သို့ဖြစ်ရာ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ရပ်တည်၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိသည့်အချိန်အထိ တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးတွင် တက်ကြွသော အခန်းကဏ္ဍ၌ ရှိနေဦးမည်ဖြစ်သည်။ ထိုအချိန်ရောက်သည်အထိတပ်မတော်တာဝန်ရှိသူများအနေဖြင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း/ မူဝါဒရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ် နှစ်ခုစလုံးတွင် ရွေးကောက်ခံကိုယ်စားလှယ်များနှင့်အတူ တက်ကြွစွာ ဆက်လက်ပါဝင်ဆောင်ရွက်နေရဦးမည်ဖြစ်သည်။ နိုင်ငံရေးစနစ်တစ်ရပ်သည် လုံခြုံရေးအခြေအနေပေးသလောက်သာ ကျင့်သုံးနိုင်သည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပေါ် ပိုမိုစိတ်ချလက်ချ အာရုံစိုက်ဆောင်ရွက်ခြင်းမပြုခင် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အပြောင်းအလဲများပါဝင်သော ဒီမိုကရေစီအသွင်ကူးပြောင်းမှုအတွက် နိုင်ငံရေးတည်ငြိမ်မှုအတိုင်းအတာတစ်ခုကို ဆက်လက်ထိန်းသိမ်းသွားလိမ့်ဦးမည်ဖြစ်သည်။

NLD ပါတီအနေဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့ပြီး USDP ပါတီထံမှ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာတို့အား လွှဲပြောင်းရယူခဲ့သည့် ၂၀၁၆ ခုနှစ် မတ်လမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအကြား ကာလသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ အဓိကကာလအပိုင်းအခြားတစ်ခု ဖြစ်ခဲ့သည်။ အစိုးရသစ်နှင့်ပူးပေါင်း၍ အကောင်းဆုံးကို ဆောင်ရွက်သွားမည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကတိပြုခဲ့သည်။ အတိုက်အခံနိုင်ငံရေးတွင်သာ ကျင်လည်ခဲ့ပြီး အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတွင် အတွေ့အကြုံ နုနယ်သေးသည့် NLD အစိုးရအနေဖြင့် အကောင်းဆုံးဆိုသည့် ဘုံနားလည်မှုအပေါ် လက်ခံနိုင်သရွေ့ တပ်မတော်၏ထောက်ခံမှုကို ရရှိသွားမည်ဖြစ်သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းပြတ်သားစွာ သတင်းစကားပေးခဲ့ခြင်းဖြစ်သည်။ သို့သော် NLD ပါတီသည် ဘုံသဘောတူညီမှုကို တည်ဆောက်ရမည့်အစား ၎င်းရရှိထားသော လွှတ်တော်တွင်းနေရာအများစုကို ပြည်သူများ၏ကိုယ်စား ဆုံးဖြတ်ချက်ချပြီး အရေးယူဆောင်ရွက်မှုပြုနိုင်သည့် လုပ်ပိုင်ခွင့်အာဏာအဖြစ် လွဲမှားအဓိပ္ပာယ်ကောက်ခဲ့ပုံရသည်။ အများစုမှ အပ်နှင်းသည့်လုပ်ပိုင်ခွင့်သည် အမှန်တကယ်ရှိသည် ဖြစ်စေ၊ ထိုသို့ရှိသည်ဟု ရှုမြင်ခြင်းကြောင့်ဖြစ်စေ NLDအစိုးရသည်ယင်း၏သက်တမ်းတစ်လျှောက်လုံး နိုင်ငံရေးအရင်းအနှီး တည်ဆောက်ရန် ကြိုးပမ်းအားထုတ်ခဲ့ခြင်းမရှိသကဲ့သို့ ဘုံနားလည်မှုတည်ဆောက်ခြင်းတွင်လည်း ရင်းနှီးမြှုပ်နှံမှု မရှိခဲ့ချေ။ ယင်းအစားလိုအပ်သည့်ထောက်ခံမှုများအတွက် ပါတီအပေါ်သာ ဆက်တိုက် အလွန်အမင်းမှီခိုခဲ့သည်။ NLD ပါတီသည် အုပ်ချုပ်ရေးမဏ္ဍိုင်အတွင်း၌ဖြစ်စေ၊ ဥပဒေပြုရေးမဏ္ဍိုင်အတွင်း၌ဖြစ်စေ၊ ပါတီတွင်း၌ဖြစ်စေ ခေါင်းဆောင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကို ပုဂ္ဂိုလ်ရေးအရကိုးကွယ်ခြင်းမှ လွတ်မြောက်နိုင်ခဲ့ခြင်း မရှိခဲ့ချေ။

**တစ်ခုတည်းသော အကြီးဆုံးနိုင်ငံရေးပါတီဖြစ်**

NLD အစိုးရသည် ပါတီဝင် တိုင်းရင်းသားများကို အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အဆင့်မြင့်ရာထူးများတွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်နေရာများတွင် လည်းကောင်း ခန့်အပ်ခဲ့သည်။ သို့ရာတွင် ထိုသို့ ခန့်အပ်ရာ၌ တိုင်းရင်းသားပါတီများနှင့် တိုင်ပင်ဆွေးနွေးမှု မပြုခဲ့သဖြင့် NLD ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအစီအမံများအား အားလျော့စေခဲ့သည်။ ANP ပါတီနှင့် NLD အကြား နိုင်ငံရေးသဘောထား ကွဲလွဲမှုသည် အသိသာဆုံးဖြစ်ပြီး လျစ်လျူရှု၍မရသည့်နောက်ဆက်တွဲဂယက်များရှိခဲ့သည်။ ANP ပါတီသည် ရခိုင်ပြည်နယ်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၃၅ နေရာအနက် ၂၂ နေရာ အနိုင်ရရှိခဲ့သည့် တစ်ခုတည်းသော အကြီးဆုံးနိုင်ငံရေးပါတီဖြစ်သည်။ NLD အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အခြေခံဥပဒေပြင်ဆင်ရေးတို့တွင် တိုင်းရင်းသားပါတီများ ပူးပေါင်းပါဝင်လာစေလိုပါက ANP ပါတီကဲ့သို့ တိုင်းရင်းသားပါတီမျိုးကို ပြည်နယ်ဝန်ကြီးချုပ်နေရာအတွက် အဆိုပြုခွင့်နှင့် အစိုးရဖွဲ့ခွင့်ပေးသင့်သည် သို့မဟုတ် အနည်းဆုံး ANP နှင့် စေ့စပ်ဆွေးနွေးသင့်သည်ဟု ANP ပါတီက သဘောထားခဲ့သည်။ သို့ရာတွင် NLD အနေဖြင့် ထိုသို့ဆောင်ရွက်ခဲ့ခြင်းမရှိပေ။ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) နှင့် မွန်အမျိုးသားပါတီ (MNP) တို့ကလည်း NLD နှင့် ပတ်သက်ပြီး အလားတူ မကျေနပ်မှုမျိုး ထုတ်ဖော်ပြသခဲ့ကြသည်။ NLD ၏ လျစ်လျူရှုမှုကြောင့် ဦးသိန်းစိန်လက်ထက်က ခြောက်ဦးတွေ့ဆုံပွဲတွင် တိုင်းရင်းသားပါတီများ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ရန် ရွေးချယ်ခံခဲ့ရသော ANP ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ANP အား ကိုယ်စားပြုရန် အခွင့်အလမ်းကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ၎င်းအစား NLD ပါတီဝင် ဦးညီပုသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ ထိုအချိန်မှစ၍ NLD နှင့် ရခိုင်တိုင်းရင်းသားပါတီများအကြား ဆက်ဆံရေးမှာ ချောမွေ့မှုမရှိခဲ့ပေ။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုက ရခိုင်ပြည်နယ်၏ တည်ဆဲလုံခြုံရေးပြဿနာများကိုပါ အရှိန်မြင့်တက်စေခဲ့သည်။

စာမျက်နှာ ၁၁ သို့

❂ စာမျက်နှာ ၁၀ မှ

NLD အနေဖြင့်လည်း အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြား stakeholder များနှင့် ထိတွေ့ဆက်ဆံပြီး ယုံကြည်မှုနှင့် ဘုံနားလည်မှု တည်ဆောက်နိုင်မည့် အခွင့်အလမ်းကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ယင်းက NLD ၏ ပြုပြင်ပြောင်းလဲရေး ဆွေးနွေးပွဲများကို ခရီးအစကနဦးကတည်းက ခရီးတစ်ဝက်ဖင့်နေနှင့်ပြီး ဖြစ်စေခဲ့သည်။

**ကာလုံပုံစံအစည်းအဝေးများ**

နိုင်ငံရေးလုပ်ဆောင်မှုများ သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် လုံခြုံရေးအကျိုးဆက်ဂယက်များမှ ရှောင်ကြဉ်နိုင်ရန်နှင့် ဆုံးဖြတ်ချက်များ၊ မူဝါဒများတွင် ဘက်ပေါင်းစုံမှ အတွေးအမြင်၊ အယူအဆများ ပါဝင်နိုင်ရန်အလို့ငှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (ကာလုံ) အစည်းအဝေးခေါ်ယူရန် တပ်မတော်က အကြိမ်ကြိမ်အခါခါ တိုက်တွန်းခဲ့သည်။ ကာလုံအစည်းအဝေးနှင့် စပ်လျဉ်းပြီး လူသိများသည့် အယူအဆမှာ ကာလုံအဖွဲ့ဝင်များ၏ အရပ်ဘက်-စစ်ဘက် အချိုးအစားက ဆုံးဖြတ်ချက်နှင့် မူဝါဒများ ရေးဆွဲချမှတ်ရာတွင် တပ်မတော်အနေဖြင့် အသာစီးရရှိစေနိုင်သည်ဟူသော အယူအဆဖြစ်သည်။ ကာလုံအဖွဲ့ဝင်စာရင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူး ပါဝင်မှုမရှိခြင်းက လက်တွေ့ပြဿနာဖြစ်ဟန်ရှိပါသည်။ NLD အစိုးရအနေဖြင့် ကာလုံပုံစံအစည်းအဝေးများအား မကျင်းပသလောက်ရှိခဲ့ခြင်းမှာ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တွင် တပ်မတော်၏ အခန်းကဏ္ဍကို ကန့်သတ်ရန်အတွက်လော သို့မဟုတ် အခြားအကြောင်းရင်းများကြောင့်ပင်လောဟူသည်မှာ ၎င်းတို့သာ သိပေလိမ့်မည်။ NLD အစိုးရ၏ ဆုံးဖြတ်ချက်များနှင့် မူဝါဒများသည် ပါတီ၏ သဘောထားအမြင်များကိုသာ အဓိကကိုယ်စားပြုသည်ဖြစ်ရာ ပုံသဏ္ဌာန်မမှန်ဖြစ်နေခြင်းမှာ မထူးဆန်းလှပေ။

၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံကို ရခိုင်ပြည်နယ်အတွင်းရှိ လူတစ်စုအား လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ကြောင်း ICJ ၌ အမှုဖွင့်တရားစွဲဆိုခဲ့သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့က ဗိုလ်မှူးချုပ်ဇော်မင်းထွန်းနှင့် Voice of America (VOA) သတင်းဌာနတို့ ပြုလုပ်ခဲ့သော အင်တာဗျူးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် (ဟောင်း) အနေဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ လူမျိုးသုဉ်းသတ်ဖြတ်မှုဆိုင်ရာ စွပ်စွဲမှုများအား ရင်ဆိုင်နေခြင်းနှင့်စပ်လျဉ်း၍တပ်မတော်၏သဘောထားအမြင်အား ပြောကြားခဲ့သည်။ ယင်းပြောကြားချက်အရ တပ်မတော်အနေဖြင့် ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်မှုအခန်းကဏ္ဍအတွင်း ပိုမိုကျရောက်နေခြင်းကို ရှင်းလင်းပြတ်သားစွာ တွေ့မြင်နိုင်သည်။ ဗိုလ်မှူးချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်အရ တပ်မတော်အနေဖြင့် လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် အစိုးရ၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စွပ်စွဲချက်များအား ရင်ဆိုင်ဖြေရှင်းရန်နှင့် မြေပြင်အခြေအနေမှန်ကို ရှင်းလင်းပြောကြားနိုင်ရန် သမ္မတရုံးက ဖွဲ့စည်းခဲ့သော ဥပဒေအဖွဲ့တွင် တပ်မတော်အရာရှိနှစ်ဦးကို တွဲဖက်တာဝန်ပေးခဲ့ကြောင်း သိရှိရသည်။ ထို့အတူ တပ်မတော်အနေဖြင့် ICJ သို့ သွားရောက်မည့်အဖွဲ့တွင် လိုက်ပါရန်အသင့်ရှိပြီး သမ္မတဦးဝင်းမြင့်ဦးဆောင်သော အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ်မူတည်သည်ဟု ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်သောင်းနိုင်က ဒီဇင်ဘာလ ၂၄ ရက်က ပြောကြားခဲ့သည်။ သို့ရာတွင် NLD အစိုးရသည် ICJ ၌ သွားရောက်အမှုရင်ဆိုင်ရာတွင် တပ်မတော်သားအဖွဲ့ဝင် တစ်ဦးတစ်ယောက်မျှ မပါဝင်ဘဲ ဆက်လက်ဆောင်ရွက်ခဲ့သည်။

NLD အစိုးရ၏ အင်စတီကျူးရှင်းဆိုင်ရာ စီမံခန့်ခွဲမှု အားနည်းမှုကို ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆောင်ရွက်ချက်များတွင် ထင်ရှားစွာတွေ့မြင်ရသည်။ ပြည်ထောင်စုလွှတ်တော်က အဖွဲ့ဝင် ၄၅ ဦးပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီကို ဖွဲ့စည်းခဲ့သော်လည်း အဆိုပါကော်မတီ၏ အဖွဲ့ဝင် ၄၀ ရာခိုင်နှုန်းမှာ NLD လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်။ အဆိုပါကော်မတီတွင် အကြံပြုချက်များအား ဥပဒေကြမ်းအဖြစ်သို့ ပြောင်းလဲနိုင်ရန်အတွက် ဆန္ဒမဲပေးသည့်လုပ်ငန်းစဉ်ကို အသုံးပြုသည်ဖြစ်ရာ အခြားသောအဖွဲ့ဝင်များ၏ အကြံပြုချက်များမှာ NLD ကိုယ်စားလှယ်များ၏ ထောက်ခံမှု မရရှိပါက အတည်ပြုမှုရရှိရန် အခွင့်အလမ်းနည်းပါးသည်။ တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့အတွက်သာ ဦးတည်ဆောင်ရွက်လိုစိတ်နှင့် ညှိနှိုင်းလိုမှုမရှိသောသဘောထား များပြားနေခြင်းက မတူကွဲပြားသောအမြင်များအား ကောင်းစွာဆန်းစစ်လက်ခံနိုင်ရေးအတွက် အဟန့်အတားဖြစ်စေခဲ့သည်။ အခြားတစ်ဖက်တွင် NLD အစိုးရ၏ ကျန်ရှိသောသက်တမ်းအတွင်း ဥပဒေကြမ်းတစ်ရပ်အားကိုင်တွယ်ရန် အချိန်အကန့်အသတ်ရှိမှုနှင့် အကျဉ်းအကျပ်အခြေအနေကို ရှောင်ရှားရန်လိုအပ်ချက်က ကော်မတီ၏ အတည်ပြုရေးလုပ်ငန်းစဉ်အပေါ် ဖိအားဖြစ်စေခဲ့ပုံရသည်။ ယင်းက အဆိုပါကော်မတီအနေဖြင့် ဆွဲဆောင်စည်းရုံးသည့်နည်းလမ်းများအား အသုံးပြုနိုင်ခဲ့ခြင်း မရှိသေးသကဲ့သို့ အားလုံးသန့်ရှင်းမျှတမှုရှိမည့် စေ့စပ်ဆွေးနွေးရေးနည်းလမ်းဖြင့် အဖြေရှာသည့်နိုင်ငံရေးယဉ်ကျေးမှုကိုလည်း ပျိုးထောင်နိုင်ခဲ့ခြင်းမရှိသည်ကို ပြသနေသည်။

**နိုင်ငံရေးအရကြည့်ပါက ယင်းအနေအထားသည် ပြည်သူအား မှန်မှန်ကန်ကန်အသိပေးမှုမျိုး မဟုတ်ခြင်းကြောင့် နိုင်ငံ၏လုံခြုံရေး အင်စတီကျူးရှင်းအပေါ် အထင်အမြင်လွဲမှားမှု၊ မကျေနပ်မှုများ ဖြစ်ပေါ်စေနိုင်သည်။ ဒီမိုကရေစီအင်အား တောင့်တင်းလာစေရေးဟူသော ၎င်း၏ ရည်ရွယ်ချက်နှင့်ဆန့်ကျင်စွာ NLD ၏ ခြေလှမ်းမှားယွင်းမှုများ၊ အစီအစဉ်မကျသည့် လုပ်ဆောင်မှုများသည် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများတွင် တပ်မတော်နှင့်ရော တိုင်းရင်းသားအဖွဲ့များနှင့်ပါ ဝေးကွာသွားစေခဲ့**

**အဆိုပြုချက် ၃၇၆၅ ခုပါဝင်သော အစီရင်ခံစာတစ်စောင်**

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီသည် အခြေခံဥပဒေပြင်ဆင်ရေးနှင့် စပ်လျဉ်းပြီး အဆိုပြုချက် ၃၇၆၅ ခုပါဝင်သော အစီရင်ခံစာတစ်စောင်ကို တင်သွင်းခဲ့သည်။ အဆိုပါအဆိုပြုချက်များအနက် ၁၁၄ ခုကို NLD ပါတီက ပြုလုပ်ခဲ့ပြီး ကျန်အဆိုပြုချက်များကို ရှမ်း၊ ရခိုင်၊ မွန်နှင့် ကချင်တိုင်းရင်းသားပါတီများက ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ NLD ၏ အဆိုပြုချက်များမှာ အဓိကအားဖြင့် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်များနှင့် ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်အာဏာတို့ကို အရပ်ဘက်ပြုရေးဖြစ်သည်။ ထိုသို့ အရပ်ဘက်ပြုရေးအဆိုပြုချက်များ၌ နိုင်ငံတော်၏ အရေးပေါ်အခြေအနေကြေညာမှုကို အရပ်သားအစိုးရ၏ ထိန်းချုပ်မှုအောက် ထားရှိရေး၊ တပ်မတော်မှခန့်အပ်သည့် ဝန်ကြီးများကို တပ်ရာထူးမှ နုတ်ထွက်စေရေး၊ တပ်မတော်အား ဥပဒေပြုရေးကဏ္ဍမှ တစ်ဆင့်ချင်း ထွက်ခွာစေရေး၊သမ္မတနှင့်ပြည်ထောင်စုလွှတ်တော်၏ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်အာဏာတို့အား မြှင့်တင်ရေးနှင့်ကာလုံတွင် အရပ်ဘက်မှ ပါဝင်မှုအချိုးအစားကို ပြောင်းလဲခြင်းဖြင့် အရပ်ဘက်မှ အများစုဖြစ်စေရေး စသည်တို့ ပါဝင်သည်။ ဤနည်းဖြင့် NLD ပါတီသည် ၎င်း၏ အများစုမှအပ်နှင်းသည့် လုပ်ပိုင်ခွင့်ဟူသော အားသာချက်ကို အများတူညီဆန္ဒအပေါ် အဓိကအခြေပြုရမည့် ဆုံးဖြတ်ချက်ချမှတ်ရေးယန္တရားအတွင်းသို့ သွတ်သွင်းနိုင်ရန် ကြိုးပမ်းခဲ့သည်။ ထို့ပြင် NLD ပါတီသည် အခြေခံဥပဒေမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် လက်နက်ကိုင်အင်အားစုအားလုံး၏ အကြီးအကဲဖြစ်သည်ဟူသော ပြဋ္ဌာန်းချက်ကို ပယ်ဖျက်နိုင်ရန် ကြိုးပမ်းခဲ့သည်။ အဆိုပါပြဋ္ဌာန်းချက်သည် တပ်မတော်နှင့် ယင်း၏ ပြည်သူ့စစ်မဟာဗျူဟာ၊ အမျိုးသားကာကွယ်ရေးစနစ်တို့အား တပေါင်းတစည်းတည်းရှိစေရန်နှင့် ပါတီနိုင်ငံရေးမှကင်းရှင်းစေရန်၊ အထူးသဖြင့် အရပ်သားအစိုးရများ၏ အင်စတီကျူးရှင်းနှင့် အကျိုးစီးပွားစီမံခန့်ခွဲမှုတို့နှင့်အတူ ယှဉ်တွဲပါလာသော မသေချာမရေရာမှုများမှ ကင်းဝေးစေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ပေးမည့် ပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်သည်ဟု တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက အခိုင်အမာ ယုံကြည်ကြသည်။

တစ်ချိန်တည်းတွင် လွှတ်တော်အတွင်း ပြန့်ကြဲနေသည့် တိုင်းရင်းသားကိုယ်စားလှယ်များ၏ ဖက်ဒရယ်မျှော်လင့်တောင့်တမှုများနှင့် စပ်လျဉ်းသည့် အဆိုပြုချက်များသည်လည်း ပြည်ထောင်စုလွှတ်တော်၏ အများစုအင်အားကို ကျော်လွှားနိုင်ရေး အခက်အခဲကြုံတွေ့ခဲ့ရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးပူးပေါင်းကော်မတီ၏ အပြီးသတ်ဥပဒေမူကြမ်းမှ ချန်လှပ်ခံခဲ့ရသည်။ ထို့ကြောင့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ ပြုမူဆောင်ရွက်ချက်များနှင့် စပ်လျဉ်းပြီး နှစ်သက်မှု မရှိခဲ့သကဲ့သို့ ထိရောက်သောရလဒ် တစ်စုံတစ်ရာထွက်ပေါ်လာလိမ့်မည်ဟုလည်း မမျှော်လင့်ခဲ့ကြပေ။ ပူးပေါင်းကော်မတီအား နှစ်သက်မှုမရှိသည့် တပ်မတော်သားကိုယ်စားလှယ်များနှင့် USDP ကိုယ်စားလှယ်များကလည်း အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ပူးပေါင်းကော်မတီမှတစ်ဆင့် မည်သည့်အဆိုပြုချက်မှ ပြုခဲ့ခြင်းမရှိချေ။ ယင်းအစားလွှတ်တော်မှသုံးသပ်နိုင်ရန် သီးခြားဥပဒေမူကြမ်းများကို တင်သွင်းခဲ့သည်။ NLD ဦးဆောင်သော ပူးပေါင်းကော်မတီနှင့် နှိုင်းယှဉ်ပါက တပ်မတော်သားကိုယ်စားလှယ်များနှင့် USDP ကိုယ်စားလှယ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များခန့်အပ်သည့် လုပ်ထုံးလုပ်နည်းများမှအစပြု၍ ဖက်ဒရယ်ပြုရေးဆိုင်ရာ အကြံပြုချက်များအား ထည့်သွင်းအဆိုပြုခဲ့သည်ကို တွေ့ရှိရပေသည်။ ထိုစဉ်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်တွင် ဖြစ်နေသည့်ပုံစံမှာ တပ်မတော်နှင့် USDP ကိုယ်စားလှယ်များက နိုင်ငံရေးတွင် အရပ်သားတွေကသာ ပါဝင်လုပ်ဆောင်ရေးထက် ဖက်ဒရယ်ပြုရေးကို ဦးစားပေး အာရုံစိုက်ခဲ့ပြီး NLD ခေါင်းဆောင်ပိုင်းကမူ တိုင်းရင်းသားများ၏ ဖက်ဒရယ်မျှော်လင့်ချက်များအား မကိုင်တွယ်မီ ဒီမိုကရေစီခိုင်မာလာစေရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံရေးမှ စစ်ဘက်ကို ဖယ်ထုတ်ရေးအား ဦးစားပေးဆောင်ရွက်ခဲ့သည်။ NLD အနေဖြင့် ဘုံသဘောတူလက်ခံမှုရှိသော ဖက်ဒရယ်စနစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် အုတ်မြစ်ခိုင်မာစွာ မတည်ဆောက်နိုင်သေးခင်မှာပင် ၎င်း၏လွှတ်တော်တွင်း အများစုအင်အားကို အသုံးချကာ တပ်မတော်အား အခြေခံဥပဒေပါ အခန်းကဏ္ဍမှ ဖယ်ထုတ်နိုင်ရန် ကြိုးပမ်းခဲ့ခြင်းသည် အင်စတီကျူးရှင်းဆိုင်ရာ မတည်မငြိမ်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်၏ လုံခြုံရေးကို ပြင်းထန်စွာထိခိုက်စေမည်ဖြစ်သည်။ NLD ဦးဆောင်သော ပူးပေါင်းကော်မတီမှ အဆိုပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ အဆိုပြုချက်များအနက် အရပ်ဘက်ပြုရေး သို့မဟုတ် ဖက်ဒရယ်ပြုရေးနှင့် မသက်ဆိုင်သော အသေးစားပြင်ဆင်မှု နှစ်ချက်မျှကိုသာ လွှတ်တော်က အတည်ပြုခဲ့သည်။

လွှတ်တော်အတွင်း NLD ပါတီ၏ လှုပ်ရှားမှုက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ပြည်ထောင်စုလွှတ်တော်အတွင်းရှိ တပ်မတော်သားကိုယ်စားလှယ်များက အဟန့်အတားပြုနေသယောင် တပ်မတော်အား ပြည်သူက အထင်အမြင်လွဲမှားနိုင်သည့် အနေအထားသို့ တွန်းပို့ခဲ့သည်။ နိုင်ငံရေးအရကြည့်ပါက ယင်းအနေအထားသည် ပြည်သူအား မှန်မှန်ကန်ကန် အသိပေးမှုမျိုးမဟုတ်ခြင်းကြောင့် နိုင်ငံ၏လုံခြုံရေးအင်စတီကျူးရှင်းအပေါ် အထင်အမြင်လွဲမှားမှု၊ မကျေနပ်မှုများ ဖြစ်ပေါ်စေနိုင်သည်။ ဒီမိုကရေစီအင်အား တောင့်တင်းလာစေရေးဟူသော ၎င်း၏ ရည်ရွယ်ချက်နှင့်ဆန့်ကျင်စွာ NLD ၏ ခြေလှမ်းမှားယွင်းမှုများ၊ အစီအစဉ်မကျသည့် လုပ်ဆောင်မှုများသည် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများတွင် တပ်မတော်နှင့်ရော တိုင်းရင်းသားအဖွဲ့များနှင့်ပါ ဝေးကွာသွားစေခဲ့သည်။ NLD အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆောင်ရွက်ချက်များတွင် ယင်း၏ လွှတ်တော်တွင်းအများစုအင်အားကိုတပ်မတော်နှင့် တိုင်းရင်းသားအဖွဲ့များ အပေါ်တွင်လည်းကောင်း၊ စုပေါင်းအားနှင့် စုပေါင်းဆောင်ရွက်မှု အပေါ်တွင်လည်းကောင်း ဖိအားပေးဆောင်ရွက်ခြင်းဖြင့် လုံခြုံရေးထိခိုက်ယိုယွင်းမှုဖြစ်လာနိုင်သည့် အန္တရာယ်ကိုသာ ဖြစ်စေခဲ့သည်။ ထို့ပြင် ဒီမိုကရေစီခိုင်မာလာမည့်အစား အနှောင့်အယှက်ဖန်တီးရာရောက်ခဲ့သည်။ NLD ၏ အများစုအင်အားသည် ၎င်းအတွက် နိုင်ငံရေးကျောထောက်နောက်ခံ အရင်းအနှီးတစ်ခုဖြစ်ရမည့်အစား ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အဟန့်အတားတစ်ရပ်အဖြစ်သာ ဖြစ်ခဲ့ရသည်။

**အခြေခံမူ ၅၁ ချက်**

NLD အစိုးရသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အပိုင်းသုံးပိုင်းခွဲခြားခဲ့သည်။ ထိုအပိုင်း သုံးပိုင်းမှာ- (၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ((၂၁) ရာစုပင်လုံညီလာခံ) ၏ အခြေခံအဖြစ် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ဖန်တီးရန်၊ (၂) ပါဝင်ထိုက်သူအားလုံး ပါဝင်မှုကို မြှင့်တင်ရန်နှင့် (၃) ငြိမ်းချမ်းရေး၏ အကျိုးကျေးဇူးများကို ပြည်သူလူထုထံ ဆောင်ကြဉ်းပေးရန်တို့ဖြစ်သည်။ (၂၁) ရာစု ပင်လုံညီလာခံသည် အစိုးရ၊ တပ်မတော်နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား ယုံကြည်မှု တည်ဆောက်မှုတစ်ရပ်အနေဖြင့် အခြေခံမူ ၅၁ ချက်ပါ ပြည်ထောင်စုသဘောတူစာချုပ် အပိုင်း (၁) နှင့် (၂) ကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ သို့သော်လည်း ပိုမိုစိန်ခေါ်မှုရှိသော ဖက်ဒရယ်မူများနှင့် ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက်ဆောင်ရွက်ဖွယ်များအပေါ် သဘောတူညီချက်များသည် ပြည်ထောင်စုသဘောတူစာချုပ် (၃) တွင် ပါဝင်လာရန် လိုအပ်လျက်ရှိနေသေးသည်။ NLD အစိုးရ၏ သက်တမ်းအတွင်း NCA စာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့သာရှိခဲ့ခြင်းကြောင့် လက်ရှိတွင် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့ ရှိသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပါဝင်ဆောင်ရွက်သူ (actors) များစွာ၊ ပါဝင်ပတ်သက်သူ (stakeholders) များစွာနှင့် ယန္တရားများစွာ ပါဝင်သော ရှုပ်ထွေးသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

စာမျက်နှာ ၁၂ သို့ ✤

# (၈၉)ကြိမ်မြောက် အင်တာပိုလ်အထွေထွေညီလာခံသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်နှင့်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၈**

အင်တာပိုလ်၏ဖိတ်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင် ဦးဆောင်၍ အဆင့်မြင့်ရဲအရာရှိကြီးများပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် နိုဝင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် (၈၉) ကြိမ်မြောက် အင်တာပိုလ် အထွေထွေညီလာခံ (89th Session of INTERPOL General Assembly)သို့ တက်ရောက်ခဲ့သည်။

(၈၉) ကြိမ်မြောက် အင်တာပိုလ် အထွေထွေညီလာခံသို့ အင်တာပိုလ်အဖွဲ့ဝင် ၁၉၄ နိုင်ငံအနက် ၁၆၉ နိုင်ငံတို့မှ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာနများ၏ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ရဲအဖွဲ့အကြီးအကဲများ ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများ၊ အင်တာပိုလ်မှ အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ Mr. KIM Jong Yang၊ အထွေထွေအတွင်းရေးမှူးချုပ် Mr. Jurgen Stockနှင့်အမှုဆောင်ကော်မတီဝင်များ၊ နိုင်ငံတကာမှုခင်း တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

ညီလာခံပထမနေ့တွင် ကမ္ဘာတစ်ဝန်း တစ်နေ့တခြား ပုံစံမျိုးစုံဖြင့် တိုးတက်များပြားလာသော နိုင်ငံဖြတ်ကျော် မှုခင်းများ၊ အကြမ်းဖက်မှုနှင့် ဆိုက်ဘာမှုခင်းများသည် နယ်နိမိတ်မရှိဘဲ ထိုးဖောက် ဝင်ရောက်လျက်ရှိသဖြင့် ရဲတပ်ဖွဲ့အချင်းချင်း ရင်းနှီးပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိရောက်စွာတိုက်ဖျက်နှိမ်နင်းနိုင်ရေး၊ အဆင့်မြင့်နည်းပညာ အသုံးပြုနိုင်ရေး၊ မှုခင်းသတင်းအချက်အလက် ဖလှယ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် သက်တမ်းကုန်ဆုံးသည့် အင်တာပိုလ်အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင် ဒေသဆိုင်ရာကိုယ်စားလှယ် ၁၂ နေရာကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခန့်အပ်ခြင်းတို့တွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ဆောင်ရွက်ခဲ့သည်။

ညီလာခံဒုတိယနေ့တွင် WHO ဥက္ကဋ္ဌက အွန်လိုင်းမှ မိန့်ခွန်းပြောကြားခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို ဖြေရှင်းမည့်အစီအမံများ အတည်ပြုခြင်း၊ မိုက်ခရိုနီးရှား ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ (Federal State of Micronesia) အား အင်တာပိုလ်အဖွဲ့ဝင်နိုင်ငံအဖြစ် လျှောက်ထားမှုကို လျှို့ဝှက်မဲပေး၍ အတည်ပြုခြင်း၊ အင်တာပိုလ်၏ အုပ်ချုပ်မှုနှင့် သတင်းအချက်အလက် အသုံးပြုမှုပုံစံများ၊ အမှုဆောင်ကော်မတီ ရွေးချယ်ခန့်အပ်ခြင်း၊ အင်တာပိုလ် မဟာဗျူဟာမူဘောင် ၂၀၂၂-၂၀၂၅၊ (၈၉) ကြိမ်မြောက် အင်တာပိုလ် အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၁၄ ချက်ကို အတည်ပြုခြင်းတို့ ပါဝင်ဆောင်ရွက်ခဲ့သည်။



(၈၉) ကြိမ်မြောက် အင်တာပိုလ်အထွေထွေညီလာခံ (89th Session of INTERPOL General Assembly) သို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

ညီလာခံ တတိယနေ့တွင် အင်တာပိုလ်နှင့် ပူးပေါင်းဆောင်ရွက်မည့် အာရပ်ပြည်ထဲရေးဝန်ကြီးများအဖွဲ့ (AIMC)၊ ကမ္ဘာ့တိရစ္ဆာန်များဆိုင်ရာ အဖွဲ့အစည်း (OIE)၊ နိုင်ငံတကာရဲချုပ်များအသင်း (IACP) တို့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်သည် အင်တာပိုလ်ညီလာခံ တက်ရောက်စဉ်အတွင်း အင်တာပိုလ် အမှုဆောင်ကော်မတီဥက္ကဋ္ဌ Mr. KIM Jong Yang၊ အထွေထွေအတွင်းရေးမှူးချုပ် Mr. Jurgen Stock တို့နှင့် သီးခြားတွေ့ဆုံသည်။ ထို့အပြင် ၂၀၂၂- ၂၀၂၅ လေးနှစ် ရာထူးသက်တမ်းအတွက် အင်တာပိုလ်ဥက္ကဋ္ဌ ရွေးချယ်ခြင်းခံရသော အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (UAE) ရဲချုပ် Police Inspector General, H.E. Mr. Ahmed Nasser Al Raisi ကိုလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr.Sergey N. Lebedev၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Nyugen Duy Ngoc တို့နှင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရဲအဖွဲ့အကြီးအကဲ၊ အိန္ဒိယနိုင်ငံရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ တော်ဝင်ရဲအဖွဲ့တို့မှ ရဲတပ်ဖွဲ့ အကြီးအကဲများနှင့် သီးခြားစီတွေ့ဆုံကာ နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနများနှင့် ရဲတပ်ဖွဲ့များအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရေး၊ မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ပြောကြား၍ အမှတ်တရ လက်ဆောင်များ အပြန်အလှန်ပေးအပ်ခြင်း ဆောင်ရွက်ခဲ့သည်။

(၈၉)ကြိမ်မြောက် အင်တာပိုလ် အထွေထွေညီလာခံ တက်ရောက်၍ အင်တာပိုလ်၏ ရဲအဖွဲ့များ စွမ်းရည်မြှင့်တင်ရေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် ကဏ္ဍများနှင့် မြန်မာနိုင်ငံမှုခင်းတားဆီးနှိမ်နင်းရေးတွင် ရဲတပ်ဖွဲ့များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ ပိုမိုတိုးမြှင့်နိုင်ရေးတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ဒုတိယဝန်ကြီး၊ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းတွင် မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

✤ စာမျက်နှာ ၁၁ မှ

သို့ဖြစ်ရာ NLD အစိုးရ၏ အကျိုးစီးပွားများနှင့် အင်စတီကျူးရှင်းများအား စီမံခန့်ခွဲရာတွင် အတွေ့အကြုံနည်းပါးမှု၊ လွှတ်တော်တွင်း ရရှိထားသည့် အများစုအင်အားကို လွဲမှားစွာကိုင်တွယ်အသုံးပြုမှု၊ လုံလောက်သည့် နိုင်ငံရေးအရ ရင်းနှီးမြှုပ်နှံမှုမရှိမှုနှင့် အစီအစဉ်မကျသည့် လုပ်ဆောင်မှုများသည် ဘုံသဘောတူ လက်ခံနိုင်ပြီး ပြည်ထောင်စုတစ်ဝန်း ရေရှည်ခိုင်မြဲစွာ ကျင့်သုံးနိုင်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်မူများရေးဆွဲရာတွင် မတူညီသော အကျိုးစီးပွားနှင့် အုပ်စုများအကြားလိုအပ်သည့် နိုင်ငံရေး တပေါင်းတစည်းတည်းရှိမှုကို ဆောင်ကြဉ်းရာ၌ ရွှေပြည်တော်မျှော်တိုင်းဝေး ဖြစ်စေခဲ့သည်။

**အမျိုးသားရေးတာဝန်များ**

အာဏာရပါတီဖြစ်ခဲ့သည့် NLD သည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် ပြင်ဆင်ရာတွင် အများစုမှအပ်နှင်းသည့်လုပ်ပိုင်ခွင့်အတွက် ယုံကြည်မှုတည်ဆောက်ရေး၊ နိုင်ငံရေးညီညွတ်မှုရှိရေးနှင့် အမျိုးသားရေးတာဝန်များကို မျက်ခြည်မပြတ်စေရေးတို့ကို လျစ်လျူရှုခဲ့သည်။ NLD ပါတီသည် ထိတွေ့ဆက်ဆံရေးတွင် အောက်ခြေလူထုအကြား မဲဆွယ်စည်းရုံးမှုများအား ဆောင်ရွက်ခဲ့သော်လည်း လုံခြုံရေးနှင့် ရွေးကောက်ပွဲအလွန်ကာလ တည်ငြိမ်အေးချမ်းရေးတို့နှင့်စပ်လျဉ်း၍မူ actor/ stakeholders အဆင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုတို့ပြုရန် အာရုံစိုက်ခဲ့ခြင်းမရှိပေ။ ရွေးကောက်ပွဲအပြီး ထွက်ပေါ်လာသည့် မဲစာရင်းအမှားနှင့် ရွေးကောက်ပွဲမသမာမှုများအပေါ် တိုင်ကြားချက်များကိုလည်း NLD အစိုးရ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး နှစ်ရပ်စလုံးက အလေးထားတုံ့ပြန်ခဲ့ခြင်းမရှိပေ။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကာလုံအစည်းအဝေးခေါ်ယူဆွေးနွေးရန် တပ်မတော်၏ တောင်းဆိုမှုကိုလည်း NLD အစိုးရက ပယ်ချခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မအောင်မြင်ရခြင်းသည် တစ်ကြိမ်တစ်ခါ မှားယွင်းဆောင်ရွက်ခြင်းများ သို့မဟုတ် ဆောင်ရွက်မှုမရှိခြင်းများကြောင့် မဟုတ်ဘဲ ဒီမိုကရေစီ အလေ့အထများမှ သွေဖည်သည့်လုပ်ရပ်များ စုဝေးဖြစ်ပေါ်ခြင်း၏ရလဒ်ဖြစ်သည်။ ဒီမိုကရေစီဟူသည်မှာ ရွေးကောက်ပွဲနှင့် အများစုထောက်ခံမှုရှိရုံဖြင့် မရရှိနိုင်သည်ကို NLD အစိုးရ၏ ၂၀၁၆-၂၀၂၁ သက်တမ်းက သက်သေပြခဲ့သည်။

**အပိုင်း (၃)**

**NUG ၊ CRPH ၊ အများကြိုက်လိုက်ဝါဒနှင့် တလွဲမျှော်လင့်ချက်**

NLD အစိုးရ၏ ခေါင်းဆောင်မှုအောက်တွင် ဒီမိုကရေစီ၏ မှတ်ကျောက်စံနှုန်းများမှ လက်မခံနိုင်လောက်သည်အထိ လွဲချော်ခဲ့ရသော မြန်မာ့ဒီမိုကရေစီကို ပြန်လည်ထိန်းကျောင်းတည့်မတ်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်နှင့် အာဏာကြီး သုံးရပ်တို့ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယာယီလွှဲပြောင်းရယူခဲ့သည်။ ယင်းသည် အာဏာသိမ်းမှုတစ်ရပ် မဟုတ်ပေ။ ထိုသို့ ရွေးကောက်ပွဲအကျပ်အတည်းနှင့် ဒီမိုကရေစီမှ သွေဖည်နေသောဖြစ်ရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်အာဏာအား ယာယီလွှဲပြောင်းရယူရာတွင် ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရယူမှု အပါအဝင် ဥပဒေကြောင်းနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ခဲ့သည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ရယူဆောင်ရွက်သည့်ကာလသည် ဒီမိုကရေစီကို ပြန်လည်ထိန်းကျောင်းတည့်မတ်ရန်နှင့် မလိုလားအပ်သော အခြေအနေများမှ ကာကွယ်ရန်အတွက် နိုင်ငံရေးအရ အရေးပါသည့် အချိန်အပိုင်းအခြား ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ယင်း၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ကောင်စီများ၏ စစ်ဘက်-အရပ်ဘက် ပါဝင်မှုဖွဲ့စည်းမှု၊ အရပ်ဘက်နှင့် စစ်ဘက် နှစ်ရပ်စလုံးကို အခြေခံထားသည့် အင်စတီကျူးရှင်းများပါဝင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာလုပ်ငန်းစဉ်နှင့် ယန္တရားများကို ကြည့်ရှုခြင်းဖြင့် စစ်အစိုးရရော စစ်အုပ်ချုပ်ရေးပါ မဟုတ်သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လတ်တလောတွင် အာဏာသုံးရပ်ခွဲဝေကျင့်သုံးမှုအား ခေတ္တရပ်ဆိုင်းထားပြီး ပြည်သူလူထု၏ အကျိုးစီးပွားအတွက် လိုအပ်သော ဥပဒေသစ်အချို့ကိုပြဋ္ဌာန်းသည်ကလွဲလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဆက်လက်ကျင့်သုံးလျက်ရှိသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲစာရင်းအမှားများနှင့်စပ်လျဉ်းသော ကန့်ကွက်မှုနှင့် တိုင်ကြားစာများအားဖြေရှင်းရန် ငြင်းဆန်ခဲ့ခြင်းနှင့် NLD ဦးဆောင်သောအစိုးရနှင့် လွှတ်တော်တို့က တာဝန်ယူမှုရှိသည့် အရေးယူတုံ့ပြန်ဆောင်ရွက်မှုများပြုရန် ပျက်ကွက်ခဲ့ခြင်းတို့ကြောင့် ဒီမိုကရေစီနှင့် သွေဖည်သောလုပ်ရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ထုံးလုပ်နည်းများ သက်ဝင်လာခဲ့ရခြင်းဖြစ်သည်။ နိုင်ငံရေးအရ အရေးပါသည့် အချိန်အပိုင်းအခြားအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့ချိန်မှစ၍ NLD အစိုးရ၏ တရားဝင်မှုနှင့် ၎င်း၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး အာဏာများမှာ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ ပြစ်ချက် အနာအဆာ ကြီးကြီးမားမားရှိခဲ့သည့် ရွေးကောက်ပွဲရလဒ်သည် NLD အစိုးရ၏ တရားဝင်မှုသက်တမ်းကို ဆွဲဆန့်ပေးနိုင်ခြင်းမရှိပေ။ ထို့အတူ NLD အနေဖြင့် အဆိုပါရလဒ်များကို ကိုင်စွဲကာ ၎င်းကိုယ်ကိုယ် အစိုးရအဖြစ် ကြေညာရန်သော်လည်းကောင်း၊ ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်းရန်သော်လည်းကောင်း မဖြစ်နိုင်ပေ။ ဒေါ်အောင်ဆန်းစုကြည်နှင့် အဆက်အသွယ် ပြတ်တောက်နေပုံရသော NLD ပါတီနှင့် ၎င်း၏ အပေါင်းအပါများသည် ထင်ရာမြင်ရာလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြသည်။ NLD ၏ အချို့သောအကြီးတန်းပါတီဝင်များနှင့် အကြီးတန်းရာထူးနေရာ ခန့်အပ်ခံထားရသူများသည် အများစုမှ ၎င်းတို့အား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့် တရားဝင်မှုတို့ကို သက်တမ်းအကန့်အသတ်မရှိ တည်ရှိသကဲ့သို့ ယူဆပြုမူလျက်ရှိကြသည်။ ထို့ကြောင့် NUG နှင့် CRPH ဟူသော အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ ကိုယ်ကိုယ် တရားဝင်သည်ဟု ကြေညာကာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ဆောင်ရွက်လျက်ရှိခြင်းသည် ထောက်ခံမှုအချို့ရှိလျှင်ပင် တရားဥပဒေနှင့် ညီညွတ်မှုမရှိပေ။ ယင်းအဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များသည် မည်သည့်သရုပ်သကန်နှင့်မျှ ကျိုးကြောင်းဆီလျော်မှု၊ မှန်ကန်မျှတမှု ရှိမနေပေ။ ၎င်းတို့သည် လက်ရှိအစိုးရ ကြေညာထားသည့်အတိုင်း တရားဥပဒေနှင့် မညီညွတ်သော အကြမ်းဖက်အဖွဲ့အစည်းများမျှသာဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၇၂ သန်းကျော်ရှိလာ

**အန်ကာရာ နိုဝင်ဘာ ၂၈**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၅၇၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူပေါင်း ၈၇၂၄၄၀၀ ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ထို့ပြင်တူရကီနိုင်ငံ၌လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၂ ဦး ထပ်မံတွေ့ရှိရသဖြင့် သေဆုံးသူပေါင်း ၇၆၂၃၃ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၅၁၀၃ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၆ ဒသမ ၁၈ သန်းကျော်ရှိကြောင်း၊ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၅၀ ဒသမ ၃၂ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၂၀ ဒသမ ၀၅ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**




## အစ္စရေးနိုင်ငံက အာဖရိကနိုင်ငံ ၅၀ သို့ ခရီးသွားခြင်းကို ပိတ်ပင်တားမြစ်

**ဂျေရုဆလင် နိုဝင်ဘာ ၂၈**

အစ္စရေးနိုင်ငံသည် အာဖရိက၌တွေ့ရှိသည့် အိုမီခရွန်(Omicron) ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်ရန်အတွက် အစ္စရေးနိုင်ငံသားများအား အာဖရိကနိုင်ငံ ၅၀ သို့ ခရီးသွားခြင်းကို နိုဝင်ဘာ ၂၇ ရက်မှ စတင်ကာ ပိတ်ပင်တားမြစ်ခဲ့ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံသည် နိုဝင်ဘာ ၂၅ ရက်တွင် အာဖရိကနိုင်ငံ ခုနစ်နိုင်ငံအား အစ္စရေးနိုင်ငံသားများ ခရီးသွားရောက်ခြင်းမပြုရမည့် အနီရောင်အဆင့်ရှိနိုင်ငံများအဖြစ် သတ်မှတ်ခဲ့ပြီး လက်ရှိတွင် အခြားသော အာဖရိကနိုင်ငံပေါင်း ၄၃ နိုင်ငံသို့လည်း ခရီးသွားရောက်ခြင်းမပြုရန် ထပ်မံပိတ်ပင်တားမြစ်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသားတစ်ဦးအနေဖြင့် ယင်းအာဖရိကနိုင်ငံ ၅၀ အနက် နိုင်ငံတစ်နိုင်ငံသို့ ခရီးသွားရန် ကြိုးပမ်းပါက ရှီကယ် ၅၀၀၀ ဒဏ်ရိုက်မည်ဖြစ်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူများနှင့် ပြန်လည်ကျန်းမာလာသူများအပါအဝင် အာဖရိကနိုင်ငံ ၅၀ မှ ပြန်လာသည့် အစ္စရေးနိုင်ငံသားအားလုံးသည် အနည်းဆုံးခုနစ်ရက်ကြာ သီးသန့်ခွဲထားစောင့်ကြည့်မှုခံယူရမည် ဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂ ဒသမ ၆ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၈**

မလေးရှားနိုင်ငံ၌ ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၉၇ ဦးထပ်မံတွေ့ရှိရသဖြင့် ကူးစက်ခံရသူပေါင်း ၂၆၁၉၅၇၇ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ယမန်နေ့က ကူးစက်ခံရသူ ၅၀၉၇ ဦးအနက် ၅၀၈၀ သည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၇ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှ ထုတ်ပြန်သည့်အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀ ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၀၂၈၀ ရှိလာကြောင်း သိရသည်။ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၂၅၂၂၀၄၅ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၆၇၂၅၂ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇၉ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၇၇ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**




## တရုတ်နိုင်ငံက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆဋ္ဌမအသုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လက်ခံရရှိ

**ဒါကာ နိုဝင်ဘာ ၂၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တရုတ်နိုင်ငံက လှူဒါန်းပေးအပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆဋ္ဌမအသုတ်ကို နိုဝင်ဘာ ၂၅ ရက်တွင် လက်ခံရရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ တရုတ်သံရုံးက ယမန်နေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံက လှူဒါန်းပေးအပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ငါးသုတ်သည် ယခုနှစ်မေ၊ ဇွန်၊ ဩဂုတ်နှင့် အောက်တိုဘာလတို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ တရုတ်သံရုံးက ပြောကြားသည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၉၅ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အများဆုံးအသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယမန်နေ့အထိ လူဦးရေ ၅၈ ဒသမ ၈၇ သန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၃၆ ဒသမ ၁၉ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## ဩစတြေးလျနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူနှစ်ဦး ပထမဆုံးအကြိမ် စစ်ဆေးတွေ့ရှိ

**ဆစ်ဒနီ နိုဝင်ဘာ ၂၈**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ တောင်အာဖရိကနိုင်ငံမှ ပြန်လာသောခရီးသည်နှစ်ဦးတွင် အိုမီခရွန်(Omicron)ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ် ကူးစက်ခံရမှု ပထမဆုံးအကြိမ် စစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ယနေ့ ပြောကြားသည်။

နိုဝင်ဘာ ၂၇ ရက်က တောင်အာဖရိကနိုင်ငံမှ ထွက်ခွာလာပြီး ဆစ်ဒနီမြို့၌ ဆင်းသက်သော ခရီးသည်နှစ်ဦးကို အရေးပေါ်စစ်ဆေးခဲ့ပြီးနောက် နှစ်ဦးစလုံးတွင် အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ခံရသည်ကို အတည်ပြုခဲ့ကြောင်း နယူးဆောက်ဝေးပြည်နယ် ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါခရီးသည်နှစ်ဦးစလုံးသည် ကာတာလေကြောင်းလိုင်းဖြင့် တောင်အာဖရိကနိုင်ငံမှ ထွက်ခွာလာပြီး ကာတာနိုင်ငံဒိုဟာမြို့မှတစ်ဆင့် ဩစတြေးလျနိုင်ငံကို ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း နယူးဆောက်ဝေးလ် ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။ ဩစတြေးလျနိုင်ငံသို့ ရောက်ရှိခဲ့ပြီးနောက် အရေးပေါ်စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလူနာနှစ်ဦးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူခဲ့ပြီးသူများဖြစ်ပြီး လတ်တလောအချိန်တွင် ကျန်းမာရေးဆိုင်ရာ အထူးစောင့်ကြည့်ရေးစင်တာတွင် သီးခြားစောင့်ကြည့်မှုခံယူလျက်ရှိသည်။

ဩစတြေးလျနိုင်ငံသည် အိုမီခရွန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသော လူနာနှစ်ဦး စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် တောင်အာဖရိကနှင့် ဇင်ဘာဘွေနိုင်ငံအပါအဝင် အာဖရိကနိုင်ငံကိုးနိုင်ငံမှ လေကြောင်းလိုင်းများကို ပိတ်ပင်တားမြစ်လိုက်သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၆၁၅၀၁၄၀၈ ဦး |
| | သေဆုံးသူ ၅၂၁၅၅၉၉ ဦး |
| | ပြန်လည်ကျန်းမာလာသူ ၂၃၆၂၃၁၉၇၂ ဦး |

# ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် တရားခံများအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့ ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် နိုဝင်ဘာ ၆ ရက်တွင် **ခိုင်စိုး**(၄၈)နှစ်အား ကျိုက်လတ်မြို့နယ် ကျုံသီဝကျေးရွာရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ **ခိုင်စိုး**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၇ ရက်တွင် ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာ၌ **ပြည့်ဖြိုးအောင်(ခ)ကိုပြည့်**(၂၈)နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၈ ရက်တွင် ကျိုက်လတ်မြို့နယ် သမက်ပြေကျေးရွာ၌ **သန့်ဇင်(ခ)ကုလား**(၄၉)နှစ်နှင့် **ဟိန်းကို**(၂၃)နှစ်တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ **ခိုင်စိုး**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၀ ရက်တွင် ကျိုက်လတ်မြို့နယ် ကျုံသီဝကျေးရွာ၌ **သန်းသန်းဦး**(၅၃)နှစ်နှင့် ကျိုက်လတ်မြို့ (၅)ရပ်ကွက် (၁၆/၁၇)လမ်း အမှတ်(၂၂၂)၌ **အောင်အောင်ဦး**(၄၀)နှစ်တို့ကို လည်းကောင်း၊ နိုဝင်ဘာ ၁၁ ရက်တွင် ကျိုက်လတ်မြို့နယ် ရွှေလှေရိုးကျေးရွာ၌ **မြင့်မြင့်စီ**(၄၆)နှစ်ကို လည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ရွှေလှေရိုးကျေးရွာ၌ **မြင့်မြင့်ရီ**(၄၃)နှစ်ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။


**သိမ်းဆည်းရမိ**

တရားခံများ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတား(မုပ္ပလင်)စစ်ဆေးရေးဂိတ်၌ ကျိုက်လတ်မြို့နယ် PDF အကြမ်းဖက်အဖွဲ့မှ **ထွဋ်နောင်ဦး(ခ)စီးဖိန်**(၂၃)နှစ်၊ **ချမ်းမြေ့သူ(ခ)ကြက်ကြီး**(၂၆)နှစ်နှင့် **မျိုးကိုကို**(၂၀)နှစ်တို့ ၃ ဦးကို ဖမ်းဆီးရမိခဲ့ပြီး **ချမ်းမြေ့သူ(ခ)ကြက်ကြီး**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၅ ရက်တွင် ကျိုက်လတ်မြို့ ဘုံလုံချောင်းတံတားအနီး၌ **အောင်သူ**(၃၇)နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ကျိုက်လတ်မြို့နယ် သပြေတန်းကျေးရွာ အနောက်ဘက် လယ်ကွင်းအတွင်း၌ **COLT DEFENDER အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ၁၅ တောင့်၊ ကျည်အိမ်တစ်ခု**အား သိမ်းဆည်းရမိခဲ့သည်။

တရားခံ **ထွဋ်နောင်ဦး(ခ)စီးဖိန်**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၅ ရက်တွင် ဒေးဒရဲမြို့နယ် ကျိုက်လတ်မြစ်ကမ်းအနီး မိချောင်းအိုင်ကျေးရွာ ချောင်းဝတွင် **RETAY MOD 92 အမျိုးအစား ပစ္စတိုသေနတ် ၁ လက်၊ ၎င်းကျည် ၅ တောင့်၊ ကျည်အိမ် ၁ ခု** အား သိမ်းဆည်းရမိခဲ့ပြီး နိုဝင်ဘာ ၁၆ ရက်တွင် ကျိုက်လတ်မြို့ (၃)ရပ်ကွက် (၇)လမ်းနှင့် (၈)လမ်းထောင့်ရှိ စိန်ဖုန်းရောင်းဝယ်ရေးဆိုင်၌ **သဉ္ဇာလင်း**(၂၃)နှစ်ကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ **မြင့်မြင့်စီ**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၇ ရက်တွင် ကျိုက်လတ်မြို့နယ် ခမုံကျေးရွာ၌ **ဗညားအောင်**(၂၄)နှစ်နှင့် ဘိုကလေးမြို့နယ် သူငွေးကုန်းကျေးရွာ၌ **တင်အောင်မိုး**(၅၀)နှစ်တို့ ၂ ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ကျိုက်လတ်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် တရားခံများအား လက်နက်ခဲယမ်းများနှင့် ဖမ်းဆီးရရှိမှု အခြေပြဇယား**




**ဖမ်းဆီးရမိ**

တရားခံ **ထွဋ်နောင်ဦး(ခ)စီးဖိန်**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၇ ရက်တွင် ကျိုက်လတ်မြို့နယ် ကျုံတုံးလက်ပံကျေးရွာ၌ **မျိုးသန့်ဦး**(၅၁)နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး နိုဝင်ဘာ ၁၈ ရက်တွင် ကျုံသီဝကျေးရွာရှိ **ခိုင်စိုး**၏နေအိမ်မှ စနိုက်ပါ မှန်ပြောင်း ၁ ခု၊ လက်လုပ်မိုင်း ၂ လုံး၊ TNT ယမ်းတောင့် ၅ တောင့်၊ ဒီတိုနေတာ ၅ ချောင်းနှင့် အခြားဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကာ ဖျာပုံမြို့ (၁၈)ရပ်ကွက် ဗိုလ်မြတ်စံလမ်း၌ **ကျော်ဇောဟိန်း(ခ)ထော်လေး**(၂၂)နှစ်နှင့် **ငြိမ်းချမ်းဦး** (၂၃)နှစ်တို့ ၂ ဦးကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ **ထွဋ်နောင်ဦး(ခ)စီးဖိန်** ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၉ ရက်တွင် ကျိုက်လတ်မြို့နယ် ပရိုက်ကြံခင်းအုပ်စု စခန်းကြီးကျေးရွာ ချောင်းအစပ်၌ ဆာလာအိတ်နှင့် ထည့်ထားသော လက်လုပ်လေသေနတ် နှစ်လက်အား သိမ်းဆည်းရမိခဲ့ပြီး တရားခံ **ငြိမ်းချမ်းဦး**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၉ ရက်တွင် ဖျာပုံမြို့ (၁)ရပ်ကွက် ဓနိတော(၁)လမ်း၊ ဖျာပုံတံတားအောက်၌ **သိန်းတန်**(၅၅)နှစ်နှင့် **ခင်ဇော်** (၄၉)နှစ်တို့ ၂ ဦးကိုလည်းကောင်း၊ တရားခံ **ထွဋ်နောင်ဦး(ခ)စီးဖိန်** ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၂၀ ရက်တွင် ဖျာပုံမြို့နယ် ဒေါ်ညိမ်းအုပ်စု ဗန်ဒါပင်ကျေးရွာ၌ **ချစ်ကိုကို**(၃၀)နှစ်ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**စာမျက်နှာ ၁၅ သို့** ❁




၁၂-၆-၂၀၂၂ ရက်တွင် ကျိုက်လတ်မြို့ (၁)ရပ်ကွက် ကျောင်းလမ်းရှိ (အထက-၁) ကျောင်းရှေ့၌ လက်လုပ်မိုင်းတွေ့ရှိသည့် မှတ်တမ်းဓာတ်ပုံ။




၂၉-၆-၂၀၂၂ ရက်တွင် ကျိုက်လတ်မြို့ (၃)ရပ်ကွက် ကန်တော်ကြီးလမ်းရှိ မြို့နယ်ပညာရေးမှူးရုံး အနောက်ဘက်ရှိ စတိုခန်းဘေး၌ လက်လုပ်မိုင်းပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။



အောက်တိုဘာလ(ဒုတိယပတ်၊ ရက်မမှတ်မိ)တွင် ကျိုက်လတ်မြို့နယ် ဒေါင့်ကြီးကျေးရွာရှိ Mytel တာဝါတိုင်၌ လက်လုပ်မိုင်း ၁ လုံးတွေ့ရှိသည့် မှတ်တမ်းဓာတ်ပုံ။

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



ကျိုက်လတ်မြို့နယ် ကျုံသီဝကျေးရွာ၌ သိမ်းဆည်းရမိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



၂၉-၆-၂၀၂၁ ရက်တွင် ကျိုက်လတ်မြို့ (၁)ရပ်ကွက် ဖျာပုံ-ကျိုက်လတ်ကားလမ်းရှိ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်၌ လက်လုပ်မိုင်းပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။



အပြစ်မဲ့ပြည်သူ ကျား ၄ ဦး၊ မ ၁ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့မှု။

❁ **စာမျက်နှာ ၁၄ မှ**

ဖြစ်စဉ်တွင် တရားခံ **ကျား ၁၇ ဦး၊ မ ၄ ဦး ပေါင်း ၂၁ ဦး** ကို ပစ္စတို ၂ လက်၊ ၎င်းကျည်တောင့် ၂၀၊ ကျည်အိမ် ၂ ခု၊ လက်လုပ် လေသေနတ် ၂ လက်၊ စနိုက်ပါ မှန်ပြောင်း ၁ ခု၊ လက်လုပ်မိုင်း ၂ လုံး၊ TNT ယမ်း ၅ တောင့်၊ ဒီတိုနေတာ ၅ ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### ဖော်ထုတ်သိရှိ

တရားခံများ၏ ထွက်ဆိုချက်အရ ဧပြီ ၁၂ ရက်မှ မေ ၂၀ ရက်အထိ **ထွဋ်နောင်ဦး(ခ)စီးဖိန်၊ ချစ်ကိုကို၊** ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **နေနိုင်(ခ)ကိုသက်၊ ကောင်းထက်လင်း၊ နေမျိုးအောင်၊ ဆန်းလင်း(ခ)ဆန်းလင်းအောင်**နှင့် **အောင်အောင်ကျော်** တို့သည် မိုးညှင်းမြို့နယ်ရှိ KIA တပ်မဟာ(၈)တွင် အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့ကြောင်း၊ သင်တန်းဆင်းပြီးနောက် **ထွဋ်နောင်ဦး(ခ)စီးဖိန်၊ နေနိုင်(ခ)ကိုသက်**နှင့် **ဆန်းလင်း(ခ)ဆန်းလင်းအောင်** တို့သည် ဇူလိုင် ၂၀ ရက်ခန့်တွင် ဖောက်ခွဲရေးဆင့်ပွားသင်တန်း အမှတ်စဉ်(၁)အား ဖမ်းဆီးရန်ကျန် တရားခံ **ဆန်ဇော၊ ဗလကြီး၊ လပြည့်၊ ဒူးရှည်၊ ခေါ်ကြီး**နှင့် **ကြက်ခေါင်း**တို့ ၆ ဦးကို ကျိုက်လတ်မြို့နယ် ကျုံသီဝကျေးရွာရှိ **ခိုင်စိုး၊ သန်းသန်းဦး**တို့၏ နေအိမ်၌ ၆ ရက်ခန့် သင်ကြားပေးခဲ့ကြောင်းနှင့် ဇူလိုင်လ စတုတ္ထပတ်ခန့်တွင် ဖောက်ခွဲရေးဆင့်ပွားသင်တန်း အမှတ်စဉ်(၂)နှင့် (၃)တို့အား **မျိုးကိုကို၊** ဖမ်းဆီးရန်ကျန် တရားခံ **ဂျိုကာ(ခ)ဂျိုကြီး** အပါအဝင် ၁၄ ဦးတို့ကို သင်ကြားပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဩဂုတ်လ ပထမပတ်တွင် ဖောက်ခွဲရေးဆင့်ပွားသင်တန်း အမှတ်စဉ်(၄) အား **သန့်ဇင် (ခ)ကုလား၊ ဟိန်းကို**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **ကျော်ကြီး(ခ)ကျော်သူ၊ အောင်ကိုမင်း** တို့ ၄ ဦးကို သမက်ပြေကျေးရွာတွင်လည်းကောင်း၊ ဩဂုတ်လ ဒုတိယပတ်တွင် ဖောက်ခွဲရေးဆင့်ပွားသင်တန်း အမှတ်စဉ်(၅)အား ကျုံတုံးလက်ပံကျေးရွာရှိ **မျိုးသန့်ဦး**၏ နေအိမ်တွင်လည်းကောင်း သင်ကြားပေးခဲ့ကြောင်း ဖော်ထုတ်သိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၂၉ ရက်တွင် **ထွဋ်နောင်ဦး (ခ)စီးဖိန်၊ ပြည့်ဖြိုးအောင်(ခ)ကိုပြည့်၊ ချမ်းမြေ့သူ(ခ)ကြက်ကြီး၊ နေနိုင် (ခ) ကိုသက်** တို့က ဦးဆောင်၍ ကျိုက်လတ်မြို့နယ် PDF အကြမ်းဖက်အဖွဲ့အား ဖွဲ့စည်း၍ ဖျာပုံခရိုင် PDF အကြမ်းဖက်အဖွဲ့တာဝန်ခံအဖြစ် **ထွဋ်နောင်ဦး(ခ)စီးဖိန်**၊ ဖျာပုံမြို့နယ် တာဝန်ခံအဖြစ် ဖမ်းဆီးရန်ကျန် **အောင်သူ**၊ ဘိုကလေးမြို့နယ်တာဝန်ခံအဖြစ် ဖမ်းဆီးရန်ကျန် **ကိုဂျစ်** တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ **မြင့်မြင့်စီ၊ မြင့်မြင့်ရီ၊ ဗညားအောင်၊ တင်အောင်မိုး**နှင့် **အောင်သူ** တို့သည် PDF အကြမ်းဖက်အဖွဲ့ဝင်များကို လိုအပ်သောထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး **ကျော်ဇောဟိန်း (ခ)ထော်လေး၊ ငြိမ်းချမ်းဦး၊ သိန်းတန်** နှင့် **ခင်ဇော်** တို့သည် **ထွဋ်နောင်ဦး(ခ)စီးဖိန်** ထံတွင် အကြမ်းဖက်ဖောက်ခွဲရေးဆင့်ပွားသင်တန်း တက်ရောက်၍ ဖျာပုံမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ထွဋ်နောင်ဦး(ခ)စီးဖိန်** ၏ ထွက်ဆိုချက်အရ ဇွန်လအတွင်း ကျုံသီဝကျေးရွာနေ ၎င်း၏နေအိမ်၌ လက်လုပ်မိုင်းများ ပြုလုပ်ခဲ့ကြောင်း ဇူလိုင်လတွင် ဖမ်းဆီးရန်ကျန် တရားခံ **ဂျပန်ကြီး(ခ)အောင်ခန့်ဇော်** ထံမှ **ပစ္စတို သေနတ် ၂ လက်၊ ကျည်တောင့် ၂၀၀၊ ကျည်အိမ် ၂ ခု** တို့အား ငွေကျပ်သိန်း ၅၀ ဖြင့် ချိတ်ဆက်ဝယ်ယူခဲ့ကြောင်း၊ **အောင်အောင်ဦး**သည် စက်တင်ဘာလတွင် တောင်ကြီးမြို့မှ ဝယ်ယူခဲ့သော Air Gun ၁ လက်အား ၎င်းထံသို့ပေးအပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ထွဋ်နောင်ဦး(ခ)စီးဖိန်** ၏ ထွက်ဆိုချက်အရ **နေနိုင်(ခ) ကိုသက်**နှင့်အတူ ဇွန် ၁၂ ရက်တွင် ကျိုက်လတ်မြို့ (၁)ရပ်ကွက်ရှိ (အထက-၁) ကျောင်းဝင်း၌ လက်လုပ်မိုင်း ၁ လုံးအားလည်းကောင်း၊ ဇွန် ၂၉ ရက်တွင် (၁)ရပ်ကွက် ကျိုက်လတ် - ဖျာပုံကားလမ်းဘေး (အထက-၁)ကျောင်းရှေ့ ခြံစည်းရိုးအပြင်ဘက်၌ လက်လုပ်မိုင်း ၂ လုံးကို လည်းကောင်း၊ (၃)ရပ်ကွက် ကန်တော်ကြီးလမ်း မြို့နယ်ပညာရေးမှူးရုံး အနောက်ဘက်စတိုခန်းဘေး၌ လက်လုပ်မိုင်း ၁ လုံးကို လည်းကောင်း၊ (၁)ရပ်ကွက် ကျိုက်လတ်-ဖျာပုံကားလမ်းဘေး ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်၌ လက်လုပ်မိုင်း ၁ လုံးကို လည်းကောင်း ဖောက်ခွဲခဲ့ရာ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်မှ အပြစ်မဲ့ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် **ထွဋ်နောင်ဦး(ခ)စီးဖိန်**နှင့် **ပြည့်ဖြိုးအောင်(ခ)ကိုပြည့်**တို့ နှစ်ဦးသည် အောက်တိုဘာ ၃ ရက်တွင် ဒေးဒရဲမြို့နယ် ချောင်းဖျားကြီးကျေးရွာရှိ မြို့အဝင်ဆိုင်းဘုတ်အနီး၌ လက်လုပ်မိုင်း ၁ လုံးကို လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ကျိုက်လတ်မြို့ (၂) ရပ်ကွက် (၂)လမ်းရှိ မြို့နယ်လျှပ်စစ်ရုံးရှေ့၌ လက်လုပ်မိုင်း ၃ လုံးကို လည်းကောင်း၊ **ပြည့်ဖြိုးအောင်(ခ)ကိုပြည့်** နှင့် **ဒူးရှည်**တို့ နှစ်ဦးသည် အောက်တိုဘာ ၂၀ ရက်တွင် ကျိုက်လတ်မြို့နယ် ဒေါင့်ကြီးကျေးရွာရှိ Mytel တာဝါတိုင်အား လက်လုပ်မိုင်း ၁ လုံးဖြင့်လည်းကောင်း ဖောက်ခွဲခဲ့ကြောင်းနှင့် ဖောက်ခွဲဖျက်ဆီးမှု စုစုပေါင်း ခုနစ်ကြိမ် ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

### ထောက်ပံ့ပေးလျက်ရှိ

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **သဉ္ဇာလင်း၊ အောင်အောင်ဦး၊ ထွန်းထွန်း၊** ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **နေခြည်အေးမြင့်၊ ဂျစ်တူး(ခ)ဝေမာလွင်** (ဘိုကလေးမြို့နယ် NLD ပါတီဝင်)နှင့် **သန်းထိုက်ဦး**(ကျိုက်လတ်မြို့နယ် NLD ပါတီဝင်)တို့က အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် Mission များ သတ်မှတ်၍ ထောက်ပံ့ပေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၆-၁၁-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**(ယမန်နေ့မှအဆက်)**

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ အထက(၂) ဒဂုံ (အရှေ့) ကျောင်းက ကျောင်းဆရာမတစ်ဦးဖြစ်သည့် ဒေါ်လှလှသန်းကို သတ်သည့်နေရာတွင် အားပေးကူညီမှုနှင့် ထိန်းသိမ်းခံထားရသည့် ကျောင်းသူတစ်ဦး၏ပြောကြားချက်ကို ပြသလိုကြောင်းပြောကြား၍ ဗွီဒီယိုဖိုင်ကို ပြသသည်။

**ဒလန်ဆိုသည့်အသုံးအနှုန်းကို တွင်တွင်ကျယ်ကျယ်သုံး**

အားလုံးမြင်သည့်အတိုင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ယုံကြည်ကြသည့်နိုင်ငံဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာမှ မဟုတ်ဘဲ တစ်ကမ္ဘာလုံးမှာ မိမိကို အသိပညာ၊ အတတ်ပညာသင်ကြားပေးသည့် ဆရာ ဆရာမကို အလေးအမြတ်ပြုခြင်း၊ ကျေးဇူးကြီးမားသူအဖြစ် သတ်မှတ်ထားကြကြောင်း၊ မိမိကို ပညာသင်ကြားပေးသည့် ဆရာ ဆရာမကို သတ်ဖြတ်ရန်မပြောနှင့်၊ လေသံမာမာနှင့်တောင် ပြန်မပြောသင့်ဘူးဟု ဆုံးမကြကြောင်း၊ ယခုတင်ပြခဲ့သည့်ကလေးသည် အခြေခံပညာအဆင့်သင်ကြားနေဆဲနှင့် သင်ယူပြီးမြောက်ခါစအရွယ်ဖြစ်ကြောင်း၊ အသတ်ခံခဲ့ရသည့် ဆရာမထံမှ ရှစ်တန်းကတည်းက ပညာသင်ယူခဲ့ကြသူများဖြစ်ပြီး ၎င်းတို့ အဘယ်ကြောင့် ယခုလိုဖြစ်သွားသလဲဆိုလျှင် နိုင်ငံရေးသမားဆိုသူအမည်ခံများ၏ သွေးထိုးလှုံ့ဆော်မှု၊ နိုင်ငံရေးသမားဆိုသူများ၏ အောက်တန်းကျလှသည့် ညစ်လုံးများကြောင့် အနန္တော အနန္တဂိုဏ်းဝင်ဆရာမကိုပင် ရှင်တစ်လုံး၊ ခင်ဗျားတစ်လုံးသုံးပြီး နှုတ်အားဖြင့်၊ တစ်နည်းအားဖြင့် Messenger စာသားကနေတစ်ဆင့် စော်ကားခဲ့သလို လူကိုသေစေသည်အထိ အစွန်းတစ်ဖက်ကို ရောက်သွားခဲ့ပြီး သတ်ဖြတ်ရန်အထိ တိုက်တွန်းခဲ့၊ လမ်းပြခဲ့ခြင်း တွေ့ရှိရလိမ့်မည်ဖြစ်ကြောင်း၊ ထပ်ပြီး မိမိပြောလိုသည်မှာ ၎င်းတို့ကိုဖမ်းဆီးရမိမှ သိရကြောင်း၊ BEHS – 2 East Dagon Page၊ Human right defender၊ BEHS – 2 East Dagon Page ဆိုလျှင် ၎င်းတို့ကျောင်းသားသုံးယောက်ထဲကနေ လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ လုပ်ဆောင်ပြီး တစ်ကျောင်းလုံးကနေပါပြီး လုပ်ဆောင်နေသလိုမျိုး ပြုလုပ်ကြောင်း၊ ဘေးက လော်ဘီလုပ်သည့် မီဒီယာများလည်းရှိကြောင်း၊ ဒလန်ဆိုသည့်အသုံးအနှုန်းကို တွင်တွင်ကျယ်ကျယ်သုံးပြီး သတ်ဖြတ်နေခြင်းများနှင့်ပတ်သက်ပြီး တစ်ခုဖြည့်စွက်ပြောကြားလိုပါကြောင်း။ CRPH တို့၊ NUG တို့၊ PDF တို့၏ ဒလန်ဆိုသည့် အဓိပ္ပာယ်သတ်မှတ်ချက်က ဘာလဲဟု မေးခွန်းထုတ်ကြည့်စေလိုကြောင်း၊ တွေ့ရာလူကို သတ်၊ သေသွားသူကို ဒလန်အဖြစ် တံဆိပ်ကပ်လိုက်ခြင်းက အများဆုံးဖြစ်ကြောင်း၊ အထင်ရှားဆုံးသက်သေအနေဖြင့် မိမိ Power Point Slide အချို့ကို ပြလိုပါကြောင်း ပြောကြားသည်။

ယခုမြင်တွေ့ရသည့်ဖြစ်စဉ်က မန္တလေးမြို့က ဖြစ်ပါကြောင်း၊ အသတ်ခံရသည့်အမျိုးသမီးငယ်သည် ၎င်းတို့အသုံးအနှုန်းအရ အမြဲရဲရဲတောက်နေသည့်အထိ ထောက်ခံခဲ့သူဖြစ်ကြောင်း၊ အမြဲရဲရဲပဲတောက်တောက်၊ ထာဝရပဲတောက်တောက် အသတ်ခံရကြောင်း၊ ဒလန်အဖြစ်စွပ်စွဲခံရပါကြောင်း ပြောကြားသည်။

နောက်တစ်ခုမြင်တွေ့ရသည့်သူက ရန်ကုန်က ဖြစ်ပါကြောင်း၊ Taxi မောင်းပါကြောင်း၊ ၎င်း၏နိုင်ငံရေးခံယူချက်အရ "ထာဝရထက်တောင် တစ်ရက်ပိုတယ်" ဆိုသည့်သီချင်းလိုပဲ ရဲရဲတောက်ပါကြောင်း၊ ၎င်း၏သမီးဖြစ်သူ တင်ထားသည့် Post တွင် သူ့အဖေ ဘယ်လိုလူစားလဲဆိုသည်ကို သိသာနိုင်ကြောင်း၊ သားဖြစ်သူတင်ထားသည့် Post ကို ကြည့်လျှင် အဖေဖြစ်သူ အသတ်ခံထားရသူမို့ ခပ်ရိုင်းရိုင်းစကားလုံးနှင့်ကို ၎င်းတို့ပြောနေသည့် တော်လှန်ရေးဆိုသည်ကြီးကို ပြောထားကြောင်း၊ မိမိတင်ပြခဲ့ခြင်းများကို ပြန်ပြီးသုံးသပ်ကြည့်လျှင် CRPH၊ NUG၊ PDF များ၏ ဒလန်ဆိုသည့် စွပ်စွဲသတ်ဖြတ်မှုသည် တွေ့ရာလူကိုသတ်၊ ပုဂ္ဂိုလ်ရေးမကျေလည်မှုများ ယခင်က ရှိခဲ့သည်ကိုအခြေခံပြီး ဒလန်အဖြစ်တံဆိပ်ကပ်ရုံထက်မပိုဘူးဟုပြောလိုကြောင်း၊ အလွန်ပင်စုတ်ပဲ့လွန်းသည့် နိုင်ငံရေးသမားအယောင်ဆောင်များဟု ပြောလိုကြောင်း ပြောကြားသည်။

**ဗကပတပ်နီလူငယ်များ**

ယနေ့ပြသသည့်ဖြစ်စဉ်များကို ပြန်ကြည့်လျှင် တစ်ချိန်က ဗကပတပ်နီလူငယ်များက ပြည်သူများကို ပဲခူးရိုးမနှင့် ပဲခူးရိုးမအနောက်ခြမ်း၊ ပြည်၊ သာယာဝတီ၊ ပေါင်းတည်ခရိုင် သတ်ဖြတ်ခဲ့သည့်ပုံစံများနှင့် သွားတူနေသည်ကို တွေ့ရကြောင်း၊ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဗကပဗဟိုဌာနချုပ် လူငယ်အစည်းအဝေးတစ်ခုတွင် ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန်တို့က တပ်နီလူငယ်များကို တို့မှာ ဆွေရယ်မျိုးရယ်မရှိကြောင်း၊ အဖေ၊ အမေ၊ ညီမ၊ အစ်ကိုဟူ၍ မရှိစေရ၊ လူတိုင်းဟာ လိုအပ်လာရင် အဖေအရင်း၊ အမေအရင်း၊ အစ်ကိုအရင်း၊ ညီအရင်း၊ ညီမအရင်းကိုပါ သတ်ရမည်ဟု စေခိုင်းခဲ့ကြောင်း၊ ၁၉၆၇ ခုနှစ် မတ်လတွင် ဇီးကုန်းမြို့အနောက်ခြမ်း၊ နွားတည်းကုန်းကျေးရွာက ၎င်းတို့ဗကပအချင်းချင်းဖြစ်သော ရဲဘော်လှကြည်၏ဇနီးကို ဒလန်ဆိုသည့် စွပ်စွဲချက်ဖြင့် ဝါးရင်းတုတ်နှင့် မသေမချင်းရိုက်သတ်ကြောင်း၊ ရွာသားများကို သတ်ကြောင်း၊ ထို့အပြင် ပြည်ခရိုင် ပေါင်းတည်မြို့ မှတ်တိုင်ကျေးရွာရှိ ဘုန်းတော်ကြီး ဦးသူရိယနှင့် ဒါယကာတစ်ဦးတို့ကို အာဏာတည်ဆောက်ရေး၊ အတားအဆီးအဖြစ်၊ ဒလန်အဖြစ် သတ်မှတ်ပြီး တပ်နီအမျိုးသမီးအဖွဲ့က ဝါးရုံတွင် ကြိုးတုပ်ကာ ခေါနှင့်ပါးပါးလှီးပြီး ဝါးရင်းတုတ်ဖြင့် ရိုက်သတ်ခဲ့ကြောင်း၊ ဘုန်းကြီး၏ သင်္ကန်းများကို အမျိုးသမီးများက အတွင်းခံဘောင်းဘီ၊ အတွင်းခံအင်္ကျီတို့ ချုပ်ပြီးဝတ်ခဲ့ကြောင်း၊ သာယာဝတီ၊ ပေါင်းတည်၊ နတ်တလင်း ထိုခရိုင်များ၌ ဒလန်ဟုစွပ်စွဲသတ်ဖြတ်ခံရသူ ရွာသူရွာသား အမြောက်အမြားရှိခဲ့ကြောင်း၊ ၎င်းအရာများသည် ဂရုစိုက်စရာကောင်းသည့် သမိုင်းများဖြစ်ကြောင်း၊ ဤသမိုင်းများသည် အလကားဖြစ်လာခြင်းမဟုတ်ကြောင်း ပြောကြားသည်။

နောက်တစ်ခုမှာ မုံရွာမြို့က Sagaing Independent Army အဖွဲ့အမည်ခံ အကြမ်းဖက်အဖွဲ့၏ခေါင်းဆောင် ဇော်ထက်အောင် (ခေါ်) ခွန်ဆာ၏ ပြောကြားချက်ဖြစ်ကြောင်းပြောကြားပြီး ခွန်ဆာ၏ ဗီဒီယိုဖိုင်ကို ပြသသည်။

Video File ထဲတွင် အဓိကကျသည်ဟု ယူဆနိုင်သည့် အရာအချို့ကို ထုတ်ပြလိုကြောင်း၊ ပထမဆုံးအချက်မှာ ရည်ရွယ်ချက်မဲ့ရမ်းကားမှုဖြစ်ကြောင်း၊ လူသတ်ရန် သေနတ်ငှားကြောင်း၊ သေနတ်ရလာပြီး မည်သူ့ကို သတ်ရမည်ဆိုသည်ကို မသိကြောင်း၊ မြို့ကို လှည့်ပတ်ကြည့်ပြီး ယာဉ်ထိန်းကိုတွေ့၍ ပစ်သတ်လိုက်သည်ဟု ပြောထားပါကြောင်း ပြောကြားသည်။

ဒုတိယအချက်အနေဖြင့် ယခုဝန်ခံထားသည့်သူသည် ရဲစခန်း၊ Mytel ရုံး၊ မြန်မာဘီယာနှင့် စသည့်နေရာများတွင် ဖောက်ခွဲတိုက်ခိုက်ခြင်း၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို သတ်ဖြတ်ခြင်း၊ လုပ်ခဲ့ခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုအရာများကို ၎င်းက ကူညီထောက်ပံ့မှုလိုချင်၍ဟု အလွယ်ပြောပြီး ငွေရလိုခြင်းကြောင့်လုပ်ခြင်းဖြစ်ကြောင်း၊ မိုင်းခွဲ၊ လူသတ်ခြင်းကို ၎င်းက လုပ်ကြောင်း၊ ထိုဖြစ်စဉ်များကို အကြောင်းပြပြီး အလှူခံခြင်းက မုံရွာ PDF၊ တစ်နည်းအားဖြင့် သံမဏိတပ်ဖွဲ့အမည်ခံ အကြမ်းဖက်အဖွဲ့က လုပ်ကြောင်း၊ ၎င်းတွင် ရပိုင်ခွင့်အနေဖြင့် ဆိုင်ကယ်ဆီဖိုးသာသာပဲရကြောင်း၊ ထို့ကြောင့် ၎င်းအနေဖြင့် မကျေနပ်ကြောင်း၊ ထိုအပိုင်းလေးတွင် စဉ်းစားသင့်သည်မှာ ဒီမိုကရေစီဆိုသည့် အကြောင်းပြချက်အတွက် မိုင်းခွဲ၊ လူသတ်၊ ပိုက်ဆံအတွက် မိုင်းခွဲ၊ လူသတ်သည်လားဟူ၍ စဉ်းစားသင့်ပါကြောင်း ပြောကြားသည်။

**မဟာမိတ်ဖွဲ့စည်းသည်ဟူ၍ မကြာခဏကြေညာ**

ထိုအကြောင်းအရာနှင့်ဆက်စပ်ပြီး ၎င်းပြောသည့်အထဲတွင်ပါသည့် သံမဏိတပ်ဖွဲ့ မုံရွာ PDF ထောက်ပံ့ခြင်းနည်း၍ မကျေနပ်ကြောင်း၊ ထို့ကြောင့် ၎င်းက Sagaing Independent Army ကို လူကိုးဦးနှင့် ဖွဲ့စည်းလိုက်သည်ဟု ပြောသွားကြောင်း၊ လူနှစ်ယောက်တစ်ပိုင်းဖြင့် ဖွဲ့စည်းလိုက်သည်ကို အချို့မီဒီယာများဖြစ်သည့် ခေတ်သစ်မီဒီယာ၊ Myanmar now၊ ဧရာဝတီမီဒီယာများက ၎င်းတို့၏ ဖော်ပြထားသည့်အထဲတွင် တချို့အမည်ခံအဖွဲ့များကို တကယ့်လူအင်အားကြီးကြီးမားမားရှိနေသယောင်၊ အများက ထင်ယောင်ထင်မှားဖြစ်သွားအောင်လုပ်ခဲ့သည်များရှိကြောင်း၊ ယင်း Army အမည်ခံ အကြမ်းဖက်အဖွဲ့များက လူသတ်၊ မိုင်းခွဲ၊ မီးရှို့ အကြမ်းဖက်လုပ်ရပ်များကိုလုပ်ပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ မဟာမိတ်ဖွဲ့စည်းသည်ဟူ၍ မကြာခဏကြေညာခဲ့သည်များရှိကြောင်း၊ ထိုသို့ပြည်ဖျက်မီဒီယာများကလည်း အားကြိုးမာန်တက် အော်ဟစ်ပေးခြင်းကြောင့် လူအင်အားတောင့်တင်းနေသယောင် ထင်ယောင်ထင်မှားဖြစ်လာသည်ကိုတွေ့ရကြောင်း။

၁၉၈၈ အရေးအခင်းက ယခုထင်ရှားနေသည့် ပြည်ပမီဒီယာများ၊ BBC၊ VOA ကဲ့သို့သော မီဒီယာကြီးများ သွေးထိုးလှုံ့ဆော်မှုများကိုပြန်ပြီး အမှတ်ရဖွယ်ဖြစ်ကြောင်း၊ အမှန်တကယ်ဖမ်းဆီးရမိ၍ ဖော်ထုတ်သည့်အခါ လူငါးယောက်နှင့်ဖွဲ့သည့် Army၊ လူ ၂၀ နှင့်ဖွဲ့သည့် Army များ ပေါ်ပေါက်လာပါကြောင်း၊ ဘယ်နှယောက်နှင့်ဖွဲ့သည့်အဖွဲ့ဖြစ်စေ ရည်ရွယ်ချက်ကို ထပ်ပြီးစိစစ်လျှင် လူသတ်၊ မိုင်းခွဲ၊ မီးရှို့ခြင်းလုပ်မည်ဖြစ်ကြောင်း၊ အလှူငွေဟု အမည်တပ်ထားသည့် ပေးစာကမ်းစာစားမည်ဆိုခြင်းထက်မပိုခြင်းကို သိရကြောင်း ပြောကြားသည်။

ထို Video File ထဲမှ နောက်ဆုံးမြင်သာသည့် တစ်ခုကို ပြောလိုပါကြောင်း၊ NUG ဆိုသည့်အဖွဲ့နှင့် ပတ်သက်ပြီး ကာယကံရှင်၏ ပြောကြားချက်ထဲတွင် ပါပါကြောင်း၊ ၎င်း၏ပြောပုံဆိုပုံကိုကြည့်လျှင် သိနိုင်ကြောင်း၊ ၎င်းပြောသွားသည့်အထဲမှာ ပါကြောင်း၊ ၎င်းတို့သည် မြေစာပင်များဖြစ်ကြောင်း၊ ၎င်းတို့မသိသေးသည့် အလှူခံပြီး အခြားသောဘက်တွင် စီးပွားရေးများလုပ်နေလားဟု မှတ်ရကြောင်း၊ NUG အဖွဲ့အနေဖြင့် ပြည်ပကနေပြီး ပြည်တွင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ရန်၊ သတ်ဖြတ်ခြင်းများလုပ်ရန် တိုက်တွန်းနေသည့် ရည်ရွယ်ချက်က ဘာလဲ၊ မြန်မာပြည်အတွင်း နေရာအနှံ့ မိုင်းများကွဲနေကြောင်း၊ လူများသေနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာက

**စာမျက်နှာ ၁၇ သို့ »»**




ခြိမ်းခြောက်အကြမ်းဖက်လှုံ့ဆော်မှုများ။




NLD ပါတီ ထောက်ခံသူအချင်းချင်း ဒလန်ခေါင်းစဉ်တပ် စွပ်စွဲသတ်ဖြတ်ခံရသူ။

»»» **စာမျက်နှာ ၁၆ မှ**

ဝိုင်းကူကြပါဟုပြောပြီး အလှူငွေ ထပ်ကောက်ရန်အတွက်လားဆိုသည်ကိုသတိပြုမိရန်လိုအပ်ကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံတွင်ဖြစ်နေသည့် လက်တွေ့ဖြစ်ရပ်များထဲက အချို့သာဖြစ်ကြောင်း၊ မီဒီယာများက ပြည်သူလူထုအနေဖြင့် နိုင်ငံတွင် ယခုလိုအခြေအနေမျိုးများဖြစ်လာအောင်၊ ပြည်သူအချင်းချင်း သတ်ဖြတ်မှုများဖြစ်လာအောင် မည်သူများက ဆောင်ရွက်နေကြသလဲ၊ မည်သူများကအားပေးနေကြသလဲ၊ မည်သို့သောအကြံအစည်များရှိကြသလဲ ဆိုသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းပြည် အမြန်ဆုံးတည်ငြိမ်အေးချမ်းစေရန်၊ အဓမ္မအကြမ်းဖက်သမားများကို ရပ်တည်၍ မရသည်အထိ တိုက်ဖျက်သွားကြနိုင်စေရေး မေတ္တာရပ်ခံတင်ပြလိုပါကြောင်း ပြောကြားသည်။


ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားပါမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ အမှတ်စဉ် (၁၀/၂၀၂၁) သို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာသမားများအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေဟု ဦးစွာနှုတ်ခွန်းဆက်သကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲတွင် မိမိအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ ရှင်းလင်းတင်ပြမည့်အကြောင်းအရာများမှာ (က) တည်ဆဲနိုင်ငံရေးပါတီများ၏စာရင်းများကို စစ်ဆေးဆောင်ရွက်မှုအခြေအနေ၊ (ခ)အချိုးကျကိုယ်စားပြုစနစ် (PR) နှင့်စပ်လျဉ်းပြီး ဆွေးနွေးပွဲပြုလုပ်ခဲ့မှုအခြေအနေ၊ (ဂ) ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ဆောင်ရွက်ခဲ့ကြသူများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေ၊ (ဃ) မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေများ သုံးသပ်ပြင်ဆင်ခြင်းအပါအဝင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များဖြစ်ကြောင်း ပြောကြားသည်။

**မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ ၉၂ ပါတီ**

တည်ဆဲနိုင်ငံရေးပါတီများ၏ စာရင်းများစစ်ဆေးဆောင်ရွက်မှုအခြေအနေကို ဦးစွာတင်ပြသွားမည်ဖြစ်ကြောင်း၊ ယနေ့အချိန်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၌ မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ ၉၂ ပါတီရှိကြောင်း၊ ပြည်ထောင်စုတစ်ဝန်း စည်းရုံးမည့်ပါတီ ၇၄ ပါတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီ ၁၈ ပါတီဖြစ်ကြောင်း၊ ထိုပါတီများထဲ၌ တိုင်းရင်းသားပါတီ ၄၈ ပါတီ ပါဝင်ကြောင်း၊ ပါတီဌာနချုပ်များ အခြေစိုက်ထားရှိမှုများက ကချင်ပြည်နယ်တွင် ငါးပါတီ၊ ကယားပြည်နယ်တွင် တစ်ပါတီ၊ ကရင်ပြည်နယ်တွင် နှစ်ပါတီ၊ ချင်းပြည်နယ်တွင် နှစ်ပါတီ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်ပါတီ၊ တနင်္သာရီတိုင်းဒေသကြီးတွင် တစ်ပါတီ၊ ပဲခူးတိုင်းဒေသကြီးတွင် သုံးပါတီ၊ မကွေးတိုင်းဒေသကြီးတွင် တစ်ပါတီ၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်ပါတီ၊ မွန်ပြည်နယ်တွင် သုံးပါတီ၊ ရခိုင်ပြည်နယ်တွင် ရှစ်ပါတီ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၁ ပါတီ၊ ရှမ်းပြည်နယ်တွင် ၁၆ ပါတီ၊ ဧရာဝတီတိုင်းဒေသကြီးတွင် တစ်ပါတီနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် လေးပါတီတို့ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ကိုယ်စားလှယ်များပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် နိုင်ငံရေးပါတီများ၏ စာရင်းများကို ဩဂုတ်လ စတုတ္ထပတ်မှစ၍ စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးပြီးစီးမှုမှာ ၂၃- ၈- ၂၀၂၁ မှ ၁၀-၉- ၂၀၂၁ အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်အခြေစိုက် လေးပါတီကိုလည်းကောင်း၊ ၁၄- ၉- ၂၀၂၁ မှ ၂၆- ၉- ၂၀၂၁ အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အခြေစိုက် နိုင်ငံရေးပါတီ ၁၃ ပါတီကိုလည်းကောင်း၊ ၁-၁၀- ၂၀၂၁ မှ ၁၅- ၁၀- ၂၀၂၁ အထိ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအခြေစိုက် နိုင်ငံရေးပါတီ ၁၇ ပါတီကိုလည်းကောင်း စစ်ဆေးပြီးသည့်အတွက် ယနေ့အထိ စစ်ဆေးပြီးသော နိုင်ငံရေးပါတီ ၃၄ ပါတီဖြစ်ကြောင်း၊ လက်ရှိစစ်ဆေးဆဲပါတီ လေးပါတီရှိကြောင်း ပြောကြားသည်။




မောင်ကျော်(ခ)ဖြိုးဇေယျာသော်နှင့် ဝင်းမြတ်အေး၊ ကျော်ခင်တို့၏ လူမှုကွန်ရက်မှတစ်ဆင့် ဆက်သွယ်ပြောဆိုထားရှိမှု။

ထိုသို့စစ်ဆေးရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီဖွဲ့စည်းမှု၊ ပါတီဝင်အင်အားစာရင်း၊ ပါတီရုံးများ ဖွင့်လှစ်မှု၊ ပါတီရန်ပုံငွေရရှိ၊ သုံးစွဲ၊ လက်ကျန်များ၊ ပါတီပိုင်ပစ္စည်းများ၊ ပါတီပိုင်စီးပွားရေးလုပ်ငန်းများ၊ ပြည်တွင်းအလှူရှင်များ၏ငွေ၊ ပစ္စည်းလှူဒါန်းမှု၊ ပါတီစည်းရုံးရေး၊ မဲဆွယ်စည်းရုံးရေးနှင့် ရွေးကောက်ပွဲအထွေထွေအသုံးစရိတ်ဆိုင်ရာများကို ဥပဒေနှင့်အညီ စာရင်းများရေးဆွဲထားရှိပြီး စစ်ဆေးခံနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံရေးပါတီများ၏ စာရင်းဇယားများ ပြည့်စုံမှန်ကန်ပြီး စနစ်တကျရှိစေရန် ကူညီဆောင်ရွက်ပေးခြင်းလည်းဖြစ်ကြောင်း ပြောကြားသည်။

**မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသော PR စနစ်ကို ပြောင်းလဲကျင့်သုံးရန်**

ဆက်လက်ပြီး အချိုးကျကိုယ်စားပြုစနစ် (PR) နှင့်စပ်လျဉ်းပြီး ဆွေးနွေးပွဲပြုလုပ်ခဲ့မှုအခြေအနေကို တင်ပြလိုကြောင်း၊ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီး ပါလီမန်ရွေးကောက်ပွဲများအပါအဝင် ကျင်းပခဲ့သော ရွေးကောက်ပွဲများ၌ မဲများသူအနိုင်ရသည့်စနစ် (First Past The Post –FPTP) စနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ သို့သော်လည်း ကမ္ဘာ့နိုင်ငံရေးဖြစ်ထွန်းမှုအခြေအနေနှင့် FPTP စနစ်၏ အားသာချက်၊ အားနည်းချက်များအပေါ်မူတည်၍ ပထမအကြိမ် လွှတ်တော်သက်တမ်းကတည်းက FPTP စနစ်ကနေ PR စနစ်ကို ပြောင်းလဲကျင့်သုံးရန်အတွက် လွှတ်တော်အတွင်း ဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလတို့တွင် တွေ့ဆုံညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသော PR စနစ်ကို ပြောင်းလဲကျင့်သုံးရန် နိုင်ငံရေးပါတီအများစုက မူအားဖြင့် သဘောတူညီခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆွေးနွေးနိုင်ရန် စာတမ်းများတောင်းခံရရှိခဲ့ကြောင်း ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ လေ့လာဆန်းစစ်မှုအရ နိုင်ငံတကာ၌ ကျင့်သုံးသော အခြေခံရွေးကောက်ပွဲစနစ်တွင် အုပ်စုသုံးခုရှိပြီး မဲအများဆုံးရသူ အရွေးခံရသည့်စနစ် (Plurality / Majority System)၊ အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System) နှင့် ရောနှောထားသောစနစ် (Mixed System) တို့ဖြစ်ကြောင်း၊ ထိုနေရာတွင် မဲအများဆုံးရသူ အနိုင်ရသည့်စနစ် (FPTP) ၏ အဓိကအားနည်းချက်အဖြစ် မဲကျန်(လေလွင့်မဲ)ကို ထောက်ပြကြကြောင်း၊ ဥပမာ ရွေးကောက်ပွဲတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံသူ ကိုယ်စားလှယ်လောင်း လေးဦးအနက် ခိုင်လုံမဲ ၁၀၀ မှာ ဦးဖြူက ၄၀ မဲ၊ ဦးနီ ၃၀ မဲ၊ ဦးညို ၂၀ မဲနှင့် ဦးဝါ ၁၀ မဲ ရရှိပါက ၄၀ မဲရရှိသည့် ဦးဖြူက အနိုင်ရမည်ဖြစ်ကြောင်း၊ ဦးဖြူသည် ရရှိသည့်ဆန္ဒမဲ ၄၀ ရာခိုင်နှုန်းဖြင့် အနိုင်ရခြင်းဖြစ်ပြီး မဲကျန် (လေလွင့်မဲ) ၆၀ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ဦးဖြူအနိုင်ရရှိခြင်းကို ဆန်းစစ်ပါက ယှဉ်ပြိုင်သူလေးဦးအနက် ဦးဖြူက မဲဆန္ဒရှင်များပေးသော မဲအများဆုံးရရှိကာ နိုင်ခြင်းဖြစ်သော်လည်း ဦးဖြူကို မဲမပေးသည့် မဲဆန္ဒရှင် လူနည်းစုသုံးစုဖြစ်သော ဦးနီ၊ ဦးညိုနှင့် ဦးဝါတို့အား မဲပေးသူများကို ပေါင်းလိုက်ပါက ၆၀ ရာခိုင်နှုန်းရှိပြီး မဲဆန္ဒရှင် လူများစုအဖြစ်တွေ့ရမည်ဖြစ်၍ ဦးဖြူအနိုင်ရခြင်းက တရားမျှတပါသလားဟု စောဒကတက်နိုင်ကြောင်း၊ ထို့ကြောင့် FPTP စနစ်သည် လူအများစု၏ ဆန္ဒကို မှန်မှန်ကန်ကန်ရရှိစေမည်ဆိုသည့် အာမခံချက်မရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုအခြေအနေမျိုးတွင် အချိုးကျကိုယ်စားပြုစနစ် (PR) သဘောတရားအတိုင်း မဲဆန္ဒနယ်ကို ကျယ်ပြန့်စွာ သတ်မှတ်ပြီး လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး ရွေးချယ်ရန်အတွက် A ပါတီ၊ B ပါတီ၊ C ပါတီနှင့် D တစ်သီးပုဂ္ဂလလေးဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်ပြီး မဲရလဒ်ကလည်း A ပါတီ ၄၀ ရာခိုင်နှုန်း၊ B ပါတီ ၃၀ ရာခိုင်နှုန်း၊ C ပါတီ ၂၀ ရာခိုင်နှုန်းနှင့် D တစ်သီးပုဂ္ဂလတို့က ၁၀ ရာခိုင်နှုန်း ရမည်ဆိုပါက A ပါတီက ကိုယ်စားလှယ်လေးဦး၊ B ပါတီက ကိုယ်စားလှယ် သုံးဦး၊ C ပါတီက ကိုယ်စားလှယ် နှစ်ဦးနှင့် D တစ်သီးပုဂ္ဂလကိုယ်စားလှယ် တစ်ဦး အရွေးခံရမည်ဖြစ်၍ ရရှိသည့် ဆန္ဒမဲအချိုးကျအတိုင်း ကိုယ်စားလှယ်ရရှိမည်ဖြစ်ပြီး မဲလေလွင့်ဆုံးရှုံးမှုမရှိဘဲ ပြည်သူ့ဆန္ဒအစစ်အမှန်ကို ကိုယ်စားပြုဖော်ပြနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၅-၁၁-၂၀၂၁ ရက်နေ့နှင့် ၆-၁၁-၂၀၂၁ ရက်နေ့တို့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၊ စိတ်ပါဝင်စားသူများပါဝင်သော ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပခဲ့သည့်အခြေအနေကို တင်ပြလိုကြောင်း၊ ဆွေးနွေးပွဲအခမ်းအနား ပထမနေ့တွင် နိုင်ငံရေးပါတီ ၅၃ ပါတီမှ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူ အရပ်ဘက်ကိုယ်စားလှယ်များ စုစုပေါင်း ၁၁၃ ဦး တက်ရောက်ခဲ့ပြီး ဒုတိယနေ့တွင် နိုင်ငံရေးပါတီ ၅၁ ပါတီမှ ကိုယ်စားလှယ်နှင့် စိတ်ပါဝင်စားသူ အရပ်ဘက်ကိုယ်စားလှယ်များ စုစုပေါင်း ၁၁၀ တက်ရောက်ခဲ့ကြကြောင်း ပြောကြားသည်။

**ရွေးကောက်ပွဲကော်မရှင်၏ လေ့လာတွေ့ရှိချက်များ**

ဆွေးနွေးပွဲအခမ်းအနားမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ရွေးကောက်ပွဲစနစ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လေ့လာတွေ့ရှိချက်များ၊ လက်ရှိဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် မူဝါဒဆိုင်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက အချိုးကျကိုယ်စားပြုစနစ်ကို လွှတ်တော်သုံးရပ်လုံးတွင် ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် မဲဆန္ဒနယ်ခွဲဝေခြင်းအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်နိုင်မည့်နည်းလမ်းပုံစံများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ တက်ရောက်လာသည့် နိုင်ငံရေးပါတီများကလည်း အကြံပြုထောက်ခံဆွေးနွေးခဲ့ကြကြောင်း ပြောကြားသည်။

ပြုလုပ်ခဲ့သောဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မေလတို့တွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးသဘောတူပြီးဖြစ်သည့် **စာမျက်နှာ ၁၈ သို့** »»»



အကြမ်းဖက်မှုများလုပ်ဆောင်ရာ၌ အသုံးပြုရန် အောင်ဆီဂျင်အိုးနှင့် ဂက်စ်အိုးများတွင် လက်နက်များ သိုဝှက်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၏ မဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းနှင့် ရုံးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခြင်း




»»» **စာမျက်နှာ ၁၇ မှ**

အချိုးကျကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးဖော်ဆောင် နိုင်ရေးနှင့်စပ်လျဉ်းပြီး နိုင်ငံရေးပါတီများ၊ စိတ်ပါဝင်စားသူများက စာတမ်းများ ဖတ်ကြားဆွေးနွေးပြီး မြန်မာနိုင်ငံနှင့် သင့်လျော်ညီညွတ်သည့် PR ဒီဇိုင်း အကြံပြုချက်များ တောင်းခံခြင်းဖြစ်ကြောင်း၊ နောက်တစ်လ၊ နှစ်လအကြာတွင်လည်း ယခုကဲ့သို့ နိုင်ငံရေးပါတီများ၊ စိတ်ပါဝင်စားသူများကို ဖိတ်ကြားပြီး သက်ဆိုင်ရာလွှတ်တော်များအလိုက် ဆောင်ရွက်မည့် ရွေးကောက်ပွဲဒီဇိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲများတွင် အသုံးပြုလျက်ရှိသည့် ရွေးကောက်ပွဲစနစ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာလတွင် အတွဲ(၁)အဖြစ် ပုံနှိပ်ထုတ်ဝေထားသော စာအုပ်ကိုလည်း ဖတ်ရှုလေ့လာကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ဆောင်ရွက်ခဲ့ကြသူများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြမည် ဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ရွေးကောက်ပွဲလုပ်ငန်းစဉ်များ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ကျူးလွန်ပါဝင်ပတ်သက် ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်း ဦးလှသိန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဝန်ကြီးဟောင်း ဦးမင်းသူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဟောင်းများဖြစ်ကြသော ဦးမြင့်နိုင်နှင့် ဦးသန်းဌေး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင်ပါ ၁၆ ဦးတို့ကို ၎င်းတို့ကျူးလွန်ခဲ့မှုများအရ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာမြို့နယ် တရားရုံးများ၌ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှစပြီး တရားစွဲဆိုအရေးယူဆောင်ရွက်လျက်ရှိကြောင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

**တာဝန်နှင့်လုပ်ပိုင်ခွင့်**

ထိုသို့တရားစွဲဆိုဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကျူးလွန်သူပုဂ္ဂိုလ်များက ကျူးလွန်ခဲ့သည့် ပြစ်မှုဆိုင်ရာအကြောင်းအရာများနှင့်စပ်လျဉ်းပြီး အကျဉ်းချုပ် ရှင်းလင်းတင်ပြလိုပါကြောင်း၊ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဝန်ကြီးဟောင်း ဦးမင်းသူတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ (ဃ)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ (င)၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၃ မှ ၂၁ ထိပါ မဲစာရင်းများပြုစုခြင်းနှင့် ပြင်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် ကျော်လွန်ပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုမည့် မဲဆန္ဒရှင်စာရင်းများပြုစုချိန်တွင် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးဟူသောအကြောင်းပြချက်ဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ ဖွဲ့စည်း၍ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ခဲ့ကြောင်း ပြောကြားသည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၄-၈-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၇/ ၄၆၄-အထွေထွေ/အဖရ (၂၀၂၀)နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီဝင်ဖြစ်နေသော ဝန်ကြီးချုပ်များကို အဖွဲ့ခေါင်းဆောင်အဖြစ်ခန့်အပ်ပြီး အဖွဲ့ဝင်ငါးဦး ပါဝင်သော မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုညွှန်ကြားစာအရ တာဝန်ပေးအပ်ခဲ့သော ဝန်ကြီးချုပ်များက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ မဲစာရင်းပြုစုခြင်းအပေါ် မလျော်ဩဇာသုံး စွက်ဖက်ခြင်း၊ ဝန်ကြီးချုပ်များ၏ အရှိန်အဝါဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီဝင်များက ရွေးကောက်ပွဲဖြစ်စဉ်များ၌ ပါဝင်စွက်ဖက်မှုများဖြစ်ပွားခဲ့ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဃ)ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရကြောင်း ပြောကြားသည်။

**အနည်းဆုံးရက်ပေါင်း ၁၈၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်း ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင်ဟောင်း ဦးမြင့်နိုင်နှင့် ဦးသန်းဌေးတို့သည် လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ရာတွင် သမ္မတဟောင်း ဦးဝင်းမြင့်၏ အကြံပြုချက်အတိုင်း "အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ် ပြင်ပရောက် အခြားမဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍" "အနည်းဆုံးရက်ပေါင်း ၉၀ ထက်မနည်း" ဟု ပြောင်းလဲပြင်ဆင်ရန် အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချခဲ့ခြင်း၊ မဲမသမာမှုများ ဖြစ်ပေါ်စေသည့် အသက် (၆၀) နှစ်နှင့်အထက် မဲဆန္ဒရှင်များကို ကြိုတင်ဆန္ဒမဲပေးခွင့်ပြုခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာများနှင့်စပ်လျဉ်းသည့် အကြောင်းကြားစာနှင့် အမှုတွဲများကို ရွေးကောက်ပွဲကန့်ကွက်လွှာ လျှောက်ထားသူများနှင့် လျှောက်ထားခံရသူများထံ တစ်ပြေးညီ စာတိုက်မှပေးပို့ရန်ဖြစ်သော်လည်း ကရင်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁၁)မှ လွှတ်တော်ကိုယ်စားလှယ် မန်းဝင်းခိုင်သန်းအတွက် အကြောင်းကြားစာကို အမျိုးသားလွှတ်တော်သို့ လူကိုယ်တိုင်သွားရောက်ပို့ဆောင်စေခိုင်းခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း / ဒေသ၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လျာထားအမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌအသစ်နှင့် ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူး)တို့က ဝန်ကြီးချုပ်များထံ သွားရောက်တင်ပြ အတည်ပြုချက်ရယူပေးပို့ရန် လမ်းညွှန်ချက် (လျှို့ဝှက်) ဖြင့် ပေးပို့စေခိုင်းခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရန်အတွက် အများယုံကြည်လေးစားခံရသော ပုဂ္ဂိုလ်များ၏အမည်စာရင်းများ ပြန်လည်စိစစ်ရွေးချယ်ပေးပို့ရန် ဝန်ကြီးချုပ်များထံ တောင်းခံခြင်း၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် ညီညွတ်မှုမရှိဘဲ မဲစာရင်းတွင် ထည့်သွင်းပေးရန် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများကို ဖိအားပေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲမကျင်းပမီ တစ်ရက်အလိုအထိ မဲစာရင်းတွင် ထည့်သွင်းစေခြင်းအပါအဝင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ညွှန်ကြားဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၁၇-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၂/၂၀၁၇)ဖြင့် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဖွဲ့စည်းကြောင်း ကြေညာခဲ့သော်လည်း မကျေနပ်၍ ကန့်ကွက်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ခန့်အပ်သော မန္တလေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ဝင် သုံးဦးကို လက်မခံနိုင်ကြောင်းနှင့် ပြန်လည်အစားထိုးခန့်အပ်ပေးရန် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ရုံး၏ ၂၁-၁၁-၂၀၁၇ ရက်စွဲပါ စာဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ခဲ့ရာ ကော်မရှင်၏ ၄- ၁၂- ၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၃/၂၀၁၇) ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ရခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်နှင့်သာ ညှိနှိုင်းဆောင်ရွက်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ၏ ၁၈-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက် အမှတ် (၄၄/၂၀၁၇) နှင့် (၄၅/၂၀၁၇)တို့ဖြင့် ခရိုင်နှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းမှုကို ကောက်နုတ်ပယ်ဖျက်ခဲ့ပြီး ၂၂-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ်(၅၄/၂၀၁၇)ဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို ပြင်ဆင်ဖွဲ့စည်းကြောင်း ကြေညာခဲ့ခြင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၂၊ ၁၄၊ ၁၆ တို့ကို ကျူးလွန်ဖောက်ဖျက်ခြင်း၊ အမရပူရမြို့နယ်တွင် မဲစာရင်းမပါဝင်သူ ရှစ်ဦးကို ရွေးကောက်ပွဲမတိုင်မီ တစ်ရက်အလို ၇- ၁၁- ၂၀၂၀ ရက်နေ့တွင် မဲစာရင်းထည့်သွင်းပေးရန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံး၏ ၇-၁၁-၂၀၂၀ ရက်စွဲပါစာဖြင့် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌထံ အကြောင်းကြားခြင်းဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ လုပ်ပိုင်ခွင့်ကို ဝင်ရောက် စွက်ဖက် မလျော်ဩဇာသုံးခဲ့သည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင်ပါ ၁၆ ဦးတို့အပေါ် အရေးယူဆောင်ရွက်မှုအခြေအနေကို တင်ပြမည် ဖြစ်ကြောင်း၊ (က) နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်ဟောင်း ဦးအောင်မြင့်ထွန်းနှင့် ဦးညီထွန်းတို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၂၊ ၁၄၊ ၁၆ ပါ ပြဋ္ဌာန်းချက်များကို ကျော်လွန်ပြီး ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရန် အမည်စာရင်း ပေးပို့ခဲ့ကြပြီး ၎င်းတို့ပေးပို့သည့် အမည်စာရင်းအရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ဖွဲ့စည်းပေးခဲ့သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀၊ ၁၂၊ ၁၄ နှင့် ၁၆ တို့ပါ ပြဋ္ဌာန်းချက်များကို လျော်ကန်သင့်မြတ်သော ခွင့်ပြုချက်မရှိဘဲ ဆန့်ကျင်ကျူးလွန်ခဲ့ကြောင်း၊ (ခ) ထို့အတူ ပြည်ထောင်စုနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း လေးဦးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း တစ်ဦး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ တစ်ဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ တစ်ဦး၊ NLD ပါတီ စည်းရုံးရေးမှူး တစ်ဦး၊ NLD ပါတီ မြို့နယ်ဒုတိယဥက္ကဋ္ဌ တစ်ဦးနှင့် ပါတီဝင် နှစ်ဦး၊ ရွေးကောက်ပွဲကိုယ်စားလှယ် တစ်ဦး တို့အပေါ် ၎င်းတို့ကျူးလွန်သောပြစ်မှုများအရ ဥပဒေနှင့်အညီ အရေးယူနိုင်ရန် သက်ဆိုင်ရာမြို့နယ် တရားရုံးများ၌ အမှုဖွင့်ဆောင်ရွက်ပြီးဖြစ်ကြောင်း ပြောကြားသည်။

**မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများ**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သော မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက် အကျဉ်းချုပ်ကို ရိုက်နှိပ်ထုတ်ဝေထားပြီးဖြစ်၍ လေ့လာဖတ်ရှုနိုင်ကြောင်း၊ ပြစ်မှုကျူးလွန်သူများကိုလည်း ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေများ သုံးသပ်ပြင်ဆင်ခြင်းအပါအဝင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပါ လုပ်ငန်းစဉ်အမှတ် (၅) အရ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးသည့် အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင်

**စာမျက်နှာ ၁၉ သို့** »»»

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

»»» **စာမျက်နှာ ၁၈ မှ**

မဲမသမာမှုဖြစ်နိုင်သော မဲစာရင်း ၁၁ ဒသမ ၃ သန်းကျော်ကို တွေ့ရှိခဲ့ကြောင်း၊ ထိုမဲစာရင်းများအား သန့်စင်နုတ်ပယ်ထားသော မဲစာရင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ပေးပို့ထားပြီး လာမည့်ရွေးကောက်ပွဲ၌ အသုံးပြုမည့် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ အမိကတာဝန်ရှိသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ကွပ်ကဲမှုအောက်ရှိ သက်ဆိုင်ရာဌာနအသီးသီးတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြုစုပြီးဖြစ်သည့် အခြေခံမဲစာရင်းများကိုလည်း သက်ဆိုင်ရာ မြို့နယ်အခြေစိုက်နိုင်ငံရေးပါတီများ၏ ပူးပေါင်းပါဝင်စိစစ်မှုနှင့် မဲစာရင်းပြည့်စုံမှန်ကန်ရေးကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်၊ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်မှုအခြေအနေကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယခင်ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲများ၏ အားနည်းချက်များကို သုံးသပ်ပြီး နောင်ကျင်းပမည့်ရွေးကောက်ပွဲများကို ပိုမိုကောင်းမွန်အဆင်ပြေအောင် ကျင်းပနိုင်ရန် ဥပဒေမူဘောင်အရ လိုအပ်သည်များကို ပြင်ဆင်၊ ဖြည့်စွက်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းအပိုင်းများကိုလည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးရာတွင် ဥပဒေနှင့်အညီ စည်းကမ်းစနစ်တကျရှိစေရန်အတွက်လည်းကောင်း၊ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်း၊ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ရွေးကောက်ပွဲရလဒ် ထုတ်ပြန်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ စနစ်တကျဖြစ်စေရန်လည်းကောင်း သုံးသပ်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံ၏ ကိုက်ညီသင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ် (PR)ပြောင်းလဲကျင့်သုံးပါက သက်ဆိုင်ရာရွေးကောက်ပွဲ ဥပဒေများအား လိုက်လျောညီထွေပြင်ဆင်နိုင်ရေးကိုလည်း ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ အလားတူ နိုင်ငံရေးပါတီများ တည်ထောင်မှတ်ပုံတင်ခြင်း၊ ပါတီဝင်အင်အားစုဆောင်းခြင်းနှင့် ပါတီလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများကိုလည်း သုံးသပ်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း ပုဒ်မ ၃၆၉ (ခ)နှင့် အခန်း(၉) ရွေးကောက်တင်မြှောက်ခြင်းအခန်း ပုဒ်မ ၃၉၆ ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းရေးဆွဲပြီးဖြစ်ကြောင်း ပြောကြားသည်။

**အလေးထားဆောင်ရွက်လျက်ရှိ**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန် ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့်ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပါ လုပ်ငန်းစဉ်(၁)ကို ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် ဆက်လက်ဆောင်ရွက်ရန် ကျန်လုပ်ငန်းအချို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ လုပ်ငန်းစဉ် (၅)ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို သုံးသပ်၊ ပြင်ဆင်၊ ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်းများ၊ အခြေခံ မဲစာရင်းပြုစုခြင်းများ၊ လူသားအရင်းအမြစ်ဖြစ်သည့် ဝန်ထမ်းအင်အား တိုးချဲ့ဖြည့်တင်းခြင်းများ၊ လေ့ကျင့်သင်တန်းပေးခြင်းများနှင့် အခြေခံအဆောက်အအုံဖြစ်သည့် အခြေစိုက်ရုံးဌာနများ ဆောက်လုပ်ခြင်း၊ လိုအပ်သော အုပ်ချုပ်ထောက်ပံ့မှုများ ဖြည့်ဆည်းဆောင်ရွက်ခြင်း စစ်ဆေးကြပ်မတ်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

## သနပ်ပင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**သနပ်ပင် နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၂၃ ကတ်ပေးအပ်ပွဲကို နိုဝင်ဘာ ၂၆ ရက်က စက်ကုန်းပိုင်းရပ်ကွက် ဓမ္မရက္ခိတဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လဝကဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူအေးက ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးဆောင်ရွက်မှုများကို ရှင်းလင်းခြင်း၊ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်လဝကဦးစီးမှူးနှင့် တာဝန်ရှိသူများက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် ရပ်ကွက်/ကျေးရွာ ၁၀ အုပ်စုရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား နိုင်၃(က) ၃၃၃ ကတ်၊ နိုင်၆(က) ၅၉၀ စုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၂၃ ကတ်ကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူ့များထံ ပေးအပ်ခဲ့ကြပြီး လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ် ကိုင်ကြစို့ ပန်းခင်းစီမံချက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။




**လှမိုး(သနပ်ပင်)**

## ရေတာရှည်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းမတပ်သူများကို ဒဏ်ငွေရိုက်အရေးယူ

**ရေတာရှည် နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းလျော့ကျသွားသော်လည်း ပြည်သူများအနေဖြင့် အစဉ်သတိဖြင့် သတ်မှတ်စည်းကမ်းများနှင့်အညီ သွားလာနေထိုင်ကြရန်နှင့် ဈေးဆိုင်များ၊ စားသောက်ဆိုင်များကို ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချခွင့်ပြုထားသော်လည်း ကိုဗစ်ရောဂါ ထိန်းချုပ်ကာကွယ်ရေး စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ရေတာရှည်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ အသိပေးညွှန်ကြားချက်အတိုင်း နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ရေတာရှည်မြို့ ကရင်ချောင်းလမ်းနှင့် ရန်ကုန်-မန္တလေးကားလမ်းဆုံ၌ နှာခေါင်းစည်းတပ်ဆင်ထားခြင်းမရှိသူများကို ဒဏ်ရိုက်အရေးယူခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အရေးယူဆောင်ရွက်မှုများကို ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့တို့တွင် နေ့စဉ်ဆောင်ရွက်သွားရန်ရှိကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(ဥက္ကဋ္ဌ)ကိုယ်စား ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက ပြောသည်။

**ကိုလွင်(ဆွာ)**

# ပြည်တွင်းရေးရာ

❒ ကျောဖုံးမှ

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ နိုင်ငံတော်ပိုင်ပစ္စည်း ၁၅၁ ခုနှင့် ပုဂ္ဂလိကပိုင်ပစ္စည်း ၇၉ ခုတို့ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-

**၁-၂-၂၀၂၁ ရက်မှ ၂၀-၁၁-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ ပျက်စီးမှု**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | နိုင်ငံတော်ပိုင် ပစ္စည်းများပျက်စီးမှု | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၅ | ၆ | |
| ၂ | ကချင် | ၂ | ၄ | |
| ၃ | ကယား | ၁ | ၁ | |
| ၄ | ချင်း | ၁ | ၁ | |
| ၅ | စစ်ကိုင်း | ၁၇ | ၃၄ | |
| ၆ | တနင်္သာရီ | ၂ | ၄ | |
| ၇ | ပဲခူး | ၄ | ၆ | |
| ၈ | မကွေး | ၅ | ၈ | |
| ၉ | မန္တလေး | ၁၀ | ၁၆ | |
| ၁၀ | မွန် | ၅ | ၇ | |
| ၁၁ | ရန်ကုန် | ၂၆ | ၅၂ | |
| ၁၂ | ရှမ်း | ၅ | ၅ | |
| ၁၃ | ဧရာဝတီ | ၆ | ၇ | |
| စုစုပေါင်း | | ၈၉ | ၁၅၁ | |

**၁-၂-၂၀၂၁ ရက်မှ ၂၀-၁၁-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးမှု**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ပုဂ္ဂလိကပိုင် ပစ္စည်းများပျက်စီးမှု | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကချင် | ၁ | ၁ | |
| ၂ | ကယား | ၁ | ၂ | |
| ၃ | ကရင် | ၁ | ၁ | |
| ၄ | ချင်း | ၃ | ၃ | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၀ | |
| ၆ | တနင်္သာရီ | ၂ | ၃ | |
| ၇ | ပဲခူး | ၁ | ၂ | |
| ၈ | မကွေး | ၅ | ၇ | |
| ၉ | မန္တလေး | ၉ | ၁၃ | |
| ၁၀ | မွန် | ၁ | ၁ | |
| ၁၁ | ရန်ကုန် | ၁၅ | ၂၀ | |
| ၁၂ | ရှမ်း | ၂ | ၂ | |
| ၁၃ | ဧရာဝတီ | ၁ | ၄ | |
| စုစုပေါင်း | | ၅၅ | ၇၉ | |

အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



ချောင်းဦးမြို့နယ်၌ ပြည်ခိုင်ဖြိုးအလုပ်အမှုဆောင် ပိုင်ဆိုင်သော မြေကော်စက်အား မီးရှို့မှု။



လမ်းမတော်မြို့နယ် ယာဉ်ထိန်းနားနေဆောင်၌ လက်လုပ်ဗုံး ပေါက်ကွဲမှု။



သပိတ်ကျင်းမြို့နယ်၌ လူမှုကူညီရေးအသင်းယာဉ်တစ်စီး မီးရှို့ခံရမှု။



ဗန်းမော်မြို့ ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးဂိတ်၌ အသံမိုင်းတစ်လုံး ပေါက်ကွဲမှု။



ကလေးမြို့နယ်၌ အကြမ်းဖက်အုပ်စု PDF အဖွဲ့က အစိုးရသစ်ပုံကို မီးရှို့ဖျက်ဆီးခဲ့မှု။



ထီးချိုင့်မြို့နယ်၌ အကြမ်းဖက်အုပ်စု PDF အဖွဲ့မှ ဆီဘောက်ဆာယာဉ်တစ်စီးအား မီးရှို့ဖျက်ဆီးခဲ့မှု။



ပျဉ်းမနားမြို့ မီးရထားစက်ခေါင်းရုံဝင်းအတွင်းရှိ ပျက်စီး၍ ရပ်နားထားသော မီးရထားစက်ခေါင်းအား မီးရှို့မှု။

# ၁-၂-၂၀၂၂ ရက်မှ ၂၀-၁၁-၂၀၂၂ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ နိုင်ငံတော်ပိုင်ပစ္စည်းများအား အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးမှုစာရင်း

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင်/ မြို့နယ် | ဌာနဆိုင်ရာရုံး၊ အဆောက်အဦ | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၁-၆-၂၀၂၂ | နေပြည်တော် | ပျဉ်းမနား | ရထားစက်ခေါင်း | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၂ | ၂၈-၃-၀၂၂ | ဧရာဝတီ | ပုသိမ် | ရထားတွဲ တစ်တွဲ | မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ | |
| ၃ | ၂၆-၅-၂၀၂၂ | ပဲခူး | ဖြူး | ရထား | မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၄ | ၂၃-၄-၂၀၂၂ | ရန်ကုန် | သာကေတ | ဌာနပိုင်ဆိုင်းဘုတ် ယာဉ်ထိန်းကင်းရုံ မီးကြိုးများ၊ Controller များ၊ Camera များနှင့် Fiber Cabel များ | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၅ | ၃-၃-၂၀၂၂ | တနင်္သာရီ | ထားဝယ် | မော်တော်ယာဉ်များ | တူမီးသေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၆ | ၂၀-၄-၂၀၂၂ | တနင်္သာရီ | ထားဝယ် | ရွှေဂူချောင်းတံတား | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇ | ၃-၆-၂၀၂၂ | စစ်ကိုင်း | ပင်လည်ဘူး | မော်တော်ယာဉ် | တူမီးသေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၈ | ၁၅-၆-၂၀၂၂ | တနင်္သာရီ | ထားဝယ် | မော်တော်ယာဉ် | တူမီးသေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၉ | ၃-၅-၂၀၂၂ | စစ်ကိုင်း | ကလေး | အောင်မင်္ဂလာရပ်ကွက် ဘုရင့်နောင်လမ်းဘေးရှိ ထရန်စဖော်မာအနီး | လက်လုပ်မိုင်းတွေ့ရှိ။ | |
| ၁၀ | ၂၅-၄-၂၀၂၂ | ပဲခူး | ပဲခူး | ကေဘယ်လ်ကြိုးသံပုံး | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၁ | ၃-၈-၂၀၂၂ | ကယား | ဖရူဆို | မော်တော်ယာဉ် | မိုင်းဆွဲတိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၁၂ | ၅-၈-၂၀၂၂ | စစ်ကိုင်း | မုံရွာ | TOYO တံဆိပ်ပါ (၁၂)ဗို့ဘက်ထရီအိုး တစ်လုံးနှင့် ZEP တံဆိပ်ပါ (၁၀၀၀) ဝပ် | ခိုးယူဆောင်သွားမှု။ | |
| ၁၃ | ၆-၈-၂၀၂၂ | ရန်ကုန် | လမ်းမတော် | ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၄ | ၆-၈-၂၀၂၂ | ရန်ကုန် | ကြည့်မြင်တိုင် | ယာဉ်ထိန်းနားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၅ | ၆-၈-၂၀၂၂ | ရန်ကုန် | တောင်ဥက္ကလာပ | အားကစားကွင်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၆ | ၇-၈-၂၀၂၂ | ပဲခူး | ပဲခူး | သီရိဟံသာခန်းမ | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၇ | ၈-၈-၂၀၂၂ | မွန် | ကျိုက်ထို | လိုင်းခန်း | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၁၈ | ၉-၈-၂၀၂၂ | မန္တလေး | မဟာအောင်မြေ | ဝန်ထမ်းအိမ်ရာ | အသံမိုင်း တစ်လုံးပေါက်ကွဲ။ | |
| ၁၉ | ၉-၈-၂၀၂၂ | မန္တလေး | မဟာအောင်မြေ | ယာဉ်ထိန်းနားနေဆောင် | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၂၀ | ၁၀-၈-၂၀၂၂ | ရန်ကုန် | ဗိုလ်တထောင် | ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၂၁ | ၁၂-၈-၂၀၂၂ | စစ်ကိုင်း | ယင်းမာပင် | မော်တော်ယာဉ် | ရှေ့တိုက်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၂၂ | ၁၂-၈-၂၀၂၂ | ရှမ်း | ဖယ်ခုံ | နေအိမ်လိုင်းခန်း | ဗုံးသီးများဖြင့် ပစ်ခတ်မှု။ | |
| ၂၃ | ၁၄-၈-၂၀၂၂ | ရန်ကုန် | သဃ်န်းကျွန်း | ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၂၄ | ၂၀-၈-၂၀၂၂ | ရန်ကုန် | လှိုင် | ချည်မျှင်စက်ရုံ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၂၅ | ၂၀-၈-၂၀၂၂ | ရန်ကုန် | လှိုင်သာယာ | မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၂၆ | ၂၂-၈-၂၀၂၂ | ရန်ကုန် | တောင်ဥက္ကလာပ | မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၂၇ | ၂၆-၈-၂၀၂၂ | စစ်ကိုင်း | ကောလင်း | ယာဉ်တန်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၂၈ | ၂၈-၈-၂၀၂၂ | ရန်ကုန် | လှိုင် | ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၂၉ | ၃၀-၈-၂၀၂၂ | ရန်ကုန် | တောင်ဥက္ကလာပ | ၄ ရပ်ကွက်၊ ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၃၀ | ၃၀-၈-၂၀၂၂ | ရန်ကုန် | တောင်ဥက္ကလာပ | ၈ ရပ်ကွက်၊ ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၃၁ | ၃၀-၈-၂၀၂၂ | ရန်ကုန် | ကမာရွတ်မြို့ | ၂ ရပ်ကွက်၊ ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၃၂ | ၃၀-၈-၂၀၂၂ | ရန်ကုန် | ကမာရွတ်မြို့ | ၇ ရပ်ကွက်၊ ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၃၃ | ၃၀-၈-၂၀၂၂ | ရန်ကုန် | အင်းစိန် | ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၃၄ | ၃၀-၈-၂၀၂၂ | ရန်ကုန် | ဒဂုံမြို့သစ် | ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၃၅ | ၃၁-၈-၂၀၂၂ | ရန်ကုန် | လှည်းကူး | မော်တော်ယာဉ် | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၃၆ | ၁-၉-၂၀၂၂ | မန္တလေး | ပြင်ဦးလွင် | ယာဉ်ထိန်း နားနေဆောင် | ရိုက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၃၇ | ၃-၉-၂၀၂၂ | ရန်ကုန် | မင်္ဂလာတောင်ညွန့် | ပုစွန်ငံပြာရည်စက်ရုံ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၃၈ | ၄-၉-၂၀၂၂ | မွန် | ကျိုက်ထို | မော်တော်ယာဉ် | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၃၉ | ၄-၉-၂၀၂၂ | ရန်ကုန် | မင်္ဂလာဒုံ | စက်ရုံ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၄၀ | ၄-၉-၂၀၂၂ | ရန်ကုန် | ကမာရွတ် | နေအိမ်လိုင်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၄၁ | ၇-၉-၂၀၂၂ | မကွေး | ရေစကြို | စည်ပင်ဝန်ထမ်းအိမ်ရာ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၄၂ | ၇-၉-၂၀၂၂ | ရန်ကုန် | မရမ်းကုန်း | ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၄၃ | ၇-၉-၂၀၂၂ | စစ်ကိုင်း | ချောင်းဦး | ဝန်ထမ်းအိမ်ရာ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၄၄ | ၈-၉-၂၀၂၂ | စစ်ကိုင်း | မုံရွာ | စည်ပင်ဝန်ထမ်းအိမ်ရာ | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၄၅ | ၉-၉-၂၀၂၂ | မန္တလေး | ချမ်းအေးသာစံ | ဆက်သွယ်ရေးကေဘယ်ဘောက်စ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၄၆ | ၉-၉-၂၀၂၂ | ရန်ကုန် | တောင်ဥက္ကလာပ | ကွန်ကရစ်ဖုန်းတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၄၇ | ၁၀-၉-၂၀၂၂ | မကွေး | နတ်မောက် | 66K ဓာတ်အားခွဲရုံစက်ခန်း | ရိုက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၄၈ | ၁၀-၉-၂၀၂၂ | စစ်ကိုင်း | ရွှေဘို | ယာဉ်ထိန်း နားနေဆောင် | ရိုက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၄၉ | ၁၁-၉-၂၀၂၂ | စစ်ကိုင်း | ထီးချိုင့် | ကျွန်းသစ်လုံး ၂၀ လုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၅၀ | ၁၁-၉-၂၀၂၂ | မကွေး | ဂန့်ဂေါ | မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၁ | ၁၂-၉-၂၀၂၂ | ရန်ကုန် | ကမာရွတ် | ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၂ | ၁၂-၉-၂၀၂၂ | ရန်ကုန် | ရွှေပြည်သာ | ဓာတ်တိုင်အောက်ခြေ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၃ | ၁၃-၉-၂၀၂၂ | မန္တလေး | အောင်မြေသာစံ | ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ် | လက်လုပ်ချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၄ | ၁၃-၉-၂၀၂၂ | စစ်ကိုင်း | ချောင်းဦး | ယာဉ်ထိန်းနားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၅ | ၁၅-၉-၂၀၂၂ | စစ်ကိုင်း | ယင်းမာပင် | ရဲကင်းစခန်း | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၅၆ | ၁၇-၉-၂၀၂၂ | ရန်ကုန် | ကမာရွတ် | ယာဉ်ထိန်းနားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၇ | ၁၈-၉-၂၀၂၂ | ရန်ကုန် | သန်လျင် | အခြေပြုရုံး | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၅၈ | ၁၉-၉-၂၀၂၂ | ရန်ကုန် | မြောက်ဥက္ကလာပ | ယာဉ်ထိန်းနားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၉ | ၂၀-၉-၂၀၂၂ | နေပြည်တော် | လယ်ဝေး | အင်ဘုကျန်းမာရေး စစ်ဆေးရေးဂိတ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၀ | ၂၁-၉-၂၀၂၂ | စစ်ကိုင်း | ပုလဲ | နေအိမ်လိုင်းခန်း | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၆၁ | ၂၂-၉-၂၀၂၂ | ရန်ကုန် | အင်းစိန် | ယာဉ်ထိန်းနားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၂ | ၂၂-၉-၂၀၂၂ | ဧရာဝတီ | ညောင်တုန်း | ဌာနပိုင်မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၃ | ၂၂-၉-၂၀၂၂ | ရန်ကုန် | လှိုင် | နိုင်ငံပိုင်မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၄ | ၂၃-၉-၂၀၂၂ | စစ်ကိုင်း | ပုလဲ | နိုင်ငံပိုင်မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၅ | ၂၃-၉-၂၀၂၂ | ရန်ကုန် | လှိုင်သာယာ | အားကစားကွင်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၆ | ၂၅-၉-၂၀၂၂ | နေပြည်တော် | ဒက္ခိဏသီရိ | Fiber Patchcord cable | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၆၇ | ၂၅-၉-၂၀၂၂ | မွန် | ကျိုက်ထို | KVA ဓာတ်အားခွဲရုံ | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၆၈ | ၂၅-၉-၂၀၂၂ | ရန်ကုန် | သာကေတ | ယာဉ်ထိန်းနားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၉ | ၂၅-၉-၂၀၂၂ | ရန်ကုန် | ဒေါပုံ | မြို့နယ်အားကစားကွင်း | ဖောက်ခွဲဖျက်ဆီးမှု။ | |
| ၇၀ | ၂၆-၉-၂၀၂၂ | ကချင် | ရွှေကူ | ရေယာဉ် | ရှေ့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်။ | |
| ၇၁ | ၂၉-၉-၂၀၂၂ | စစ်ကိုင်းတိုင်း | ဆားလင်းကြီး | နိုင်ငံပိုင်မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇၂ | ၁-၁၀-၂၀၂၂ | စစ်ကိုင်း | မုံရွာ | WE LOVE MONYWA ဆိုင်းဘုတ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇၃ | ၁-၁၀-၂၀၂၂ | စစ်ကိုင်း | ဝက်လက် | နေအိမ်လိုင်းခန်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇၄ | ၃-၁၀-၂၀၂၂ | ဧရာဝတီ | ဒေးဒရဲ | ဒေးဒရဲမြို့အဝင် ဆိုင်းဘုတ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇၅ | ၅-၁၀-၂၀၂၂ | နေပြည်တော် | ဇမ္ဗူသီရိ | ဌာနပိုင် မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇၆ | ၅-၁၀-၂၀၂၂ | ရှမ်း | နမ့်ခမ်း | ဘောလုံးကွင်း | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၇၇ | ၈-၁၀-၂၀၂၂ | ပဲခူး | တောင်ငူ | မြို့နယ်စည်ပင်လိုင်းခန်း | လက်လုပ်အသံမိုင်း ပေါက်ကွဲခဲ့မှု။ | |
| ၇၈ | ၉-၁၀-၂၀၂၂ | ရန်ကုန် | လှိုင် | ယာဉ်ထိန်းနားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇၉ | ၉-၁၀-၂၀၂၂ | စစ်ကိုင်း | စစ်ကိုင်း | တပ်ဖွဲ့ခွဲ ဆိုင်းဘုတ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၈၀ | ၉-၁၀-၂၀၂၂ | ရန်ကုန် | ကမာရွတ် | ယာဉ်ထိန်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၈၁ | ၁၀-၁၀-၂၀၂၂ | ရန်ကုန် | ဒေါပုံ | ရုံးအဆောက်အဦ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၈၂ | ၁၀-၁၀-၂၀၂၂ | ရှမ်း | မူဆယ် | နာရီစင် | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၈၃ | ၁၀-၁၀-၂၀၂၂ | မကွေး | ဂန့်ဂေါ | နေအိမ်တန်းလျား | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၈၄ | ၁၀-၁၀-၂၀၂၂ | ရန်ကုန် | သာကေတ | ဘုရားမြောက်ဘက်မုခ် တန်ဆောင်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၈၅ | ၁၁-၁၀-၂၀၂၂ | စစ်ကိုင်း | ချောင်းဦး | နိုင်ငံပိုင် မော်တော်ယာဉ် | မိုင်းဆွဲတိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၈၆ | ၁၂-၁၀-၂၀၂၂ | စစ်ကိုင်း | ယင်းမာပင် | ယင်းမာပင် ပြည်သူ့ဆေးရုံဝင်း ဝန်ထမ်းအိမ်ရာ | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၈၇ | ၁၂-၁၀-၂၀၂၂ | မန္တလေး | မဟာအောင်မြေ | ဌာနဆိုင်ရာရုံး | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၈၈ | ၁၂-၁၀-၂၀၂၂ | မွန် | ဘီးလင်း | နောင်ရိုးစည်ပင်ဂိတ်အနီး | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၈၉ | ၁၄-၁၀-၂၀၂၂ | ကချင် | ဗန်းမော် | ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၉၀ | ၁၄-၁၀-၂၀၂၂ | စစ်ကိုင်း | မုံရွာ | အမှိုက်သိမ်းယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၉၁ | ၁၅-၁၀-၂၀၂၂ | တနင်္သာရီ | ပုလော | ဗန္ဓုလပန်းခြံ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၉၂ | ၁၅-၁၀-၂၀၂၂ | မကွေး | ပေါက် | ရေနံပိုက်လိုင်း | မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ | |
| ၉၃ | ၁၆-၁၀-၂၀၂၂ | ဧရာဝတီ | ဝါးခယ်မ | ပူးပေါင်းစစ်ဆေးရေးဂိတ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၉၄ | ၁၇-၁၀-၂၀၂၂ | ရန်ကုန် | ခရမ်း | မြို့နယ်အားကစားရုံ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၉၅ | ၁၈-၁၀-၂၀၂၂ | စစ်ကိုင်း | ကောလင်း | မြန်မာဘီယာနှင့် ဒဂုံဘီယာများ | တားဆီးယူဆောင်ခဲ့မှု။ | |
| ၉၆ | ၁၉-၁၀-၂၀၂၂ | စစ်ကိုင်း | ကန့်ဘလူ | ဓာတ်အားလိုင်းတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၉၇ | ၂၀-၁၀-၂၀၂၂ | စစ်ကိုင်း | ရွှေဘို | မြို့တော်ခန်းမ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၉၈ | ၂၀-၁၀-၂၀၂၂ | ပဲခူး | ပဲခူး | မြို့တော်ခန်းမ | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၉၉ | ၂၀-၁၀-၂၀၂၂ | ရန်ကုန် | စမ်းချောင်း | ယာဉ်ထိန်း Police Box | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၀၀ | ၂၁-၁၀-၂၀၂၂ | မွန် | ကျိုက်ထို သိမ်ဇရပ်မြို့ | ဌာနဆိုင်ရာအဆောက်အဦ | လက်လုပ်အသံဗုံး တစ်လုံး ပေါက်ကွဲခဲ့မှု။ | |
| ၁၀၁ | ၂၂-၁၀-၂၀၂၂ | ရန်ကုန် | ဒဂုံ | ယာဉ်ထိန်းPolice Box | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၀၂ | ၂၂-၁၀-၂၀၂၂ | နေပြည်တော် | တပ်ကုန်း | မြို့နယ် အားကစားကွင်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၀၃ | ၂၂-၁၀-၂၀၂၂ | စစ်ကိုင်း | ခင်ဦး | ဗိုလ်ချုပ်ကြေးရုပ်နှင့် ဘောလုံးကွင်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၀၄ | ၂၄-၁၀-၂၀၂၂ | ဧရာဝတီ | ကန်ကြီးထောင့် | နိုင်ငံပိုင် မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၀၅ | ၂၅-၁၀-၂၀၂၂ | မန္တလေး | မိတ္ထီလာ | နိုင်ငံပိုင် မော်တော်ယာဉ် | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၀၆ | ၂၅-၁၀-၂၀၂၂ | ကချင် | ဗန်းမော် | ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်အနီး | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၀၇ | ၂၅-၁၀-၂၀၂၂ | ရန်ကုန် | မင်္ဂလာဒုံ | အောင်မင်္ဂလာ အဝေးပြေးကားဝင်း အတွင်း ဂိတ်(၂) | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၀၈ | ၂၅-၁၀-၂၀၂၂ | ရန်ကုန် | စမ်းချောင်း | ပိုစတာပန်းခြံ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၀၉ | ၂၆-၁၀-၂၀၂၂ | ရန်ကုန် | တိုက်ကြီး | စားသုံးသူရေးရာဦးစီးဌာနပိုင် သိုလှောင်ရုံ | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၁၁၀ | ၂၇-၁၀-၂၀၂၂ | ရန်ကုန် | လှိုင် | အင်းလျားကန်ပေါင် လျှောက်လမ်းဘေးရှိ ပန်းခြံအတွင်း၌ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၁၁ | ၂၇-၁၀-၂၀၂၂ | ရန်ကုန် | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ယထရစု(၃၀)ရုံး | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၁၂ | ၂၇-၁၀-၂၀၂၂ | ချင်း | ဟားခါး | မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် ဂိုဒေါင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |

စာမျက်နှာ ၂၂ သို့ ■

■ စာမျက်နှာ ၂၁ မှ

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင်/ မြို့နယ် | ဌာနဆိုင်ရာရုံး၊ အဆောက်အဦ | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၁၃ | ၂၇-၁၀-၂၀၂၁ | မကွေး | မြိုင် | မြို့ဝင်/ထွက်စစ်ဆေးရေးဂိတ်အနီး | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၁၄ | ၂၈-၁၀-၂၀၂၁ | စစ်ကိုင်း | ရေဦး | နိုင်ငံပိုင်ယာဉ် | မိုင်းဆွဲတိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၁၁၅ | ၂၈-၁၀-၂၀၂၁ | စစ်ကိုင်း | ဘုတလင် | မော်တော်ယာဉ် | မိုင်းဆွဲတိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၁၁၆ | ၂၈-၁၀-၂၀၂၁ | မန္တလေး | တံတားဦး | မြို့ဝင်တန်ပို စစ်ဆေးရေးဂိတ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၁၇ | ၂၉-၁၀-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | သစ်တောဦးစီးဌာနပိုင် ရှင်းလင်းဆောင် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၁၁၈ | ၂၉-၁၀-၂၀၂၁ | မန္တလေး | သပိတ်ကျင်း | ဆီဘောက်ဆာယာဉ် | ရီမုတ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၁၉ | ၃၀-၁၀-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ရွှေဘိုဓာတ်အားလိုင်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၂၀ | ၃၀-၁၀-၂၀၂၁ | မန္တလေး | မဟာအောင်မြေ | မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၂၁ | ၃၀-၁၀-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | မော်တော်ယာဉ် | လက်လုပ်အသံဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၂၂ | ၃၁-၁၀-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | အိုးဖိုဓာတ်အားခွဲရုံ | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၂၃ | ၃၁-၁၀-၂၀၂၁ | ရှမ်း | လားရှိုး | ဝန်ထမ်းအိမ်ရာ | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၂၄ | ၃-၁၁-၂၀၂၁ | စစ်ကိုင်း | တမူး | ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာ | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၂၅ | ၅-၁၁-၂၀၂၁ | စစ်ကိုင်း | ကလေး | ချင်းပြည်နယ် သစ်ထုတ်လုပ်ရေးမှ စုပုံထားသည့် အစိုးရသစ်ပုံ | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၁၂၆ | ၅-၁၁-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ရေအေးသစ်တော ဘိနယ်ရုံးရှိ ကိုယ်ထူကိုယ်ထ ဝန်ထမ်းလိုင်းခန်း | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၁၂၇ | ၇-၁၁-၂၀၂၁ | ရှမ်း | မိုးမိတ် | ပညာရေးဝန်ထမ်း အိမ်ရာဝင်း | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၂၈ | ၇-၁၁-၂၀၂၁ | စစ်ကိုင်း | ယင်းမာပင် | ရတဖ(၂၈) | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၁၂၉ | ၁၀-၁၁-၂၀၂၁ | ဧရာဝတီ | ပုသိမ် | ဓာတ်တိုင် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၁၃၀ | ၁-၁၁-၂၀၂၁ | ရန်ကုန် | တိုက်ကြီး | တိုးဂိတ်(ဟောင်း) | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၃၁ | ၂-၁၁-၂၀၂၁ | စစ်ကိုင်း | ချောင်းဦး | မော်တော်ယာဉ် | ဆွဲမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၁၃၂ | ၃-၁၁-၂၀၂၁ | ရန်ကုန် | ဒဂုံမြို့သစ် | ကေဗွီဓာတ်အားခွဲရုံ | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၃၃ | ၄-၁၁-၂၀၂၁ | မွန် | သံဖြူဇရပ် | POLICE BOX | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၃၄ | ၅-၁၁-၂၀၂၁ | မန္တလေး | မိုးကုတ် | မော်တော်ယာဉ် | ဆွဲမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၁၃၅ | ၆-၁၁-၂၀၂၁ | မွန် | ရေး | ရေးတံတားကြီး ဂိတ်ကင်း | လက်ပစ်ဖုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှု။ | |
| ၁၃၆ | ၇-၁၁-၂၀၂၁ | ရန်ကုန် | ဒဂုံ(မြောက်) | လျှပ်စစ်ဓာတ်အားခွဲရုံ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၃၇ | ၉-၁၁-၂၀၂၁ | ပဲခူး | သာယာဝတီ | ဂေါက်ကွင်း နားနေဆောင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၃၈ | ၉-၁၁-၂၀၂၁ | ရန်ကုန် | မရမ်းကုန်း | ယာဉ်ထိန်း နားနေဆောင် | လက်ပစ်ဖုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့မှု၊ | |
| ၁၃၉ | ၁၀-၁၁-၂၀၂၁ | ရန်ကုန် | မင်္ဂလာဒုံ | ထရန်စဖော်မာ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၄၀ | ၁၀-၁၁-၂၀၂၁ | ဧရာဝတီ | ဓနုဖြူမြို့ | ဓနုဖြူမြို့ဝင်လမ်းဆုံ မီးပွိုင့် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၄၁ | ၁၂-၁၁-၂၀၂၁ | မန္တလေး | မတ္တရာ | ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၄၂ | ၁၄-၁၁-၂၀၂၁ | ကချင် | ဗန်းမော် | ဂိတ်ကင်းစခန်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၄၃ | ၁၅-၁၁-၂၀၂၁ | မန္တလေး | အမရပူရ | အမှတ်(၁၀၃) သစ်စက် | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၄၄ | ၁၅-၁၁-၂၀၂၁ | မန္တလေး | အမရပူရ | မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၄၅ | ၁၇-၁၁-၂၀၂၁ | စစ်ကိုင်း | ခင်ဦး | မော်တော်ယာဉ် | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၄၆ | ၁၇-၁၁-၂၀၂၁ | ရန်ကုန် | ကြည့်မြင်တိုင် | အမှတ်(၁)သစ်စက်အနီး | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၄၇ | ၁၈-၁၁-၂၀၂၁ | နေပြည်တော် | ပျဉ်းမနား | မမစ(ပျဉ်းမနား) အိမ်ထောင်သည်လိုင်းခန်း | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၄၈ | ၁၈-၁၁-၂၀၂၁ | ရန်ကုန် | ဒဂုံ | ဓာတ်တိုင် | အသံမိုင်းတစ်လုံး ဖောက်ခွဲခဲ့မှု။ | |
| ၁၄၉ | ၁၉-၁၁-၂၀၂၁ | မကွေး | ရေစကြို | ပို့ဆောင်ရေးဌာန ဝန်ထမ်းအိမ်ရာ | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၁၅၀ | ၁၉-၁၁-၂၀၂၁ | ရန်ကုန် | မြောက်ဥက္ကလာပ | ဘူမိဗေဒရှာဖွေရေးဝင်း | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၅၁ | ၂၀-၁၁-၂၀၂၁ | မကွေး | မြိုင် | ရေနံပိုက်လိုင်း | မီးရှို့ဖျက်ဆီးခဲ့မှု။ | |

## ၁-၂-၂၀၂၁ မှ ၂၀-၁၁-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ပုဂ္ဂလိကပိုင်ပစ္စည်းများအား အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးမှုစာရင်း

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင်/မြို့နယ် | ပျက်စီးသည့် ပစ္စည်းအမျိုးအစား | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂၇-၉-၂၀၂၁ | ကချင် | မိုးမောက် | သုံးဘီးဆိုင်ကယ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၂ | ၁၅-၉-၂၀၂၁ | ကယား | လွိုင်ကော် | သစ်တုံးများ | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၃ | ၁၇-၉-၂၀၂၁ | ကယား | လွိုင်ကော် | HN 6C/4511 မှန်လုံယာဉ် | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၄ | ၂၇-၈-၂၀၂၁ | ကရင် | မြဝတီမြို့နယ် | Canter ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅ | ၅-၈-၂၀၂၁ | ချင်း | ထန်တလန် | FORD ယာဉ် | အသံမိုင်း တစ်လုံး ပေါက်ကွဲခဲ့မှု။ | |
| ၆ | ၂၀-၈-၂၀၂၁ | ချင်း | ပလက်ဝ | Nissan ခြောက်ဘီးယာဉ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၇ | ၄-၄-၂၀၂၁ | စစ်ကိုင်း | တမူး | လူနှင့်လယ်ထွန်စက် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၈ | ၈-၄-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | နတ်စင်တောင် (မဟာမြိုင်) တရားမဝင် ကုန်ပစ္စည်းများ စုပေါင်း စစ်ဆေးရေးဂိတ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၉ | ၁၅-၄-၂၀၂၁ | စစ်ကိုင်း | ကနီ | မော်တော်ယာဉ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၁၀ | ၇-၅-၂၀၂၁ | စစ်ကိုင်း | ချောင်းဦး | အုတ်စက် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၁၁ | ၄-၆-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | ဂိုဒေါင် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၁၂ | ၂၈-၆-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ကွမ်းပင် ၁၂၀၀ ခန့် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၁၃ | ၇-၉-၂၀၂၁ | စစ်ကိုင်း | ပုလဲမြို့နယ် | High Class ယာဉ်လိုင်းမှ 5K/6645 Express ယာဉ်တစ်စီး | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၄ | ၁၀-၉-၂၀၂၁ | စစ်ကိုင်း | ဆားလင်းကြီး | ရေပိုက်လိုင်း | မိုင်းခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၅ | ၁၂-၉-၂၀၂၁ | စစ်ကိုင်း | ယင်းမာပင် | (က)ရပ်ကွက်၊ စံပယ်ဦး ခေါင်ရည်ဆိုင် | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၆ | ၁၃-၉-၂၀၂၁ | စစ်ကိုင်း | ဝန်းသို | ဖုန်းဆိုင် | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၁၇ | ၂၁-၉-၂၀၂၁ | စစ်ကိုင်း | ဆားလင်းကြီး | ရေကြည်ပိုက်လိုင်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၁၈ | ၂၆-၉-၂၀၂၁ | စစ်ကိုင်း | ပုလဲ | High Class (VIP) ယာဉ် | မိုင်းဆွဲတိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၁၉ | ၂၇-၃-၂၀၂၁ | တနင်္သာရီ | ကော့သောင်း | ကွမ်းယာဆိုင်နှင့်မော်တော်ယာဉ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၂၀ | ၉-၃-၂၀၂၁ | တနင်္သာရီ | ကော့သောင်း | မော်တော်ယာဉ် | ရိုက်နှက်ဖျက်ဆီးခဲ့မှု။ | |
| ၂၁ | ၁၅-၆-၂၀၂၁ | တနင်္သာရီ | ထားဝယ် | မော်တော်ယာဉ် | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၂၂ | ၄-၄-၂၀၂၁ | ပဲခူး | ပဲခူး | Mytel ကင်းရုံနှင့် ကွမ်းယာဆိုင် | လက်လုပ်ဖုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |
| ၂၃ | ၂၇-၄-၂၀၂၁ | ပဲခူး | ပဲခူး | လယ်စောင့်တဲ | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၂၄ | ၇-၄-၂၀၂၁ | မကွေး | မင်းဘူး | ရေနံသိုလှောင်ကန် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၂၅ | ၁၃-၅-၂၀၂၁ | မကွေး | ဆော | မော်တော်ယာဉ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၂၆ | ၁၅-၆-၂၀၂၁ | မကွေး | ဆင်ပေါင်ဝဲ | သုံးဘီးဆိုင်ကယ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၂၇ | ၁၈-၈-၂၀၂၁ | မကွေး | ဂန့်ဂေါ | HINO ယာဉ် | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၂၈ | ၃၀-၉-၂၀၂၁ | မကွေး | ဆော | ကာစတန်မော်တော်ယာဉ် | ဆွဲမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၂၉ | ၁၃-၆-၂၀၂၁ | မန္တလေး | ပြင်ဦးလွင် | ကွမ်းယာဆိုင်ဟောင်း | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၃၀ | ၁၄-၆-၂၀၂၁ | မန္တလေး | သပိတ်ကျင်း | လူမှုကူညီရေး မော်တော်ယာဉ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၃၁ | ၂၀-၆-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | ငှက်ပျောသီးဆိုင် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၃၂ | ၆-၇-၂၀၂၁ | မန္တလေး | သပိတ်ကျင်း | စက်ဘီး/ ဆိုင်ကယ် ပြင်ဆိုင် | လက်လုပ်ဖုံးဖြင့် ပစ်ပေါက် ဖျက်ဆီးခဲ့မှု။ | |
| ၃၃ | ၁၀-၈-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | မော်တော်ယာဉ် | လက်လုပ်ဖုံးဖြင့် ပစ်ပေါက် ဖျက်ဆီးခဲ့မှု။ | |
| ၃၄ | ၁၄-၈-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | မော်တော်ယာဉ် | လက်လုပ်ဖုံးဖြင့် ပစ်ပေါက် ဖျက်ဆီးခဲ့မှု။ | |
| ၃၅ | ၂၉-၈-၂၀၂၁ | မန္တလေး | မတ္တရာ | မော်တော်ယာဉ် | လက်လုပ်ဖုံးဖြင့် ပစ်ပေါက် ဖျက်ဆီးခဲ့မှု။ | |
| ၃၆ | ၅-၉-၂၀၂၁ | မန္တလေး | အမရပူရ | ၁ယ/၁၃၁၆၆ Dreamဆိုင်ကယ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၃၇ | ၆-၈-၂၀၂၁ | မွန် | ကျိုက်ထို | FIELDER ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၃၈ | ၁၄-၃-၂၀၂၁ | ရန်ကုန် | တာမွေ | ထမင်းဆိုင်နှင့်ဖုန်းဆိုင်ခေါင်မိုး | မီးပုလင်းများဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ | |
| ၃၉ | ၁၆-၃-၂၀၂၁ | ရန်ကုန် | သန်လျင် | နေအိမ်ရှိပစ္စည်းများ | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၄၀ | ၇-၄-၂၀၂၁ | ရန်ကုန် | ကြည့်မြင်တိုင် | မိုးကာထီး နှစ်ချောင်း | မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ | |
| ၄၁ | ၇-၄-၂၀၂၁ | ရန်ကုန် | အလုံ | မော်တော်ယာဉ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၄၂ | ၁၂-၄-၂၀၂၁ | ရန်ကုန် | ကြည့်မြင်တိုင် | မော်တော်ယာဉ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၄၃ | ၁၈-၄-၂၀၂၁ | ရန်ကုန် | စမ်းချောင်း | မော်တော်ယာဉ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၄၄ | ၁၉-၅-၂၀၂၁ | ရန်ကုန် | လှိုင် | Toyata လူနာတင်ယာဉ် | မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ | |
| ၄၅ | ၆-၇-၂၀၂၁ | ရန်ကုန် | ဒဂုံ (ဆိပ်ကမ်း) | Majester Crown ယာဉ် | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၄၆ | ၈-၈-၂၀၂၁ | ရန်ကုန် | ဒဂုံမြို့သစ် တောင်ပိုင်း | ဆိုင်ကယ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၄၇ | ၁၂-၉-၂၀၂၁ | ရန်ကုန် | သာကေတ | YGN/EE-28259 မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၄၈ | ၂၄-၉-၂၀၂၁ | ရန်ကုန် | သန်လျင် | ATM ငွေထုတ်စက် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၄၉ | ၅-၄-၂၀၂၁ | ရှမ်း | ကျောက်မဲ | တိုးဂိတ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၀ | ၉-၉-၂၀၂၁ | ရှမ်း | ပင်းတယ | ပြည်ခိုင်ဖြိုးပါတီ ဆိုင်းဘုတ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၅၁ | ၁-၁၀-၂၀၂၁ | ချင်း | ကန်ပက်လက် | CDMA ဖုန်းလိုင်း ကြားခံစက် | ရိုက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၂ | ၅-၁၀-၂၀၂၁ | ရန်ကုန် | ကျောက်တန်း | ရွက်ဖျင်တဲ | လက်လုပ်ချိန်ကိုက်ဖုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၃ | ၅-၁၀-၂၀၂၁ | စစ်ကိုင်း | ထီးချိုင့် | ဆီဘောက်ဆာကား | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၅၄ | ၁၀-၁၀-၂၀၂၁ | ရန်ကုန် | ဒဂုံမြို့သစ် (မြောက်ပိုင်း) | Probox မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၅ | ၁၀-၁၀-၂၀၂၁ | ရန်ကုန် | သဃ်န်းကျွန်း | Probox အငှားယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၆ | ၁၁-၁၀-၂၀၂၁ | ဧရာဝတီ | မအူပင် | မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၇ | ၁၁-၁၀-၂၀၂၁ | ဧရာဝတီ | မအူပင် | Luojia-110 ဆိုင်ကယ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၅၈ | ၁၈-၁၀-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | CANTER မော်တော်ယာဉ် | လက်လုပ်ဖုံးဖြင့် ပစ်ပေါက် ဖျက်ဆီးခဲ့မှု။ | |
| ၅၉ | ၁၈-၁၀-၂၀၂၁ | မန္တလေး | ချမ်းအေးသာစံ | 2Q/4196 CRV ယာဉ် နှင့် 2K/4640 COLT ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၀ | ၁၈-၁၀-၂၀၂၁ | စစ်ကိုင်း | ထီးချိုင့် | MDY-2D/3581Mark II ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၁ | ၁၉-၁၀-၂၀၂၁ | မန္တလေး | မဟာအောင်မြေ | Light Truck ယာဉ်နှင့် Honda Fit ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၂ | ၂၁-၁၀-၂၀၂၁ | ရန်ကုန် | သဃ်န်းကျွန်း | YGN 6Q/5574 Mazada-3 မော်တော်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၃ | ၂၅-၁၀-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | လူမှုကူညီရေးအသင်းပိုင် မော်တော်ယာဉ် | ဆွဲမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့မှု။ | |
| ၆၄ | ၂၅-၁၀-၂၀၂၁ | ရန်ကုန် | မြောက်ဥက္ကလာပ | 1K/3784 Honda Fit | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၅ | ၂၅-၁၀-၂၀၂၁ | ရန်ကုန် | တောင်ဥက္ကလာပ | 9C-5927 Toyota Celslor | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၆၆ | ၃၀-၁၀-၂၀၂၁ | စစ်ကိုင်း | ကသာ | သုံးဘီးဆိုင်ကယ် နှစ်စီး | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၆၇ | ၃၁-၁၀-၂၀၂၁ | မန္တလေး | နွားထိုးကြီး | ကြက်ခြံ | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၆၈ | ၃၁-၁၀-၂၀၂၁ | ရန်ကုန် | ကြည့်မြင်တိုင် | YBS-20 4P/1236 Fotton ယာဉ် | မီးပုလင်းများဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ | |
| ၆၉ | ၃၁-၁၀-၂၀၂၁ | ရှမ်း | ညောင်ရွှေ | ဆိုင်ကယ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |

စာမျက်နှာ ၂၃ သို့ ■

# သံလွင်မြစ်အတွင်းသို့ ငါးမျိုးနှစ်သိန်း စိုက်ထည့်

**မော်လမြိုင် နိုဝင်ဘာ ၂၈**
မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် နိုဝင်ဘာ ၂၃ ရက် နံနက် ၈ နာရီက မော်လမြိုင်မြို့ ကမ်းနားလမ်း ဆိပ်ကမ်းသာတံတား၌ သထုံ ငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မနှင့်အထက် ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ ၅၀၀၀၀ နှင့် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၅၀၀၀၀ စုစုပေါင်းကောင်ရေ ၂၀၀၀၀၀ အား သံလွင်မြစ်အတွင်းသို့ ငါးမျိုး စိုက်ထည့်ခဲ့သည်။



အဆိုပါ အခမ်းအနားသို့ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ဒုတိယပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ သထုံငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများ၊ ပြည်နယ် ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုက်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**တိုက်ကြီး နိုဝင်ဘာ ၂၈**
ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ဖလုံဘူတာကျေးရွာအုပ်စု ဂေါ်ရင်ဂျီကုန်း ကျေးရွာ၊ ရင်းတိုက်ကွင်းကျေးရွာအုပ်စုနှင့် ကြည်ကုန်း ကျေးရွာများအား မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစု ဝင်ငွေတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဖလုံဘူတာကျေးရွာအုပ်စု၊ ဂေါ်ရင်ဂျီကုန်းကျေးရွာ၊ ရင်းတိုက်ကွင်းကျေးရွာအုပ်စုနှင့် ကြည်ကုန်းကျေးရွာတို့ရှိ ကျေးရွာစီမံကိန်း ကော်မတီဝင်များထံသို့ ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင် ရန်ပုံငွေကျပ်သိန်း ၃၀၀ စီကို စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## မိုးညှင်းမြို့နယ်၌ အစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး စံပြကျေးရွာ ဂုဏ်ပြုလွှာပေးအပ်

**မိုးညှင်း နိုဝင်ဘာ ၂၈**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး (Green Growth) အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု စံပြကျေးရွာဆု ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ညောင်ကုန်းကျေးရွာအုပ်စု မြိုင်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက စံပြကျေးရွာ ပေးအပ်ရခြင်းအကြောင်း၊ စံပြကျေးရွာ သတ်မှတ်ခြင်း စံချိန်စံညွှန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာကို မြိုင်ကျေးရွာ တာဝန်ခံထံ ပေးအပ်သည်။

မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာပေါင်း ၂၇ ရွာရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## ဘားအံမြို့ နောင်ပတုပ် သဘာဝရေလှောင်ကွင်းအတွင်း ငါးမျိုးများစိုက်ထည့်

**ဘားအံ နိုဝင်ဘာ ၂၈**
ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီတွင် ဘားအံခရိုင် ဘားအံမြို့နယ် နတ်ကျွန်းကျေးရွာ နောင်ပတုပ် သဘာဝရေလှောင်ကွင်းအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းအခမ်းအနား ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ကရင်ပြည်နယ် ငါးလုပ်ငန်းဦးဌာနမှူး ဦးစုံမိုင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်နယ်ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ်ငါးမျိုးစိုက်ထည့်ခြင်း လုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ပြီး နောင်ပတုပ် ရေလှောင်ကွင်းအတွင်းသို့ ကျုံဒိုး ငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၃၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၃၀၀၀၀ အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ စာမျက်နှာ ၂၂ မှ

| စဉ် | ရက်စွဲ | တိုင်း/ပြည်နယ် | ခရိုင်/မြို့နယ် | ပျက်စီးသည့် ပစ္စည်းအမျိုးအစား | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၇၀ | ၁-၁၁-၂၀၂၁ | ဧရာဝတီ | မအူပင် | ဆိုင်ကယ် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၇၁ | ၈-၁၁-၂၀၂၁ | စစ်ကိုင်း | ဝက်လက် | (၁)ရပ်ကွက် | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၇၂ | ၁-၁၁-၂၀၂၁ | ဧရာဝတီ | မအူပင် | ဆိုင်ကယ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇၃ | ၅-၁၁-၂၀၂၁ | ရန်ကုန် | ဗဟန်း | YGN-7F/5389 Crown အဖြူရောင်ယာဉ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇၄ | ၁၁-၁၁-၂၀၂၁ | စစ်ကိုင်း | ထီးချိုင့် | တုံလုံကျေးရွာအနီး | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇၅ | ၁၁-၁၁-၂၀၂၁ | မကွေး | ရေစကြို | MDY 1L/2401 | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇၆ | ၁၃-၁၁-၂၀၂၁ | မကွေး | ဆော | ကား | မီးရှို့ဖျက်ဆီးခဲ့မှု။ | |
| ၇၇ | ၁၅-၁၁-၂၀၂၁ | စစ်ကိုင်း | ကသာ | 2M/3218 | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇၈ | ၁၆-၁၁-၂၀၂၁ | စစ်ကိုင်း | ဆားလင်းကြီး | မြေသယ်ကား | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ | |
| ၇၉ | ၁၇-၁၁-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | KBZ Bank ATM စက်ရှေ့ | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ | |

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၁၁-၂၀၂၁ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကြိုလင့်လက်ကမ်း CBT စမ်းလှမ်း
**၀၉:၃၅** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၁:၃၀** ဘဝနှင့်အနုပညာ
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**အင်္ဂလိပ်စာဘာသာရပ်**'
**၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
**၁၇:၃၀** This Week's Special Interest
**၁၇:၂၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**မာယာမျက်နှာဖုံး**' (အပိုင်း-၂၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**မတူညီသောမေတ္တာများ**' (အပိုင်း-၃၅)
**၂၂:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း '**တန်ဖိုး**'

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Timor-Leste Pavilion at Expo 2020 Dubai
**07:33** Myanmar Orchestra: A Blend of Arts!
**07:46** Myanmar Weaving
**08:01** Myanmar Masterclass: Art Teacher
**08:07** Ngapali, Unique Spot To Relax
**08:26** Charming & Fragrant Sabai
**08:35** Myanmar Social & Charitable Association (Ep-2) (Jivitadana Hospital)
**09:01** A Visit to Kyauk Kyi
**09:18** Yangon Markets: Nyaung Pin Lay Market
**09:26** An Ode To Love
**09:28** School For the Blind (Kyee Myin Dine)
**09:54** Friendship & Cooperation: Growing Up with Sihanoukville Special Economic Zone in Cambodia (CAMBODIA)

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဖိတ်ခေါ်တယ်လေကယားတို့မြေ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းရှိရာ ဒေသဆီသို့
**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သံတောင်မြို့အလှနှင့် ဘွဲ့ကရင်တိုင်းရင်းသားတို့ရဲ့ သဘာဝ
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သာယာလှပဝင်းရော်ဒေသ
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၂)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ပဲရင်းထောင်းနဲ့နွားနောက်သားခြောက်
**မွန် (၁၃:၀၀ မှ ၁၄:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**ရခိုင် (၁၄:၀၀ မှ ၁၈:၀၀)**
ပြုံးပဒေသာ (မောင်သာလှနှင့်လည်လွန်းတဲ့ဘီး)
**ရှမ်း (၁၈:၀၀ မှ ၁၉:၀၀)**
ပအိုဝ်းရိုးရာဝတ်စုံ
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ပန်လုံမြို့သို့အလည်တစ်ခေါက်
**ကချင် (၂၁:၀၀ မှ ၂၂:၀၀)**
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလဲ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**မကောင်းဆိုးဝါး**'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS တို့ နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel တို့ စနေ၊ တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၅၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၈၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၈၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၅၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၄၁,၉၇၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၁,၅၆၁) ဦး ရှိပြီး ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၇၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၆,၀၈၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉၀၈၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၇-၁၁-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၆,၄၈၅,၃၁၅) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေး နှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ (၁၁,၆၁၅,၀၉၆) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၈၇၀,၂၁၉) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၇-၁၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၂၈,၁၀၀,၄၁၁) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ယခုဖြစ်ပွားနေဆဲဖြစ်သည့် တတိယလှိုင်းကာလအတွင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမြင့်မားခဲ့သော မြို့နယ် (၁၁၉)မြို့နယ်အား နေအိမ်တွင်နေထိုင်ရေး အစီအစဉ် (Stay at home) သတ်မှတ်ဆောင်ရွက်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ခဲ့ရာတွင် လူနာသစ်တွေ့ရှိရမှုနှင့် ပိုးတွေ့ရှိနှုန်းလျော့နည်းကျဆင်းလာသော မြို့နယ်များအား (Stay at home) မြို့နယ်အဖြစ်မှ ဖြေလျှော့ပေးလျက်ရှိရာ ယနေ့အထိ နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် ဆက်လက်အကျုံးဝင်နေသည့် မြို့နယ် (၁၁) မြို့နယ်သာ ကျန်ရှိပါသည်။
- ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် လူမှုစီးပွားလုပ်ငန်းများ အမြန်ဆုံး ပုံမှန်ပြန်လည်လည်ပတ်နိုင်ရန်အတွက် ဖြေလျှော့မှုများဆောင်ရွက်ပေးလျက်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုပြန်လည်မြင့်တက်လာနိုင်သည့် အခြေအနေကို သတိပြုကာကွယ်ရမည်ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home) တွင် ဆက်လက်ပါဝင်သည့် မြို့နယ်များတွင် နေထိုင်သူများအနေဖြင့်လည်းကောင်း၊ နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home)တွင် ဆက်လက်ပါဝင်ခြင်းမရှိတော့သည့် မြို့နယ်များတွင်လည်းကောင်း၊ နေအိမ်တွင် နေထိုင်ရေးအစီအစဉ် (Stay at home)တွင် ပါဝင်ခဲ့ခြင်းမရှိခဲ့သည့် မြို့နယ်များတွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်၍ သတိပြုလိုက်နာဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက် ခံယူခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၈-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၂၈) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၉) ခု | (၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၆) ခု | (၁၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၅၃) ခု | (၃) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၆၁) ခု | (၁၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၃၆) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၂၇) ခု | (၂၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၄၇၇) ခု | (၂၇၉) ဦး |
| စုစုပေါင်း | (၁၈,၈၇၇) ခု | (၃၅၀) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၂၇-၁၁-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၈၇၀,၂၁၉) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၁,၆၁၅,၀၉၆) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၆,၄၈၅,၃၁၅) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၂၈,၁၀၀,၄၁၁) ကြိမ် |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၉၀၇၇၆၉၅ | ၃၈၈၆၁၇၁၄ | ၇၉၉၃၁၂ |
| ၂။ | အိန္ဒိယ | ၃၄၅၇၂၅၃၃ | ၃၃၉၉၈၂၇၈ | ၄၆၈၅၅၄ |
| ၃။ | ဘရာဇီး | ၂၂၀၇၆၈၆၃ | ၂၁၂၈၈၂၈၁ | ၆၁၄၂၃၆ |
| ၄။ | ဗြိတိန် | ၁၀၁၁၀၄၀၈ | ၈၉၅၁၈၃၃ | ၁၄၄၇၂၄ |
| ၅။ | ရုရှား | ၉၅၇၀၃၇၃ | ၈၂၆၈၁၁၁ | ၂၇၂၇၅၅ |
| ၆။ | တူရကီ | ၈၇၂၄၄၀၀ | ၈၂၅၈၆၀၃ | ၇၆၂၃၃ |
| ၇။ | ပြင်သစ် | ၇၅၈၈၄၀၀ | ၇၀၉၈၆၁၃ | ၁၁၈၈၇၁ |
| ၈။ | အီရန် | ၆၁၀၈၈၈၂ | ၅၈၆၃၂၄၈ | ၁၂၉၆၂၉ |
| ၉။ | ဂျာမနီ | ၅၇၄၄၅၁၇ | ၄၈၂၃၇၀၀ | ၁၀၁၃၄၀ |
| ၁၀။ | အာဂျင်တီးနား | ၅၃၂၅၅၆၀ | ၅၁၈၉၅၀၇ | ၁၁၆၅၁၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၅၅၉၃၆ | ၄၁၀၃၉၁၄ | ၁၄၃၈၀၈ |
| ၂။ | ဖိလစ်ပိုင် | ၂၈၃၁၈၀၇ | ၂၇၆၆၈၁၆ | ၄၈၃၆၁ |
| ၃။ | မလေးရှား | ၂၆၁၉၅၇၇ | ၂၅၂၂၀၄၅ | ၃၀၂၈၀ |
| ၄။ | ထိုင်း | ၂၁၀၆၈၁၃ | ၂၀၀၆၈၅၆ | ၂၀၇၀၅ |
| ၅။ | ဗီယက်နမ် | ၁၂၁၀၃၄၀ | ၉၅၈၆၃၆ | ၂၄၈၈၂ |
| ၆။ | မြန်မာ | ၅၂၁၅၆၁ | ၄၉၆၀၈၁ | ၁၉၀၈၈ |
| ၇။ | စင်ကာပူ | ၂၆၁၆၃၆ | ၂၄၆၂၆၂ | ၆၉၀ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၀၈၇ | ၁၁၆၄၆၆ | ၂၉၃၁ |
| ၉။ | လာအို | ၇၁၅၁၈ | ၅၉၈၄၆ | ၁၅၉ |
| ၁၀။ | ဘရူနိုင်း | ၁၄၉၉၂ | ၁၄၃၆၇ | ၉၇ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**၂၆-၁၁-၂၀၂၁ ရက်နေ့မှအဆက်**

ခင်ခင်ကြီးသည် လဲကျနေရာမှ အတန်ကြာသည်အထိ မထသေးဘဲ ခြံဝင်းတံခါးဖြင့် ခြားနေသည့် အိမ်ကြီးဆီသို့ စူးစိုက်ကြည့်နေသည်။ အစသော် ဖေဖေ၏ အရိပ်အသွင်ကို အိမ်အောက်ထပ်မှာ မြင်ရသေးသည်။ နောက်တော့ အရိပ်အသွင်သည် အိမ်အပေါ်ထပ်သို့ ရောက်လာသည်။ အတော်ကြာလျှင်ကား ဖေဖေ၏အခန်းမှာ မီးမှိတ်သွားသည်။

ခင်ခင်ကြီးသည် လဲကျနေရာမှ ထလိုက်သည်။

ယခုအခါတွင် ခင်ခင်ကြီး မငိုတော့ပေ။ မျက်ရည်ကို ချုပ်တည်းသည်။ အံကို တင်းတင်းကြိတ်သည်။ ရင်ထဲမှာ နာသည်။ ခံပြင်းသလိုလည်း ခံစားရသည်။

မိုးရေစက်များသည် ခင်ခင်ကြီး မျက်နှာနှင့် လာရောက်ရိုက်ခတ်မိသည်။ မျက်နှာပေါ်ရှိ မျက်ရည်စများနှင့် ရောနှောပေါင်းစည်းကာ ပါးပြင်တစ်လျှောက် လိမ့်ဆင်းသွားသည်။ အဝတ်အစားများသည်လည်း စွတ်စိုလာလေသည်။

နားထဲမှာ ဖေဖေ၏စကားသံများကို ကြားယောင်ရဆဲရှိသည်။

ခင်ခင်ကြီးသည် အိမ်ကြီးဆီသို့ နာနာကြည်းကြည်းဖြင့် တစ်ချက် လှမ်းကြည့်လိုက်သည်။ နောက်တော့ ကိုယ်ကို ချာခနဲ လှည့်ပစ်လိုက်သည်။

ရေနံ့သာအိမ်ကြီးကို ကျောခိုင်းကာ လျှောက်လာခဲ့သည်။ သူဦးတည်ခဲ့သည်မှာ ရွှေဘုံသာသို့။ မှန်သည်။ ရွှေဘုံသာသွားမည်။ မောင်မောင်ဦးတို့အိမ်သို့ သွားမည်။ အဖြစ်အပျက်များကို ရှင်းပြမည်။ သူ့အား လက်ခံထားရန် ပြောပြမည် စသည်ဖြင့် စိတ်ကူးသည်။ ဒုက္ခသည် တစ်ယောက်အနေနှင့်ပင်ဖြစ်စေ၊ လက်ခံလျှင်တော်ပြီ။ တစ်ရက် နှစ်ရက်မျှ ခိုအောင်းရလျှင် ကျေနပ်ပြီ။

မိုးသည် ယခုမှ ပိုသည်းလာလေသည်လား မပြောတတ်။ ကောင်းကင်တစ်ပြင်လုံး ထူထပ်သိပ်သည်းကာ ပိန်းပိတ်မည်းမှောင်နေသည်။ အုန်းအုန်းခြိမ့်ခြိမ့် ညံစီစေလောက်အောင် မိုးထစ်ချုန်းနေသည်။ လျှပ်စီးလင်းပြက် လိုက်သော




အခါ နေ့လယ်ခင်းတမျှ ပြိုးခနဲပြက်ခနဲ ဝင်း လက်သွားတတ်သည်။

ခင်ခင်ကြီးသည် မိုးရွာသွန်းနေသည်ကို ဂရုမစိုက်။ လေတိုက်ခတ်နေသည်ကိုလည်းအမှုမထား ကောင်းကင်၌ စစ်ပွဲကြီးတစ်ခုပမာ အုန်းအုန်းခြိမ့်ခြိမ့် ညံနေသည်ကိုလည်း ကြောက်ရမည် မသိတတ်။ သူမတွင် နာကြည်းခံပြင်းရခြင်းမှအပ မည်သည့်ဝေဒနာမျှမရှိတော့သလိုပင်။

ရွှေဘုံသာမှာ ဝေးလံလွန်းလှသည်ဟူ၍ တော့ သိသည်။ ယခုအချိန်တွင် မြင်းရထားစသည်တို့ မရနိုင်တော့ပြီကိုလည်း တွေးမိသည်။ သို့ပေမဲ့ ရွှေဘုံသာသို့ အရောက် ခြေကျင်လျှောက်မည်ဟုပင် သန္နိဋ္ဌာန်ချသည်။ စိတ်ဆုံးဖြတ်သည်။ တကယ်တမ်း ထွက်မည်ဆိုလျှင်လည်း သည်တစ်အိမ်မှလွဲလျှင် သူ့မှ ခိုကိုးရာ မရှိတော့ထင်သည်။ ခရီးဆိုသည်ကလည်း မရောက်သေးခင်သာ ဝေးတတ်သည်။ ဆိုမဟုတ်လား။

သည်တစ်သက် ရေနံ့သာသို့ ဘယ်တော့မှ မပြန်ဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်သည်။ ဖေဖေပြောသလိုပင် ရေနံ့သာ အရိပ်ကိုပင် သည်တစ်သက် မနင်းတော့။ ဖြစ်နိုင်မည်ဆိုလျှင်တော့ ရေနံချောင်းမှာပင်မနေ။ ဖေဖေရှိသော အရပ်သို့ သည်တစ်သက် မပြန်၊ စင်စစ် ဖခင်ဟူသည် မေတ္တာတရားခေါင်းပါးလှ ချေကလား။ သင်းတို့ဂုဏ် သိက္ခာ၊ သင်းတို့ အရှက်ကို ထိမည်ဆိုလျှင် သမီးအရင်းကိုပင် ခင်တွယ်ရကောင်းမှန်းမသိ။ ရက်စက်နိုင်ဘိသည်ဟု ခင်ခင်ကြီး သိတတ်လာသည်။ မေမေ့ကိုတော့ သနားသည်။ မေမေသည် ကြားက ဓားစာခံ။ မိမိမရှိပြီဟု သိရလေလျှင် မမေ့ရင်၌ အဘယ်သို့ရှိမည် မမှန်းတတ်။ မမေ့အပေါ်တွင်မူ ဖေဖေ့လို သဘောထား၍မရ။ သို့ပေမဲ့ တစ်ခုရှိသည်။ ရေနံ့သာနှင့် ဖေဖေနှင့် အဆက်အဆံမပြုဘူးထား၊ တွေ့လိုသည့် အချိန်တွင် တစ်နေရာ၌ မေမေနှင့် ချိန်းဆိုတွေ့ဆုံနိုင်သည်။ ဖြစ်နိုင်လျှင် မေမေ့ကို စည်းရုံးမည်။ အကယ်၍ အတည်တကျ ရှိသည့်အခါ မေမေ့ကို အိမ်သို့ ခေါ်ထားမည်။ ယင်းသို့လျှင် ခင်ခင်ကြီး စိတ်ကူးသည်။

ညသည် လူသူကင်းရှင်းလှသည်။ လူအသွားအလာကို မတွေ့ရ။ များစွာ ညဉ့်နက်လှပြီတော့မဟုတ်။ မိုးကြောင့် လူသွားလူလာရှင်းခြင်းဖြစ်သည်။ မိုးရွာသောကြောင့်ပင် လူတို့စောစောစီးစီး အိပ်ရာဝင်ကြဟန်တူသည်။ အိမ်တံခါးများကို စောစောစီးစီး ပိတ်ကုန်ကြဟန်တူသည်။ သည်တော့လည်း ကမ္ဘာလောက တစ်ခုလုံးတွင် မိမိအထီးတည်းသာ လှုပ်ရှားသွားလာနေသူရှိသည်ဟု ခင်ခင်ကြီးထင်သည်။

ခင်ခင်ကြီးသည် ခပ်သွက်သွက် လျှောက်သည်။ ခြေထောက်၌ ဖိနပ်မပါ။ ခဲလုံးချွန်ချွန်ကလေးများကို နင်းမိသည်။ ခြေထောက်မှာ စူးစူးရှရှ ခံစားရသည်။ လျှောက်ပါများလာသောအခါ ဖနောင့်က ပို၍နာလာသည်။ ရေစိုထားသော ထဘီ ရေသီနားစသည် ခြေလှမ်းလေတိုင်း ခြေသလုံးကို တုံ့ဆွဲထားသလိုဖြစ်သည်။ သဲများက ပေကျံနေပြန်ရာ ခြေချင်းဝတ်ကို ပွတ်တိုက်လျက် ကျိန်းစပ်လာစေသည်။

စိတ်ကသာ ဆောင်ထားသည်။ စိတ်ဆောင်သလောက် ကိုယ်က မပါလှကြောင်း မကြာမီမှာပင် ခင်ခင်ကြီး တွေ့လာရသည်။ အင်အားသည် အလျှင်စလိုကုန်ခန်းလွယ်သည်ဟု ထင်သည်။ ခင်ခင်ကြီး မောပန်းလာသည်။ နွမ်းနယ်လာသည်။ ရင်ထဲမှာ တလှပ်လှပ်နှင့် ဖြစ်လာသည်။ အသက်ကို ပြင်းပြစွာ ရှူမိသည်။ ရံခါတွင် ခြေလှမ်းနှုန်းကို လျှော့ချကာ အသက်ရှူရသေးသည်။ နှာခေါင်းနှင့် သာမက ပါးစပ်နှင့်ပါ အသက်ရှူရသည်။

ဝမ်းဗိုက်ကလည်းတစ်မှောင့်။ အောင့်သလိုလို၊ နာသလိုလိုနှင့်။ ယခုလိုအခါကျတော့လည်း ထိုနေရာမှာ ခဲတစ်လုံးဆွဲထားသည့်အသွင် လေးလံနေသည်။

ယင်းသို့ ရှိစဉ်အခိုက် ခပ်လှမ်းလှမ်းဆီမှ မြင်းခွာတဖြောက်ဖြောက် မြည်သံကို ကြားရသည်။ မြင်းရထား တစ်စီးဟု ထင်သည်။ ခင်ခင်ကြီး ထခုန်မိတော့မတတ် ဝမ်းသာသွားသည်။ နောက်သို့လှည့်ကြည့်သည်။ ဘာမျှမမြင် ရသေး။ သို့ဖြင့် နားကလှည့်စားလေသလားထင်ကာ ထပ်မံနားထောင်သည်။ ပိုမိုကျယ်လောင်လာသော အသံကိုကြားရသည်။ အမှန်ပင် မြင်းခွာကျသံဖြစ်သည်။ မြင်းခွာသံမှုနှင့် ကတ္တရာလမ်းတို့ ထိတွေ့မိရာမှ ပေါ်ပေါက်လာသောအသံ ဖြစ်သည်။ အသံသည် မိုးသံလေသံများကို ခွင်းလျက် ခင်ခင်ကြီးထံ ရောက်လာခဲ့ခြင်းဖြစ်သည်။ ခင်ခင်ကြီးသည် ဝမ်းသာမှုအဟုန်ကြောင့် ကတုန်ကယင်ကြီး ဖြစ်လာမိသည်။

မကြာမီ မြင်းရထားများတွင် ထွန်းလေ့ရှိသည့် မှန်အိမ် နီနီရဲရဲကလေးကို တလှုပ်လှုပ်နှင့်တွေ့ရသည်။ ခင်ခင်ကြီးသည် မြင်းရထားကို အဝေးမှာရှိစဉ်ကတည်းက တားဆီးနေမိသည်။ လက်ကို ဝှေ့ယမ်းပြနေမိသည်။ သို့ပေမဲ့ မြင်းရထားမောင်းသူက သူ့အား အနီးကျမှ မြင်သည်။

သည်သို့သောရာသီ၊ သည်သို့သော အချိန်တွင် လမ်းလယ်ကောင်၌ မိန်းကလေး တစ်ယောက်ကို တွေ့လိုက်ရခြင်းအတွက် မြင်းရထားမောင်းသူမှာ များစွာအံ့အားသင့်သွားသည်။ မြင်စကသူ၏မျက်စိကိုပင် သူမယုံနိုင်လောက်အောင် ရှိနေသည်။ ဥစ္စာစောင့်လေလားလူစင်စစ်ပေပဲလားဟု မနည်းခွဲခြားကြည့်ယူရဟန်တူသည်။ သူသည် ခင်ခင်ကြီးအနီးတွင် ရထားကို ထိုးဆိုက်လိုက်သည်။

"ဘယ်သွားမလို့လဲ ကလေးမ"

ရထားမောင်းသူက မေးသည်။

"ဦးကြီးကကော ဘယ်သွားမှာလဲဟင်"

"အို၊ ငါ ဘယ်သွားမယ်ဆိုတာထက် နင် ဘယ်သွားမယ်ဆိုတာကို အရင်ပြောစမ်းပါ။ ညကြီးမင်းကြီး မိုးထဲလေထဲမှာ မိန်းကလေးတစ်ယောက်တည်း သွားချင်ရာ သွားနေလို့ ဘယ်ဖြစ်မလဲ၊ ငါနဲ့ မတွေ့ရရင်လည်း အကောင်းသား။ လာတွေ့တော့လည်း ငါ့မှာ တာဝန်ရှိနေရပြီပေါ့။ နင်သွားချင်တဲ့နေရာ ပို့ပေးရတော့မှာပေါ့"

ရထားမောင်းသူ၏ စကားကြောင့် ခင်ခင်ကြီး အားတက်ရသည်။ သည်လိုလူမျိုးလည်း ရှိပါသေးကလား တွေးမိသည်။

"ကျွန်မသွားချင်တာက ရွှေဘုံသာပါ"

"အဲဒီတင်ပဲလား"

"ဟုတ်ပါတယ်ရှင်"

"နေစမ်းပါဦး အိမ်ကထွက်ပြေးလာတာလား။ ကြည့်လည်းလုပ်ပါဦး။ အတော်ကြာငါ့ကိုပါ အမှုပတ်နေပါဦးမယ်"

"အိမ်က ထွက်ပြေးလာတာ မဟုတ်ပါဘူး။ စိတ်ချပါ။ ဦးကြီးဘာမှ မဖြစ်စေရပါဘူး"

"နင့်ကိစ္စက အတော်အရေးကြီးနေလို့လား"

ရထားမောင်းသမားက စပ်စုသည်။

"ဆိုပါတော့"

"ကောင်းပြီလေ။ တက်။ အတော်ပါပဲ။ ငါလည်း ညောင်လှကိုပြန်မှာ၊ ခရီးကြုံတော့ ပိုပြီးအဆင်ပြေသွားတာပေါ့"

ခင်ခင်ကြီးသည် ရထားပေါ်သို့ သွက်လက်စွာ ခုန်တက်လိုက်သည်။ တော်ပါသေးရဲ့ဟု စိတ်ထဲက တွေးနေသည်။ ရထားမောင်းသမားက ငေါက်သံတစ်ချက်ပေး၍ရထားကိုထွက်စေသည်။

အတန်ငယ်ကြာအောင် မောင်းမိလျှင် ချောင်းနိမ့်သို့ ရောက်သည်။ ချောင်းနိမ့်မှာ ရေအတန်ရှိသည်။ ရထားမောင်းသမားကြီးက အတွင်းဘက်သို့ လှည့်ရင်း ....။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**ရေနံ့သာအိမ်ကြီးကို ကျောခိုင်းကာ လျှောက်လာခဲ့သည်။ သူဦးတည်ခဲ့သည်မှာ ရွှေဘုံသာသို့။ မှန်သည်။ ရွှေဘုံသာသွားမည်။ မောင်မောင်ဦးတို့အိမ်သို့သွားမည်။ အဖြစ်အပျက်များကို ရှင်းပြမည်။ သူ့အား လက်ခံထားရန်ပြောပြမည် စသည်ဖြင့်စိတ်ကူးသည်။ ဒုက္ခသည် တစ်ယောက်အနေနှင့်ပင်ဖြစ်စေ၊ လက်ခံလျှင်တော်ပြီ။ တစ်ရက် နှစ်ရက်မျှ ခိုအောင်းရလျှင်ကျေနပ်ပြီ။ မိုးသည် ယခုမှ ပိုသည်းလာလေသည်လား မပြောတတ်။ ကောင်းကင်တစ်ပြင်လုံး ထူထပ်သိပ်သည်းကာ ပိန်းပိတ်မည်းမှောင်နေသည်။ အုန်းအုန်းခြိမ့်ခြိမ့် ညံစီစေလောက်အောင် မိုးထစ်ချုန်း . . .**

News and Periodicals Enterprise

# Myanmar Digital News

နောက်ဆုံးရပြည်တွင်းနှင့်နိုင်ငံတကာ သတင်းတွေကို အချိန်နှင့်တစ်ပြေးညီကြည့်ရှုနိုင်ပြီး
မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light Of Myanmar နေ့စဉ်ထုတ်
သတင်းစာ (၃)စောင်ကို အွန်လိုင်းကနေ အလွယ်တကူ ဖတ်ရှုနိုင်ပြီ။

www.mdn.gov.mm

website App Store Google Play

Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....



- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက ကွင်းကောက် ဒသမတန်း(G)တွင် ပညာသင်ကြားနေသော မောင်ဖြိုးဝေကျော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးညွန့်ဖြစ်ပါကြောင်း။ **ဦးမျိုးညွန့်**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက ကွင်းကောက် ဒသမတန်း(H)တွင် ပညာသင်ကြားနေသော မညိမ်းညိမ်းသူ၏ ဖခင်အမည်မှန်မှာ ဦးဆန်းလွင်ဖြစ်ပါကြောင်း။ **ဦးဆန်းလွင်**

## EAZY DRIVE (အမျိုးသမီးသီးသန့်)
## (ကားမောင်းအမြန်ရက်တိုသင်တန်း)

-ရန်ကုန်မြို့ထဲ လမ်းများပေါ်နှင့် အဝိုင်းပတ်များကို ကိုယ်တိုင်ကျွမ်းကျင်စွာမောင်းနိုင်ရန်
-ကားပါကင်မျိုးစုံလွယ်ကူစွာ အမြန်ထိုးနိုင်အောင် တစ်ဦးချင်းအတတ်သင်ပေးသည်။

**Ph:09-264807699**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက ကွင်းကောက် ဒသမတန်း(H)တွင် ပညာသင်ကြားနေသော မောင်ဇာနည်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးအောင်ဖြစ်ပါကြောင်း။ **ဦးစိုးအောင်**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက ကွင်းကောက် ဒသမတန်း(H)တွင် ပညာသင်ကြားနေသော မအေးအေးသင်း၏ ဖခင်အမည်မှန်မှာ ဦးလှထွန်းအောင်ဖြစ်ပါကြောင်း။ **ဦးလှထွန်းအောင်**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်-အထက ကွင်းကောက် ဒသမတန်း C တွင် ပညာသင်ကြားနေသော မောင်လင်းထွဋ်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမိုးဇော်ဖြစ်ပါကြောင်း။ **ဦးမိုးဇော်**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက ကွင်းကောက် ဒသမတန်း(G)တွင် ပညာသင်ကြားနေသော မခင်သီရိသော်၏ ဖခင်အမည်မှန်မှာ စောဇင်မင်းစိုးဖြစ်ပါကြောင်း။ **စောဇင်မင်းစိုး**

## အမည်မှန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်၊ ကွက်သစ်ရပ်ကွက်၊ အောင်တေဇလမ်း၊ အမှတ်(၃၁)၊ မြေညီထပ် A.Bနေ ဖခင် ဦးမဟာမက်ဟူစိန် [၁၂/တမန(နိုင်)၁၃၁၄၁၇]နှင့် မိခင် ဒေါ်စန်းစန်းဝင်း[၁၂/လကန(နိုင်)၁၆၂၂၅၆]တို့၏သား အ.ထ.က (၁၀) GRADE (11) မှ စောဝင်းနိုင်၏ အမည်မှန်မှာ စောနိုင်ဝင်းဖြစ်ပါသည်။ **စောနိုင်ဝင်း**

## စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ်(၄၂)ရှိ (၂)ခန်းတွဲ (၇)ထပ်တိုက် အဆောက်အဦ၏ (၇)လွှာ (ခြေရင်းခန်း)၊ ပေ(၁၂½x ၅၀)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါ တိုက်ခန်းအား ပူးတွဲပါ ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်နီလာ [၁၂/လမန(နိုင်)၀၄၀၉၉၃]ထံမှ ဦးကျော်ကျော်အောင် [၁၄/ဝခမ(နိုင်)၁၅၈၀၁၅] က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသောရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘုန်းမြင့် (ငါးသိုင်းချောင်း- Japan) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၁၃-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph-09- 799933939, 09-789877799, 09-777797911**

## စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ်(၃၃)ရှိ (၃)ခန်းတွဲ (၄)ထပ်တိုက် အဆောက်အဦ၏ ပထမထပ်(၂ ဘီ)၊ ပေ(၁၃x၅၂)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါ တိုက်ခန်းအား ပူးတွဲပါ ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ရီရီမြင့် [၁၂/လမန(နိုင်)၀၄၀၈၆၃]နှင့် သားဖြစ်သူ ဦးမင်းဦး [၁၂/ဥကမ(နိုင်)၀၇၁၁၄၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသောရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘုန်းမြင့် (ငါးသိုင်းချောင်း- Japan) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၁၃-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။ Ph-09- 799933939, 09-789877799, 09-777797911**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၃၈၂)၊ (အလျားပေ ၄၀xအနံပေ ၆၀)အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချိန်(၆)လမ်းနှင့် ချယ်ရီလမ်းထောင့်၊ အမှတ်(၃၈၂)ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်ခင်လှ [၁၂/ဥကမ(နိုင်)၀၁၁၀၃၆]အမည်ပေါက်ကြောင်း၊ ၎င်းထံမှ ရောင်းသူ ဒေါ်ချယ်ရီအေး[၁၂/ကမတ(နိုင်)၀၆၀၈၄၀]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စိုး[၉/တသန(နိုင်)၀၉၁၈၂၀]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L.,D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်(၄)လမ်း၊ အမှတ်(၁/၃)၊ (၃)လွှာ၊ အခန်းအမှတ်(၃၀၃)၊ Type-C၊ ဧရိယာ(1433)Sqft တိုက်ခန်းနှင့်ကားပါကင်(၁)နေရာအပါအဝင် THE VISTA LUXURY RESIDENCE ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူများဖြစ်သော ဦးသန့်ဇော်စိုး [၁၄/ကပန(နိုင်)၁၅၆၆၄၃]နှင့် ဦးကျော်မင်းထက်[၁၂/ကမရ(ဧည့်)၀၀၀၃၁၇]တို့မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤကွန်ဒိုတိုက်ခန်း အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L.,D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်( ၅၂၀/အေ-၅ ) ပေါ်တွင် ဆောက်လုပ်ထားသည့် ပြည့်ဝကွန်ဒိုမီနီယံ အဆောက်အဦ၏ သတ္တမထပ်၊ အခန်းအမှတ် ( 7-C )၊ အကျယ်အဝန်း(၂၁၅၀-စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ တပ်ဆင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ဖြစ်သူ ဦးရွှေသာ ကွယ်လွန်ပြီးနောက် ၎င်း၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်သူ ဒေါ်နွယ်နွယ်လှိုင်( ၁၂/တမန(နိုင်)၀၉၁၄၉၁ )ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါကွန်ဒို တိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ ( ၁၄ )ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ

| ဒေါ်မိုးမိုးအေး | ဒေါ်တင်ဇာနည်နေဝင်း |
|---|---|
| (LL.B,D.B.L,D.M.L,D.I.L) | (LL.B,D.I.L)(စဉ် ၉၅၇၃) |
| WIPO,DL.101Switzerland(စဉ် ၈၅၅၈) | DL-101(WIPO)Geneva |

**ယုန်မိသားစုအိမ်၊ခြံ၊မြေအကျိုးဆောင်ကုမ္ပဏီ**

**☎- 09799991090, 09799991095, 09775560071, 09775560072**

**တိုက်အမှတ်(၃၈)၊ အခန်းအမှတ်(၃၀၁)၊ ၃လွှာ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## စစ်ကိုင်းတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လ အထိ) (၆)လ ပြည်ထောင်စုငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေဖြင့် ကန့်ဘလူမြို့နယ်နှင့် ကလေးမြို့နယ်တို့တွင် မြို့ပြလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၃၀-၁၁-၂၀၂၂ ရက်မှ ၂၇-၁၂-၂၀၂၂ ရက်အထိ |
| ၃။ | တင်ဒါတင်သွင်းရမည့်ရက် | - | ၂၉-၁၂-၂၀၂၂ ရက်၊ (၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီ) |
| ၄။ | တင်ဒါတင်သွင်းရမည့်နေရာ | - | တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့။ |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်-

**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့။**
**ဖုန်းနံပါတ်-၀၇၁-၂၂၈၁၇/၀၉-၂၅၉၀၇၀၂၂၃**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက ကွင်းကောက် ဒသမတန်း(B)ခန်းတွင် ပညာသင်ကြားနေသော မစိန်ဖူး၏ ဖခင်အမည်မှန်မှာ ခွန်မောင်နိုင်(ခ)တနိုင် ဖြစ်ပါကြောင်း။ **ခွန်မောင်နိုင်(ခ)တနိုင်**

## အမည်မှန်

အင်္ဂပူမြို့နယ် အထက ကွင်းကောက် ဒသမတန်း (G) တွင် ပညာသင်ကြားနေသော မောင်သိန်းထက်၏ အမည်မှန်မှာ မောင်သန်းတိုးအောင်ဖြစ်ပါကြောင်း။ **သန်းတိုးအောင်**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ် အထက ကွင်းကောက် ဒသမတန်း (E) ခန်းတွင် ပညာသင်ကြားနေသော မနွေးနွေးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး ဖြစ်ပါသည်။ **ဦးကျော်ကျော်ဦး**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ် အထက ကွင်းကောက် ဒသမတန်း (H)ခန်းတွင် ပညာသင်ကြားနေသော မအိအိငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးမင်းဖြစ်ပါကြောင်း။ **ဦးအောင်စိုးမင်း**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ် အထက ကွင်းကောက် ဒသမတန်း (H) ခန်းတွင် ပညာသင်ကြားနေသော မသက်ဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းထိုက်ဖြစ်ပါကြောင်း။ **ဦးစိုးမင်းထိုက်**

**မီးဘေးရှောင်**

**မလောင်ခင်တား**

## ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်နေ ကျွန်ုပ် ဦးငွေးနိုင်၏ ဇနီး ဒေါ်နွဲ့နွဲ့အေး မှတ်ပုံတင် [၁၄/ဘကလ(နိုင်)၀၀၇၉၂၃] ကိုင်ဆောင်သူသည် ခွင့်မလွှတ်နိုင်သော ကိစ္စများကို အကြိမ်ကြိမ်ဆောင်ရွက်ပြီး ကျွန်ုပ်မသိရှိဘဲ နေအိမ်မှ ထွက်ခွာသွားသည်မှာ (၉) လကြာပြီဖြစ်ပါသဖြင့် ဒေါ်နွဲ့နွဲ့အေးအား ကျွန်ုပ်၏ဇနီးမယားအဖြစ်မှ ယနေ့မှစ၍ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအားလုံး ကျွန်ုပ်မှတာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးငွေးနိုင် [၁၄/ဘကလ(နိုင်)၂၁၇၀၈၈]**
**အမှတ်(ခ) ၁၂၁၂၊ ကြံတိုင်းအောင် ၄-လမ်း၊**
**အမှတ်(၈) ရပ်ကွက်၊ ဘိုကလေးမြို့။**

## "ဦးဖုန်းမြင့်မြတ်[၁၂/မဂဒ(နိုင်)၁၉၀၆၅၇]နှင့် အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာဈေး၊ သုဓမ္မာလမ်း၊ $CC_2$-32, 33တွင် တည်ရှိသော HERCULES LOGISTICS COMPANY LIMITED ၏ Managing Director ဦးထွန်းမင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးဖုန်းမြင့်မြတ်[၁၂/မဂဒ(နိုင်)၁၉၀၆၅၇]နှင့် အများသိစေရန် ကြေညာအပ်ပါသည်-

လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေ HERCULES LOGISTICS COMPANY LIMITED တွင် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂၆)ရက်မှစ၍ ယာဉ်အကူ(စပယ်ယာ)အဖြစ် ဝင်ရောက်လုပ်ကိုင်သူဖြစ်ကြောင်းနှင့် (၁၉-၅-၂၀၂၂)ရက် ည(၈:၂၅)နာရီတွင် 2P/5646(၆ဘီး)ကားယာဉ်ပေါ်၌ ပဲခူးမှ အမှတ်(၃)လမ်းဆုံ တိုးဂိတ်အကျော်သို့ သွားရာလမ်းကြောင်းတွင် ယာဉ်မောင်း ဦးချစ်ဦးမောင်(ဘ)ဦးသောင်းလှိုင် မောင်းနှင်ရမည့် ယာဉ်အား လူကြီးမင်းမှ ဦးချစ်ဦးမောင်၏ ခွင့်ပြုချက်ဖြင့် မောင်းနှင်ခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရသိရှိရပြီး၊ အဆိုပါ HERCULES LOGISTICS COMPANY LIMITED ပိုင် 2P/5646 (၆ဘီး)ယာဉ်မှာ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းဆုံ၊ တိုးဂိတ်အကျော်တွင်ရှိသော Denko ဆီဆိုင်ဝင်းအတွင်းတွင် ညအိပ်ရပ်နားထားသောယာဉ်အား အရှိန်မထိန်းနိုင်ဘဲ လူကြီးမင်း၏ ပေါ့လျော့မှု၊ ပေါ့ဆမှု၊ လစ်ဟင်းမှု၊ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ဝင်ရောက်တိုက်မိခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ HERCULES LOGISTICS COMPANY LIMITED မှ အဆိုပါယာဉ်အား ကျေနပ်သည်အထိ လူမှုရေးအရ တောင်းပန်ခဲ့ရပြီး၊ ပြန်လည် ပြင်ဆင်စရိတ်ငွေကျပ် ၁၀,၀၀,၀၀၀/ (ငွေကျပ်တစ်ဆယ်သိန်းတိတိ) ပေးလျော်ခဲ့ပြီးနောက် ကျွန်ုပ်၏မိတ်ဆွေ HERCULES LOGISTICS COMPANY LIMITED ပိုင် (2P/5646)ယာဉ်ပေါ်တွင် ပါလာသော Jotun ဆေးပုံးများပျက်စီးမှုအတွက် ငွေကျပ် ၁၀၀,၀၀,၀၀၀/-(ငွေကျပ်သိန်းတစ်ရာတိတိ)နှင့် ကျွန်ုပ်မိတ်ဆွေ HERCULES LOGISTICS COMPANY LIMITED ပိုင်ယာဉ်ဖြစ်သော (2P/5646) ယာဉ်ပြုပြင် ပြင်ဆင်စရိတ်ငွေကျပ် ၄၀,၀၀,၀၀၀/-(ငွေကျပ်သိန်းလေးဆယ်တိတိ) စုစုပေါင်းငွေကျပ် ၁၅၀,၀၀,၀၀၀/- (ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)ကို လူကြီးမင်း၏ ပေါ့လျော့မှု၊ ပေါ့ဆမှု၊ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ဆုံးရှုံးနစ်နာပေးလျော်ခဲ့ရကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

လူကြီးမင်းဘက်မှ အထက်ဖော်ပြပါ အကြောင်းအရာများဖြစ်ပွားခဲ့သော (၂၅-၅-၂၀၂၂)ရက် နောက်ပိုင်းများတွင် ကုမ္ပဏီသို့လာရောက်ပြီး ဖြေရှင်းဆောင်ရွက်ခြင်းမရှိဘဲ လုပ်ငန်းခွင်သို့ လာရောက်ခြင်းမရှိတော့ဘဲ တိမ်းရှောင်နေကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ပါ၍ လူကြီးမင်းမှ ကျွန်ုပ်၏မိတ်ဆွေ HERCULES LOGISTICS COMPANY LIMITEDမှ စိုက်ထုတ်ပေးလျော်ခဲ့ရသော ငွေကျပ် ၁၅၀,၀၀,၀၀၀/-(ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)ကို ယနေ့မှစ၍ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း (မပျက်မကွက်) မည်ကဲ့သို့ စိုက်ထုတ်ပေးလျော်မည်ဖြစ်ကြောင်းလာရောက်ဆက်သွယ်ရန်နှင့် ကုမ္ပဏီမှ ဆုံးရှုံးခဲ့ရသောငွေများ ပြန်လည်ပေးလျော်ရန် သတ်မှတ်ရက်အတွင်း လိုက်နာခြင်းမရှိဘဲ ပျက်ကွက်လျှင် ဥပဒေနှင့်အညီ တရားမကြောင်းအရ၊ ပြစ်မှုကြောင်းအရ အရေးယူအပြစ်ပေးနိုင်ရန် HERCULES LOGISTICS COMPANY LIMITEDမှ လွှဲအပ်ညွှန်ကြားထားကြောင်း ဦးဖုန်းမြင့်မြတ်[၁၂/မဂဒ(နိုင်)၁၉၀၆၅၇]နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**HERCULES LOGISTICS COMPANY LIMITED၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L.,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

**ဥတုရာသီ တောကိုမှီ၏**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်း ၁၅၁ ခုနှင့် ပုဂ္ဂလိကပိုင်ပစ္စည်း ၇၉ ခုတို့ ပျက်စီးဆုံးရှုံးခဲ့ရ

**နေပြည်တော် နိုဝင်ဘာ ၂၈**

CRPH နှင့် NUG အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သော ဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့် သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတော်ပိုင်ပစ္စည်းများနှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❒






ကြည့်မြင်တိုင်မြို့နယ် YBS (၈၉) ကားဂိတ်မှ ယာဉ်ငါးစီး မီးလောင်မှု။

# ဘာစီလိုနာအသင်း စပိန်လာလီဂါအဝေးကွင်းပွဲစဉ်တွင် ပထမဆုံး နိုင်ပွဲရရှိ



ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ် (၁၄) အဖြစ် ဗီလာရီးယဲလ်အသင်းရဲ့ အိမ်ကွင်းကို သွားရောက်ကစားခဲ့ရာ ဗီလာရီးယဲလ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါ အဝေးကွင်းပွဲစဉ်တွင် ပထမဆုံးနိုင်ပွဲရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဗီလာရီးယဲလ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ဟာ ပထမပိုင်း ပွဲကစားချိန်အတွင်းမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း ပွဲကစားချိန် ၄၈ မိနစ်ရောက်မှသာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ဘာစီလိုနာအသင်းက ဒီဂျောင်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပါတယ်။

ဗီလာရီးယဲလ်အသင်းဟာ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးပြန်လည်ရရှိရေးအတွက် ပွဲကစားချိန် ၆၅ မိနစ်မှာ ကစားသမားနှစ်ဦးကို တစ်ပြိုင်တည်း လူစားလဲမှုပြုလုပ်ခဲ့ပြီး ပွဲကစားချိန်

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**




**အစ္စရေးနိုင်ငံက အာဖရိကနိုင်ငံ ၅၀ သို့ ခရီးသွားခြင်းကို ပိတ်ပင်ထားမြစ်**

စာမျက်နှာ ၁၃



**ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် တရားခံများအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ ၁၄

## ဆူဇူကီးဖလားပြိုင်ပွဲတွင် ကန့်သတ်အရေအတွက်ဖြင့် ပရိသတ်များ ကြည့်ရှုခွင့်ရရှိမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

စင်ကာပူနိုင်ငံ၌ ကျင်းပမည့် ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် ပရိသတ်များ ကန့်သတ်အရေအတွက်ဖြင့် ကြည့်ရှုခွင့်ရရှိမည်ဖြစ်သည်။

**ကြည့်ရှုခွင့်ပြုသွားမည်**

၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်အားလုံးကို စင်ကာပူနိုင်ငံ၌ ပြုလုပ်မည်ဖြစ်သည်။ နောက်ဆုံးအဆင့်တွင် အသင်းစုစုပေါင်း ၁၀ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က)တွင် ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမော၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲတို့ကို စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်းနှင့် ဘစ်ရှန်ကွင်းတို့၌ ပြုလုပ်မည်ဖြစ်ပြီး ကွင်းဝင်ဆံ့သည့် ပရိသတ်ဦးရေ၏ ၁၀ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၂၀ အကြား ကြည့်ရှုခွင့်ပြုသွားမည်ဖြစ်သည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❍